http://www.dhammadownload.com

သတိပဋ္ဌာန်ကျောင်းတိုက်

လွယ်ကူလေ့လာ

# အသုံးချ အဘိဓမ္မာ

(ဒုတိယတွဲ)

(ရုပ်+သမုစ္စည်း+ပစ္စည်း+ကမ္မဋ္ဌာန်း)

**အရှင်ဏ္ဍြိယ(သျှင်မိုးဝေ)**

သာသနာ ၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

http://www.dhammadownload.com

လွယ်ကူလေ့လာ

# အသုံးချ အဘိဓမ္မာ

## လေ့လာသင်ယူရခြင်းအကျိုး

- အခွံကို နွှာ၍ အသားကို စားသကဲ့သို့၊ ပညတ်ကို ခွာ၍ ပရမတ်ကို သိနိုင်မည်။
- လောကသစ္စာ ခရောင်းလမ်းကို ဖြတ်သန်း၍ ဓမ္မသစ္စာ ပန်းခင်းလမ်းသို့ လျှောက်လှမ်းနိုင်မည်။
- မမြင်မစမ်း အန္ဓပုထုဇဉ် သူကန်းဘဝပျောက်၍ ရုပ်နာမ်သိမြင် ကလျာဏပုထုဇဉ်ဘဝ ရောက်မည်။
- သင်သာသင် မပြင်၍မလှ "သညာသိ"ဘဝမှ သင်လည်းသင် ပြင်လည်းပြင်၍ လှသော "ပညာသိ"ဘဝသို့ ရောက်ရှိမည်။

အဘိဓမ္မာ အသုံးချ လွယ်ကူလေ့လာ

http://www.dhammadownload.com

လွယ်ကူလေ့လာ

# အသုံးချအဘိဓမ္မာ

## (ဒုတိယတွဲ)

(ရုပ်+သမုစ္စည်း+ပစ္စည်း+ကမ္မဋ္ဌာန်း)

**အရှင်တ္တြိဒ္ဒယ(ချုင်မိုးဝေ)**

သတိပဋ္ဌာန်ကျောင်းတိုက်၊
အမှတ်(၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၅၄၀၁၇၇၄၊ ၀၉၄၂၁၁၄၉၈၃၀။

သာသနာ ၂၅၅၅၊ ကောဇာ- ၁၃၇၃၊ ခရစ်-၂၀၁၁။

http://www.dhammadownload.com

"ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သကဲ့သို့၊
သူတော်ကောင်းတရားသည်
သူတော်ကောင်းတို့ နှလုံးသား၌သာ တည်ပါ၏။"

## ပုံနှိပ်မှတ်တမ်း

◆ ◆ ◆

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)ဖြင့်
ထုတ်ဝေခွင့်ပြု၍
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
အမှတ်(၁၈၄၊ဘီ)(၃၁)လမ်း
ဦးဇော်မြင့်ဝင်း
ကားသာခုံပုံနှိပ်တိုက်မှ
ပုံနှိပ်ထုတ်ဝေသည်။
ပထမကြိမ်၊၂၀၁၂၊ဇန်နဝါရီလ။
အုပ်ရေ(၁၀၀၀)

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## (၆)ရုပ်ပိုင်း


| | | |
|---|---|---|
| ၁။ | ရုပ်၏သဘော | ၁ |
| ၂။ | ရုပ်သင်္ဂဟ(၅)မျိုး | ၁ |
| ၃။ | (၁)ရူပသမုဒ္ဒေသ(ရုပ်တို့ကိုအကျဉ်းရေတွက်ပြခြင်း) | ၂ |
| ၄။ | ရုပ်(၂၈)ပါးသရုပ် | ၂ |
| ၅။ | ရုပ်(၂၈)ပါးအကျယ်(၁၁)မျိုး | ၂ |
| ၆။ | မဟာဘုတ်(၄)ပါး | ၃ |
| ၇။ | ဥပါဒါရုပ်(၂၄)ပါး | ၃ |
| ၈။ | ပသာဒရုပ်(၅)ပါး | ၃ |
| ၉။ | ဂေါစရရုပ်(၇)ပါး | ၅ |
| ၁၀။ | ဘာဝရုပ်(၂)ပါး | ၅ |
| ၁၁။ | ဟဒယရုပ်(၁)ပါး | ၅ |
| ၁၂။ | ဇီဝိတရုပ်(၁)ပါး | ၆ |
| ၁၃။ | အာဟာရရုပ်(၁)ပါး | ၆ |
| ၁၄။ | ပရိစ္ဆေဒရုပ်(၁)ပါး | ၆ |
| ၁၅။ | ဝိညတ်ရုပ်(၂)ပါး | ၇ |
| ၁၆။ | ဝိကာရရုပ်(၅)ပါး | ၇ |
| ၁၇။ | လက္ခဏာရုပ်(၄)ပါး | ၇ |
| ၁၈။ | နိပ္ဖန္နရုပ်(၁၈)ပါး | ၈ |
| ၁၉။ | အနိပ္ဖန္နရုပ်(၁၀)ပါး | ၉ |
| ၂၀။ | (၂)ရူပဝိဘာဂ(ရုပ်တို့ကိုအကျယ်ဝေဖန်ခြင်း) | ၁၀ |
| ၂၁။ | ရုပ်(၂၈)ပါး၏သဘာဝများ | ၁၀ |

http://www.dhammadownload.com




၂၂။ ရုပ်တို့ကို (၂)မျိုးစီ ခွဲဝေပုံများ ၁၁
၂၃။ (၃)ရူပသမုဋ္ဌာန(ရုပ်တို့၏ဖြစ်ကြောင်းများ) ၁၂
၂၄။ ရုပ်ဖြစ်ကြောင်းတရား(၄)ပါး ၁၂
၂၅။ အကြောင်းအကျိုး တွဲစပ်ပုံအကျယ် ၁၂
၂၆။ (၁)ကံကြောင့်ဖြစ်သော ကမ္မဇရုပ်(၁၈)ပါး ၁၃
၂၇။ (၂)စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်(၁၅)ပါး ၁၄
၂၈။ (၃)ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်(၁၃)ပါး ၁၅
၂၉။ (၄)အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်(၁၂)ပါး ၁၆
၃၀။ ရုပ်(၂၈)ပါးနှင့်ဖြစ်ကြောင်းတရားများ ၁၆
၃၁။ (၄)ရူပကလာပ(ရုပ်တို့၏အဖွဲ့အစည်းများ) ၁၇
၃၂။ ရုပ်ကလာပ်တစ်ခု၏ အင်္ဂါ(၃)ပါး ၁၇
၃၃။ ရုပ်ကလာပ်ပေါင်း (၂၁)စည်း ၁၇
၃၄။ ကံကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ ၁၇
၃၅။ စိတ်ကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ ၁၈
၃၆။ ဥတုကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ ၂၀
၃၇။ အာဟာရကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ ၂၁
၃၈။ (၅)ရူပသမုဋ္ဌာန(ရုပ်တို့၏ဖြစ်စဉ်များ) ၂၃
၃၉။ သတ္တဝါ ယောနိ (၃)မျိုး ၂၄
၄၀။ ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ ၂၅
၄၁။ ကလလရေကြည်ဟူသည် ၂၆
၄၂။ ဘဝတစ်ခု၌ ရုပ်(၄)မျိုးတို့အစဦးဆုံးဖြစ်ပေါ်ချိန်များ ၂၇
၄၃။ ဘဝတစ်ခု၌ ရုပ်(၄)မျိုးတို့နောက်ဆုံးချုပ်ပျက်ချိန်များ ၂၇
၄၄။ ရူပဗြဟ္မာဘုံ၌ ရုပ်ဖြစ်စဉ်များ ၂၇
၄၅။ စုတေခြင်း(သေခြင်း)ဟူသည် ၂၈
၄၆။ ရုပ်သံသရာလည်ပုံ ၂၉
၄၇။ နိဗ္ဗာန်အကြောင်း ၂၉

http://www.dhammadownload.com



## (၇)သမုစ္စည်းပိုင်း


| | | |
|---|---|---|
| ၄၈။ | သမုစ္စည်းဟူသည် | ၃၀ |
| ၄၉။ | သလက္ခဏ-ဝတ္ထုဓမ္မတရားများ | ၃၁ |
| ၅၀။ | သမုစ္စည်းသင်္ဂဟ(၄)မျိုး | ၃၁ |
| ၅၁။ | (၁)အကုသလသင်္ဂဟ | ၃၂ |
| ၅၂။ | အာသဝ(၄)ပါး | ၃၂ |
| ၅၃။ | ဩဃ(၄)ပါး | ၃၂ |
| ၅၄။ | ယောဂ(၄)ပါး | ၃၃ |
| ၅၅။ | ဂန္ထ(၄)ပါး | ၃၃ |
| ၅၆။ | ဥပါဒါန်(၄)ပါး | ၃၄ |
| ၅၇။ | နီဝရဏ(၆)ပါး | ၃၅ |
| ၅၈။ | အနုသယ(၇)ပါး | ၃၅ |
| ၅၉။ | သံယောဇဉ်တရား(၁၀)ပါး | ၃၆ |
| ၆၀။ | ကိလေသာတရား(၁၀)ပါး | ၃၇ |
| ၆၁။ | (၂)မိဿသသင်္ဂဟ | ၃၉ |
| ၆၂။ | ဟိတ်တရား(၆)ပါး | ၃၉ |
| ၆၃။ | ဈာနင်တရား(၇)ပါး | ၄၀ |
| ၆၄။ | မဂ္ဂင်တရား(၁၂)ပါး | ၄၁ |
| ၆၅။ | ဣန္ဒြေ(၂၂)ပါး | ၄၂ |
| ၆၆။ | ဗိုလ်(၉)ပါး | ၄၃ |
| ၆၇။ | အဓိပတိ(၄)ပါး | ၄၄ |
| ၆၈။ | အာဟာရ(၄)ပါး | ၄၅ |
| ၆၉။ | (၃)ဗောဓိပက္ခိယသင်္ဂဟ | ၄၇ |
| ၇၀။ | သတိပဋ္ဌာန်(၄)ပါး | ၄၈ |
| ၇၁။ | သမ္မပ္ပဓာန်(၄)ပါး | ၄၈ |
| ၇၂။ | ဣဒ္ဓိပါဒ်(၄)ပါး | ၄၉ |
| ၇၃။ | ဣန္ဒြေ(၅)ပါး/ဗိုလ်(၅)ပါး | ၅၀ |

http://www.dhammadownload.com



၇၄။ ဗောဇ္ဈင်(၇)ပါး ၅၀
၇၅။ မဂ္ဂင်(၈)ပါး ၅၁
၇၆။ (၄)သဗ္ဗသင်္ဂဟ ၅၃
၇၇။ ခန္ဓာ(၅)ပါး ၅၃
၇၈။ ဥပါဒါနက္ခန္ဓာငါးပါး ၅၄
၇၉။ ဥပါဒါန်ခန္ဓာနှင့်အနုပါဒါနခန္ဓာအထူး ၅၅
၈၀။ အာယတန(၁၂)ပါး ၅၆
၈၁။ ဓာတ်(၁၈)ပါး ၅၇
၈၂။ သစ္စာ(၄)ပါး ၅၈
၈၃။ သစ္စာသိမြင်ပုံ ၅၉
၈၄။ သစ္စာဝိမုတ် ၅၉

## (၈)ပစ္စည်းပိုင်း

၈၅။ ပစ္စည်းဟူသည် ၉၁
၈၆။ ပစ္စည်းနှင့်ပစ္စယုပ္ပန် ၆၁
၈၇။ နည်း(၂)နည်း ၆၁
၈၈။ ပဋိစ္စသမုပ္ပါဒ်နည်း ၆၂
၈၉။ (၁)အဝိဇ္ဇာပစ္စယာ သင်္ခါရာ ၆၃
၉၀။ (၂)သင်္ခါရပစ္စယာ ဝိညာဏံ ၆၄
၉၁။ (၃)ဝိညာဏပစ္စယာ နာမရူပံ ၆၅
၉၂။ (၄)နာမရူပပစ္စယာ သဠာယတနံ ၆၅
၉၃။ (၅)သဠာယတနပစ္စယာ ဖဿော ၆၆
၉၄။ (၆)ဖဿပစ္စယာ ဝေဒနာ ၆၆
၉၅။ (၇)ဝေဒနာပစ္စယာ တဏှာ ၆၆
၉၆။ (၈)တဏှာပစ္စယာ ဥပါဒါနံ ၆၆
၉၇။ (၉)ဥပါဒါနပစ္စယာ ဘဝေါ ၆၇
၉၈။ (၁၀)ဘဝပစ္စယာ ဇာတိ ၆၈

http://www.dhammadownload.com

# (၆)ရုပ်ပိုင်း

(ဖောက်ပြန်မှုသဘောများ)

♦ ♦ ♦

**ရုပ်၏သဘော**

အအေး၊အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်မှုသဘောသည် 'ရုပ်' မည်၏။

စိတ်စေတသိက်တို့သည် အထည်ကိုယ်ခြပ် ထင်ရှားမရှိရကား အထည်ခြပ် ထင်ရှားရှိသော ရုပ်ပရမတ်တို့၌ မှီ၍ ဖြစ်ကြရ၏။ ထိုရုပ်ပရမတ်သည် (၂၈)ပါးရှိ၏။

## ရုပ်သင်္ဂဟ(၅)မျိုး

၁။ ရူပ **သမုဒ္ဒေသ**- ရုပ်တို့ကို အကျဉ်းချုပ်ပြခြင်း၊
၂။ ရူပ **ဝိဘာဂ**- ရုပ်တို့ကို အကျယ်ဝေဖန်ပြခြင်း၊
၃။ ရူပ **သမုဋ္ဌာန**- ရုပ်တို့၏ ဖြစ်ကြောင်းကိုပြခြင်း၊
၄။ ရူပ **ကလာပ**- ရုပ်တို့ကို ပေါင်းစည်းမှုကိုပြခြင်း၊
၅။ ရူပ **ပဝတ္တိက္ကမ**- ရုပ်တို့၏ ဖြစ်စဉ်ကိုပြခြင်း၊

**လက်တွေ့အသုံးချပုံ**

ပထဝီရုပ်သည် ခက်မာမှုသဘော ဖြစ်၏။ ထိုသဘောသည် အအေးကြောင့်လည်း ပြောင်းလဲ၍ ဖြစ်၏။ အပူကြောင့်လည်း ပြောင်းလဲ၍ ဖြစ်၏။ ထိုသို့ ပြောင်းလဲ၍ ဖြစ်မှုကိုပင် ဖောက်ပြန်ခြင်း 'ရုပ်'ဟု ခေါ်ဝေါ် ပညတ်ခြင်း ဖြစ်၏။

http://www.dhammadownload.com



# (၁)ရူပသမုဒ္ဒေသ

(ရုပ်တို့ကို အကျဉ်းရေတွက်ပြခြင်း)

♦♦♦

## ရုပ်(၂၈)ပါးသရုပ်

ရုပ်တရားတို့သည် အချုပ်အားဖြင့် မဟာဘုတ်ရုပ်(၄)ပါး၊ ဥပါဒါရုပ်(၂၄)ပါး ဟူ၍ (၂)မျိုးသာ ရှိ၏။ အကျယ်အားဖြင့် (၁၁)မျိုး ကွဲပြား၏။ သရုပ်အားဖြင့်ကား ရုပ်(၂၈)မျိုး ဖြစ်၏။

| ရုပ်(၂၈)ပါး | |
|---|---|
| ဘူတရုပ်(၄)ပါး | ဥပါဒါရုပ်(၂၄)ပါး |

### ရုပ်(၂၈)ပါး-အကျယ်(၁၁)မျိုး

| (၁)မဟာဘုတ်ရုပ်၄ပါး | (၁)ဘူတရုပ် ၄ ပါး |
|---|---|
| (၂)ဥပါဒါရုပ်-၂၄-ပါး | (၂)ပသာဒရုပ် ၅ ပါး<br>(၃)ဂေါစရရုပ် ၇ ပါး<br>(၄)ဘာဝရုပ် ၂ ပါး<br>(၅)ဟဒယရုပ် ၁ ပါး<br>(၆)ဇီဝိတရုပ် ၁ ပါး<br>(၇)အာဟာရရုပ် ၁ ပါး<br>(၈)ပရိစ္ဆေဒရုပ် ၁ ပါး<br>(၉)ဝိညတ်ရုပ် ၂ ပါး<br>(၁၀)ဝိကာရရုပ် ၅ ပါး<br>(၁၁)လက္ခဏာရုပ် ၄ ပါး |

### မဟာဘုတ်၏သဘော

အခြားသောရုပ်များထက် သဘောလက္ခဏာ၊ အထည်ကိုယ်ခြပ် ကြီးကျယ်ထင်ရှားသောကြောင့် 'မဟာဘုတ်'(ဘူတရုပ်)ဟု ခေါ်၏။

http://www.dhammadownload.com



## မဟာဘုတ်ရုပ်(၄)ပါး

| (၁)ပထဝီ | (၂)အာပေါ | (၃)တေဇော | (၄)ဝါယော |
|---|---|---|---|
| မာ/ပျော့ | ဖွဲ့/ယို | ပူ/အေး | တွန်း/ကန် |

### ဥပါဒါရုပ်၏သဘော

မဟာဘုတ်ရုပ်(၄)ပါး၌ မှီတွယ်၍ဖြစ်ရသောကြောင့် 'ဥပါဒါရုပ်'ဟု ခေါ်၏။ ထိုဥပါဒါရုပ်တို့သည် (၂၄)ပါး ရှိ၏။ (စေတသိက်ကဲ့သို့ရုပ်မျိုးတည်း။)

### ဥပါဒါရုပ်(၂၄)ပါး

(၁)ပသာဒရုပ် ၅ ပါး
(၂)ဂေါစရရုပ် ၇ ပါး(၄-ပါးသာယူ)
(၃)ဘာဝရုပ် ၂ ပါး
(၄)ဟဒယရုပ် ၁ ပါး
(၅)ဇီဝိတရုပ် ၁ ပါး
(၆)အာဟာရရုပ် ၁ ပါး
(၇)ပရိစ္ဆေဒရုပ် ၁ ပါး
(၈)ဝိညတ်ရုပ် ၂ ပါး
(၉)ဝိကာရရုပ် ၅ ပါး(၃-ပါးသာယူ)
(၁၀)လက္ခဏာရုပ် ၄ ပါး

### (၁)ပသာဒ၏သဘော

မဟာဘုတ်ရုပ်(၄)ပါးကို ကြည်လင်စေတတ်သောကြောင့် 'ပသာဒ' မည်၏။

### ပသာဒရုပ်(၅)ပါး

| စက္ခုပသာဒ | သောတပသာဒ | ဃာနပသာဒ | ဇိဝှါပသာဒ | ကာယပသာဒ |
|---|---|---|---|---|
| မျက်စိအကြည် | နားအကြည် | နှာခေါင်းအကြည် | လျှာအကြည် | ကိုယ်အကြည် |

၁။စက္ခုပသာဒသည် မျက်လုံးအတွင်း မျက်နက်ဝန်း၏အလယ် သူငယ်ရိပ်

http://www.dhammadownload.com



ထင်ရာအရုပ်၌ ပျံ့နှံ့တည်၏။

၂။သောတပသာဒသည် နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဍာန်ရှိသော အရုပ်၌ ပျံ့နှံ့တည်၏။

၃။ဃာနပသာဒသည် နှာခေါင်းပေါက်အတွင်း ဆိတ်ခွာသဏ္ဍာန်ရှိသော အရုပ်၌ ပျံ့နှံ့တည်၏။

၄။ဇိဝှါပသာဒသည် မျက်လုံးအတွင်း မျက်နက်ဝန်း၏အလယ် သူငယ်ရိပ် ထင်ရာအရုပ်၌ ပျံ့နှံ့တည်၏။

၅။ကာယပသာဒသည် အသားမာ၊အရေခြောက်၊ခြေသည်းလက်သည်းဖျား၊ ဆံပင်မွေးဖျားများမှတစ်ပါး တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်၏။

## လက်တွေ့အသုံးချပုံ

စက္ခု-မျက်စိ၊ ပသာဒ-အကြည်၊ နှစ်ပုဒ်ပေါင်း၍ မျက်စိအကြည်ဓာတ်ကို 'စက္ခုပသာဒ' ခေါ်၏။ မျက်စိသည် သသမ္ဘာရစက္ခု-အသားဆိုင်မျက်စိ၊ ပသာဒ စက္ခု-အကြည်ဓာတ်မျက်စိဟု (၂)မျိုး ရှိ၏။ ပညတ်အခေါ်အနေဖြင့် အသားဆိုင်ကို မျက်စိ ခေါ်ရ၏။ ပရမတ်သဘောအမြင်မှာ အကြည်ဓာတ်သဘောကိုသာ မျက်စိဟု ခေါ်၏။ တစ်နည်းအားဖြင့် အသားဆိုင်မျက်စိသည် မရှိပညတ်ဖြစ်၍ အကြည်ဓာတ် သဘောကသာ အရှိပရမတ်ရုပ် ဖြစ်၏။

## ပသာဒတို့၏အစွမ်း

ပသာဒရုပ်(၅)မျိုးတို့သည် မိမိတို့မှီရာဖြစ်သော မဟာဘုတ်တို့ကို ကိုယ်စီ ကိုယ်စီ ကြည်လင်စေနိုင်စွမ်း ရှိကြ၏။

ဥပမာ-မျက်စိအကြည်ဓာတ်သည် ယင်းအကြည်ဓာတ်၏မှီရာ မဟာဘုတ် (၄)ပါးတို့ကို ကြည်လင်စေ၏။ ကြည်လင်မှုကြောင့်လည်း အဆင်းကို မြင်နိုင် အောင် စွမ်းဆောင်ပေးနိုင်၏။ ရေကြည်မှုဖြစ်လတ်သော် ရေအောက်ရှိအရာဝတ္ထု တို့ကို မြင်နိုင်သကဲ့သို့တည်း။

## (၂)ဂေါစရ၏သဘော

ပဥ္စဝိညာဏ်၏ ကျက်စားရာ(အာရုံ)များဖြစ်သောကြောင့် 'ဂေါစရ' မည်၏။

http://www.dhammadownload.com



ဂေါစရရုပ်(၇)ပါး

| ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ | ရသာရုံ | ဖောဋ္ဌဗ္ဗာရုံ(၃) |
|---|---|---|---|---|
| အဆင်း | အသံ | အနံ့ | အရသာ | အတွေ့ (ပထဝီ၊တေဇော၊ဝါယော) |

လင်္ကာ။ အာပေါ်ခလေ့၊ လွန်သိမ်မွေ့သဖြင့်၊ ထိတွေ့စမ်းသပ်၊မရအပ်၊ဖောဋ္ဌဗ်မမည်ကိုက်။

## လက်တွေ့အသုံးချပုံ

စိတ်၊စေတသိက်တို့၏ ကျက်စားရာ အာရုံ(၆)ပါးတို့တွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးတို့သည် ဤဂေါစရရုပ်တို့ပင်တည်း။

ပသာဒရုပ်ငါးပါးတို့၌ မှီရာပြု၍ ဖြစ်ခွင့်ရကြသော ပဉ္စဝိညာဏ်ငါးမျိုးတို့သည် ထိုဂေါစရရုပ်(၇)ပါးဟူသော အာရုံငါးပါးတို့ကို အာရုံပြုကြ၏။ ထိုဂေါစရရုပ်(၇)ပါးတို့၌ ကျက်စားလေ့ရှိကြ၏။ ထို့ကြောင့် ဂေါစရ(အာရုံ/စားကျက်)ရုပ်ဟု ခေါ်ခြင်း ဖြစ်၏။

## (၄)ဘာဝရုပ်၏သဘော

အထီး၊အမဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောကြောင့် 'ဘာဝရုပ်' မည်၏။

ဘာဝရုပ်(၂)ပါး

| ဣတ္ထိဘာဝရုပ် | ပုမ္ဘာဝရုပ် |
|---|---|
| မိန်းမဖြစ်ကြောင်းရုပ် | ယောက်ျားဖြစ်ကြောင်းရုပ် |

ဣတ္ထိဘာဝရုပ်သည် အမသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက် တည်၏။ ပုရိသ(ပုံ)ဘာဝရုပ်သည် အထီးသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက် တည်၏။

မိန်းမ၊ယောက်ျားတို့၏ အသွင်၊ အပြုအမူ၊အကြောင်းအနိမိတ်စသည်တို့သည် ထိုရုပ်တို့၏ သိကြောင်းလက္ခဏာတို့ပေတည်း။

## (၅)ဟဒယရုပ်(၁)ပါး

စိတ်စေတသိက်တို့၏ တည်မှီဖြစ်ရာ ရုပ်သည် 'ဟဒယ' မည်၏။ ဟဒယရုပ်သည် သားမြတ်နှစ်ခု၏အလယ်ရှိ နှလုံးအိမ်အတွင်း၊ ပုန်းညက်

http://www.dhammadownload.com



စေ့ခန့်ပမာဏရှိသော တွင်းငယ်၌ တစ်လက်ဖွန်းခွဲမျှလောက်သော သွေးများကို ပျံ့နှံ့လျက် ဖြစ်တည်၏။ (လက်ဝဲရင်အုံအောက်၌ ရှိသော နှလုံးသားကို အဘိဓမ္မာမှာ ဟာဒယရုပ်ဟု မဆိုပါ။)

## (၆)ဇီဝိတရုပ်(၁)ပါး

ကံကြောင့်ဖြစ်သော ရုပ်တို့၏ အသက်ဖြစ်သောရုပ်သည် 'ဇီဝိတ' မည်၏။

ထိုဇီဝိတရုပ်သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့ဖြစ်တည်၏။

ဇီဝိတ-ဟူသည် အသက်ရှင်ကြောင်းသဘော ဖြစ်၏။ ရုပ်တို့၌လည်း ဇီဝိတရှိသကဲ့သို့၊ နာမ်တို့၌လည်း ဇီဝိတ ရှိ၏။ ထိုဇီဝိတကြောင့်ပင် ရုပ်နာမ်တို့ အသက်ရှင်သန်နေမှု ဖြစ်ကြသည်။

## တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်သောရုပ်များ

ဘာဝရုပ်၊ ကာယပသာဒရုပ်၊ ဇီဝိတရုပ်နှင့် သုက်၊သွေး၊ သည်းခြေတို့သည် အစိုကာယရှိသမျှ အနှံ့ဖြစ်တည်ကြ၏။ (အခြေပြုသင်္ဂြိုဟ်)

## (၇)အာဟာရရုပ်(၁)ပါး

အစားအစာတို့၌ပါသော အဆီအနှစ် အစေးသြဇာသည် 'အာဟာရ' မည်၏။

အချို၊အချဉ်စသော အရသာ(၆)ပါးကို ရသာရုံ ဟုခေါ်၏။ နေ့စဉ်စားသုံးသမျှ အစားအစာတို့၌ပါသော အဆီအနှစ်သြဇာဓာတ်ကို အာဟာရရုပ် ခေါ်၏။

## (၈)ပရိစ္ဆေဒရုပ်(၁)ပါး

ရုပ်ကလာပ်တို့ တစ်ခုနှင့်တစ်ခု မရောယှက်ရအောင် ပိုင်းခြားပေးတတ်သော အပေါက်အကြား(အာကာသ+ဟင်းလင်း)သည် 'ပရိစ္ဆေဒ' မည်၏။

အာကာသဓာတ်ခေါ် ပရိစ္ဆေဒရုပ်သည် ပရမတ်အစစ်မဟုတ်။ ရုပ်ကလာပ်နှစ်ခုဖြစ်ပေါ်လာသည့်အခါ အလိုလိုပေါ်လာသော ပညတ်မျှ ဖြစ်၏။

ဥပမာ-လက်နှစ်ချောင်းပူးကြည့်ပါက ပေါ်လာသော အကြားအရပ်ကဲ့သို့တည်း။ ဝိညတ်ရုပ်စသော အနိပ္ဖန္နရုပ်(၁၀)ပါးလုံးသည် ထိုနည်းတူပင်။

http://www.dhammadownload.com



### (၉)ဝိညတ်ရုပ်(၂)ပါး

မိမိအလိုဆန္ဒကို သူတစ်ပါးတို့ သိစေကြောင်း အမူအရာထူးသည် 'ဝိညတ်' မည်၏။ (လှုပ်ရှားမှုသတ္တိ)

| (၁)ကာယဝိညတ် | (၂)ဝစီဝိညတ် |
|---|---|
| ကိုယ်ဖြင့်သိစေသောအမူအရာ | နှုတ်ဖြင့်သိစေသော အမူအရာ |

ဥပမာ- လက်ယက်ခေါ်ရာ၌ 'ငါ့ကိုခေါ်သည်'ဟု သူတစ်ပါးသိနိုင်သော ထိုအမူအရာသည်ပင် ကာယဝိညတ်ရုပ် ဖြစ်၏။ စကားဖြင့် လှမ်းခေါ်ရာ၌လည်း ထိုနည်းတူ စကားသံ၌ပါသော အမူအရာသည်ပင် ဝစီဝိညတ်ရုပ် ဖြစ်၏။

### (၁၀)ဝိကာရရုပ်(၅)ပါး

နဂိုနှင့်မတူ တစ်မူထူးခြားသော အမူအရာများသည် 'ဝိကာရ' မည်၏။

| ရူပဿ-လဟုတာ | ရူပဿ-မုဒုတာ | ရူပဿ-ကမ္မညတာ |
|---|---|---|
| ရုပ်ခန္ဓာ၏ ပေါ့ပါးမှု | ရုပ်ခန္ဓာ၏ နူးညံ့မှု | ရုပ်ခန္ဓာ၏အမှု၌သွက်လက်မှု |
| ကာယဝိညတ် | ဝစီဝိညတ် | |

### ရူပဿ-အရ တိဇရုပ်သာ ဖြစ်ရခြင်း

ရုပ်တို့သည် ကံ၊စိတ်၊ဥတု၊အာဟာရဟူသော အကြောင်း(၄)ပါးကြောင့် ဖြစ်ရသော်လည်း ဤဝိကာရရုပ်(၃)မျိုးတို့သည် အတိတ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့တွင်မရှိ။ ပစ္စုပ္ပန် စိတ်၊ဥတု၊ အာဟာရတို့ကြောင့်သာ ဖြစ်သောကြောင့် တိဇရုပ်မျိုး ဖြစ်၏။

ဥပမာ-အထိုင်ကြာ၍ ညောင်းညာလာသောအခါ လမ်းလျှောက်လျှင် ပေါ့ပါးသောရုပ်တို့ဖြစ်သကဲ့သို့ စိတ်ပျော်ရွှင်သောအခါ၊ ဥတုမျှတသောအခါ၊ အာဟာရ ပြည့်စုံသောအခါတို့၌ ထိုတစ်မူထူးသော အမူအရာရုပ်တို့ ဖြစ်ပေါ်၏။

### (၁၁)လက္ခဏာရုပ်(၄)ပါး

နိပ္ဖန္နရုပ်(၁၈)ပါးတို့၏ 'ဖြစ်၊တည်၊ပျက်'ဟူသော သင်္ခတလက္ခဏာကို သိစေကြောင်း(အမှတ်အသား)ရုပ်တို့သည် 'လက္ခဏာရုပ်' မည်၏။

http://www.dhammadownload.com



| ဇာတိရုပ် | ဇရာ+မရဏရုပ် |
|---|---|
| (၁)ဥပစယ-အစဆုံးဖြစ်မှု | (၃)ဇရတာ-ရင့်မှု၊(ငြိ) |
| (၂)သန္တတိ-အဆက်မပြတ်ဖြစ်မှု | (၄)အနိစ္စတာ-ပျက်မှု၊(ဘင်) |

ဥပမာ-အသံကို နားထောင်ရာ၌ ကြားစအခိုက်သည် ဥပစယနှင့်သန္တတိ ရုပ်တို့ပေါ်မှုဖြစ်၏။ ပျက်မှုအခိုက်သည် ဇရတာနှင့်အနိစ္စတာရုပ်တို့ပေါ်မှု ဖြစ်၏။

♦♦♦♦♦

## နိပ္ဖန္နရုပ်(၁၈)ပါး

(၁)ကံ၊စိတ်၊ဥတု၊အာဟာရဟူသော အကြောင်းလေးပါးတို့က ဖြစ်ပေါ်စေအပ်သောကြောင့် 'နိပ္ဖန္နရုပ်' မည်၏။

(၂)မာ-ပျော့စသော သဘောလက္ခဏာ ကိုယ်စီရှိသောကြောင့် 'သဘာဝရုပ်' ဟုလည်း ခေါ်၏။

(၃)ဥပါဒ်၊ငြီ၊ဘင်ဟူသော သင်္ခတလက္ခဏာနှင့် ပြည့်စုံသောကြောင့် 'သလက္ခဏရုပ်'ဟုလည်း ခေါ်၏။

(၄)အအေး+အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်မှု ထင်ရှားသောကြောင့် 'ရူပ'ရုပ်ဟုလည်း ခေါ်၏။

(၅)အနိစ္စစသော လက္ခဏာရေးသုံးပါးတင်၍ ရှုမြင်ထိုက်သောကြောင့် 'သမ္မသနရုပ်'ဟုလည်း ခေါ်၏။

| | | |
|---|---|---|
| သဘာဝရုပ်<br>သလက္ခဏရုပ်<br>နိပ္ဖန္နရုပ်<br>ရူပရုပ်<br>သမ္မသနရုပ် | (၁)ဘူတရုပ် ၄ ပါး<br>(၂)ပသာဒရုပ် ၅ ပါး<br>(၃)ဂေါစရရုပ် ၇ ပါး(၄-ပါး)<br>(၄)ဘာဝရုပ် ၂ ပါး<br>(၅)ဟဒယရုပ် ၁ ပါး<br>(၆)ဇီဝိတရုပ် ၁ ပါး<br>(၇)အာဟာရရုပ် ၁ ပါး | ရုပ်အစစ်<br>(၁၈) |

ဥပမာ-ကြားဆဲအခိုက်၌ဖြစ်သော အသံသဒ္ဒရုပ်သည် ကံကြောင့်ဖြစ်၏။ သဘော လက္ခဏာရှိ၏။ ဖောက်ပြန်မှုထင်ရှား၏။ ဝိပဿနာရှု၍ ရ၏။

http://www.dhammadownload.com



## အနိပ္ဖန္နရုပ်(၁၀)ပါး

(၁)ကံ၊စိတ်၊ဥတု၊အာဟာရဟူသော အကြောင်းလေးပါးတို့က မဖြစ်ပေါ်စေအပ်သောကြောင့် 'အနိပ္ဖန္နရုပ်' မည်၏စသည်ဖြင့် သိပါလေ။

| | | |
|---|---|---|
| အသဘာဝရုပ်<br>အလက္ခဏရုပ်<br>အနိပ္ဖန္နရုပ်<br>အရူပရုပ်<br>အသမ္မသနရုပ် | (၈)ပရိစ္ဆေဒရုပ် ၁ ပါး<br>(၉)ဝိညတ်ရုပ် ၂ ပါး<br>(၁၀)ဝိကာရရုပ် ၅ ပါး(၃-ပါး)<br>(၁၁)လက္ခဏရုပ် ၄ ပါး | ရုပ်အတု<br>(၁၀) |

## လက်တွေ့အသုံးချပုံ

ဝိပဿနာရှု၍ ရကောင်းသောရုပ်တို့မှာ နိပ္ဖန္နရုပ်(၁၈)ပါးတို့သာ ဖြစ်၏။ အနိပ္ဖန္နရုပ်(၁၀)ပါးတို့မှာ (၁)မာ-ပျော့စသော သဘောလက္ခဏာ ကိုယ်စီရှိသော 'သဘာဝရုပ်'လည်းမဟုတ်၊ (၂)ဥပါဒ်၊ဌီ၊ဘင်ဟူသော သင်္ခတလက္ခဏာနှင့် ပြည့်စုံသော 'သလက္ခဏရုပ်'လည်းမဟုတ်၊ (၃)အအေး+အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်မှုထင်ရှားသော 'ရူပ'ရုပ်လည်းမဟုတ်၊ (၄)အနိစ္စစသော လက္ခဏာရေးသုံးပါးတင်၍ ရှုမြင်ထိုက်သော'သမ္မသနရုပ်'လည်းမဟုတ်၊ ထို့ကြောင့် အနိပ္ဖန္နရုပ်(၁၀)ပါးတို့ကို ဝိပဿနာ မရှုရ။

♦ ♦ ♦

## ဓမ္မဓိဋ္ဌာန်များ

၁။ ရေခဲ့ပါသော အအေးဓာတ်သည် အာပေါဟုတ်/မဟုတ်?။ ရေခဲ့ပါသော အအေးဓာတ်သည် အပူ၏ဆန့်ကျင်ဘက် တေဇောဓာတ်ဖြစ်၏။ အာပေါမဟုတ်။

၂။ အာပေါဓာတ်ကို ထိတွေ့၍ ရနိုင်မရနိုင် အကြောင်းပြ၍ ရှင်းပါ။

၃။ အပေါက်အကြား ပရိစ္ဆေဒရုပ်ကို ဝိပဿနာရှုသင့်/မရှုသင့်။

၄။ ကံကြောင့် ဖြစ်လာနိုင်ခွင့်မရှိသော ရုပ်များရှိလျှင် ဖော်ပြပါ။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## (၂)ရူပဝိဘာဂ

(ရုပ်တို့ကို အကျယ်ဝေဖန်ခြင်း)

◆ ◆ ◆

### ရုပ်(၂၈)ပါး၏ သဘာဝများ

ရုပ်တရားမှန်သမျှတို့သည် -

(၁) လောဘစသောဟိတ်တို့နှင့် မယှဉ်သောကြောင့် 'အဟိတ်'သာ ဖြစ်၏။

(၂) ကံ၊စိတ်၊ဥတု၊အာဟာရ- အကြောင်းလေးဝတို့ကြောင့် ဖြစ်ရသဖြင့် 'သပစ္စယ'သာ ဖြစ်၏။

(၃)အာသဝေါလေးတန်၏ အာရုံအမှန်ဖြစ်သဖြင့် 'သာသဝ'သာ ဖြစ်၏။

(၄)ကံစသောအကြောင်းတို့ ပြုစီရင်ခံရသဖြင့် 'သင်္ခတ'သာ ဖြစ်၏။

(၅)ဥပါဒါန်၏အာရုံဖြစ်သော သင်္ခါရလောက၌ ပါဝင်သဖြင့် 'လောကိယ' သာ ဖြစ်၏။

(၆)ကာမတဏှာ၏ ကျင်လည်ရာဖြစ်သဖြင့် 'ကာမာဝစရ'သာ ဖြစ်၏။

(၇)အာရုံကို မယူနိုင်သဖြင့် 'အနာရမ္မဏ'သာ ဖြစ်၏။

(၈)အကုသိုလ်၊ကိလေသာတို့ကဲ့သို့ ပယ်အပ်သောတရားမျိုးမဟုတ်သဖြင့် 'အပ္ပဟာတဗ္ဗ'သာ ဖြစ်၏။

◆ ◆ ◆

### မေးခွန်းများ

၁။ ရုပ်တရားတို့သည် အဟိတ်လော၊ သဟိတ်လော အကြောင်းသွင်း၍ ရှင်းပါ။

၂။ ရဟန္တာအရှင်မြတ်ကြီးများ၏ ရုပ်တရားတို့သည် ကိလေသာမှ လွတ်မလွတ် ရှင်းပြပါ။ (ရုပ်မှန်သမျှ အာသဝေါတရားတို့၏ အာရုံသာ ဖြစ်၏။)

၃။ မြတ်စွာဘုရား၏ အသံတော်သည် လောကီလော၊ လောကုတ္တရာလော ရှင်းပါ။

၄။ မျက်စိချင်း စကားပြောသည်၊ အသဲနှလုံးချင်း စကားပြောသည်၊ ဦးဏှောက်က သိရသည်ဟူသော စကားများသည် မုချအားဖြင့် မှန်/မမှန် ရှင်းပြပါ။

၅။ TVကို မျက်စိက ကြည့်နိုင်ပါသလော/ မြင်သိစိတ်က ကြည့်နိုင်ပါသလော အကြောင်းသွင်း၍ ရှင်းပြပါ။

၆။ TVကို ကြည့်၍ အကုသိုလ်ဖြစ်ခဲ့သော် TVကို ပယ်စွန့်ရမည်လော၊ မျက်စိကို

http://www.dhammadownload.com



ဖောက်ထုတ်ပစ်ရမည်လော၊ မည်သို့ ကျင့်သုံးသင့်သည်ကို အကြောင်းပြ၍ ရှင်းပါ။

၇။အဆင်း၊အသံစသော အာရုံတရားတို့သည် ရုပ်လော၊နာမ်လောရှင်းပါ။

♦ ♦ ♦

## ရုပ်တို့ကို (၂)မျိုးစီ ခွဲဝေပုံများ

| | |
|---|---|
| **အဇ္ဈတ္တိက(အတွင်း)ရုပ်** | **ဗာဟိရ(ပြင်ပ)ရုပ်** |
| ပသာဒရုပ်(၅)ပါး | ကြွင်း(၂၃)ပါး |
| **ဝတ္ထု(မှီရာ)ရုပ်** | **အဝတ္ထု(မမှီရာ)ရုပ်** |
| ပသာဒ(၅)၊ဟာဒယ(၁)၊ | ကြွင်း(၂၂)ပါး |
| **ဒွါရ(ဖြစ်ကြောင်းတံခါး)ရုပ်** | **အဒွါရ(တံခါးမဟုတ်)ရုပ်** |
| ပသာဒ(၅)၊ဝိညတ်(၂)၊ | ကြွင်း(၂၁)ပါး |
| **ဣန္ဒြိယ(ဆိုင်ရာကိစ္စအစိုးရ)ရုပ်** | **အနိန္ဒြိယ(အစိုးမရ)ရုပ်** |
| ပသာဒ(၅)၊ဘာဝ(၂)၊ဇီဝိတ(၁) | ကြွင်း(၂၀)ပါး |
| **ဩဠာရိက(အကြမ်း)ရုပ်** | **သုခုမ(သိမ်မွေ့)ရုပ်** |
| **သန္တိကေ(အနီး)ရုပ်** | **ဒူရေ(အဝေး)ရုပ်** |
| **သပ္ပဋိဃ(ထိပါး)ရုပ်** | **အပ္ပဋိဃ(မထိပါး)ရုပ်** |
| ပသာဒ(၅)၊ဂေါစရ(၇)၊ | ကြွင်း(၁၆)ပါး |
| **ဥပါဒိန္န(ကံ၏အကျိုး)ရုပ်** | **အနုပါဒိန္န(ကံအကျိုးမဟုတ်)ရုပ်** |
| ကမ္မဇရုပ်(၁၈)၊ | ကြွင်း(၁၀)ပါး |
| **သနိဒဿန(မြင်နိုင်)ရုပ်** | **အနိဒဿန(မမြင်နိုင်)ရုပ်** |
| ရူပါရုံ(၁)၊ | ကြွင်း(၂၇)ပါး |
| **ဂေါစရဂ္ဂါဟိက(အာရုံယူ)ရုပ်** | **အဂေါစရဂ္ဂါဟိက(မယူနိုင်)ရုပ်** |
| ပသာဒ(၅)(စ+သော/ဃာ+ဇိ+ကာ) | ကြွင်း(၂၃)ပါး |
| **အဝိနိဗ္ဘောဂ(ခွဲမရနိုင်သော)ရုပ်** | **ဝိနိဗ္ဘောဂ(ခွဲရနိုင်သော)ရုပ်** |
| ဘူတရုပ်(၄)၊ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ | ကြွင်း(၂၀)ပါး |

မှတ်ချက်။ အာရုံကို ယူသည်ဆိုခြင်းမှာ မုချမဟုတ်၊ ပရိယာယ်စကားမျှ ဖြစ်၏။

http://www.dhammadownload.com



## (၃)ရူပသမုဋ္ဌာန
(ရုပ်တို့၏ ဖြစ်ကြောင်းတရားများ)

♦ ♦ ♦

### ရူပသမုဋ္ဌာန၏သဘော

ရုပ်တရားတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားဖြစ်၏။ အကြောင်းကင်းတရားမဟုတ်။ ထိုရုပ်တို့၏ဖြစ်ကြောင်းများကို ရူပသမုဋ္ဌာန် ခေါ်၏။

### ရုပ်ဖြစ်ကြောင်းတရား(၄)ပါး

(၁)ကံ (၂)စိတ် (၃)ဥတု (၄)အာဟာရ

### အကြောင်း+အကျိုး တွဲစပ်ပုံအကျယ်

| အကြောင်း | သရုပ် | အကျိုး | သက်ရောက်ပုံ |
|---|---|---|---|
| ကံ (၂၅) | အကု(၁၂)ကု(၈) ရူပကု(၅)ဟူသော အတိတ်ကံသည် | ကမ္မဇရုပ် (၁၈)ပါး | ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏတိုင်း၊ခဏတိုင်း၌ ဖြစ်စေ |
| စိတ် (၇၅) | (ပဉ္စဝိညာဏ်(၁၀)အရူပ(၄) ရဟန္တာစုတိ၊အလုံးစုံပဋိသန္ဓေ တို့ကျဉ်) ကြွင်း(၇၅)ပါးစိတ် | စိတ္တဇရုပ် (၁၅)ပါး | အဇ္ဈတ္တသန္တာန်၌-ပဌမဘဝင်၏ ဥပါဒ်မှစ၍ စိတ်တို့၏ဥပါဒ်တိုင်း ဥပါဒ်တိုင်း၌ ဖြစ်စေ(ဌီ×ဘင်) |
| ဥတု | သီတဥတု-အအေးဓာတ် ဥဏှဥတု-အပူဓာတ်ဟူသော တေဇောဓာတ်သည် | ဥတုဇရုပ် (၁၃)ပါး | အဇ္ဈတ္တသန္တာန်-ဗဟိဒ္ဓသန္တာန်တို့၌ ဥပါဒ်ပြီးနောက် ဌီသို့ ရောက်တိုင်း ခဏမစဲ ဖြစ်စေ |
| အာဟာရ (၇၅) | မိမိတို့ စားမျိုအပ်သော အစာ-အာဟာရ၌ပါသော ဩဇာရုပ်သည် | အာဟာရဇရုပ် (၁၂) | အဇ္ဈတ္တသန္တာန်၌- အဇ္ဈတ္တဩဇာနှင့်ပေါင်းဆုံမိချိန် မိမိ၏ဌီသို့ရောက်တိုင်းဖြစ်စေ |

http://www.dhammadownload.com


သက်ရှိ၊သက်မဲ့တို့သန္တာန်၌ ဖြစ်ပေါ်နေကြသော ရုပ်တရားဟူသမျှတို့သည် အကြောင်းတရား(၄)ပါးတွင် တစ်ပါးပါးတို့ကြောင့်သာ ဖြစ်ကြရ၏။ အကြောင်းမဲ့ ဖြစ်မလာနိုင်။ ထိုတွင် (၁)ကံကြောင့်ဖြစ်လာသောရုပ်တို့သည် 'ကမ္မဇရုပ်' မည်၏။ စိတ်ကြောင့် ဖြစ်လာသောရုပ်တို့သည် 'စိတ္တဇရုပ်' မည်၏။ ဥတုကြောင့် ဖြစ်လာသောရုပ်တို့သည် 'ဥတုဇရုပ်'မည်၏။ အာဟာရကြောင့်ဖြစ်လာသောရုပ်တို့သည် 'အာဟာရဇရုပ်' မည်၏။ ထို(၄)ပါးတို့တွင် ကံနှင့်စိတ်တို့သည် နာမ်အကြောင်းဖြစ်၍၊ ဥတုနှင့်အာဟာရတို့သည် ရုပ်အကြောင်း ဖြစ်၏။

## (၁)ကံကြောင့်ဖြစ်သော ကမ္မဇရုပ်(၁၈)ပါး

**ဧကန်ကမ္မဇရုပ်(၉)ပါး-** ပသာဒ(၅)၊ဘာဝ(၂) ဇီဝိတ(၁)၊ဟဒယ(၁)

**အနေကန်ကမ္မဇရုပ်(၉)ပါး-**အဝိနိဗ္ဘောဂ(၈)အာကာသ(၁)

**မှတ်ချက်။** ကံတစ်ပါးတည်းကြောင့် ဖြစ်၍ ဧကန်ဟု ခေါ်၏။ ကံ၊စိတ်၊ဥတု၊ အာဟာရ ဟူသော အခြားအကြောင်းတို့ကြောင့်လည်းဖြစ်၍ အနေကန်ဟု ခေါ်၏။

### လက်တွေ့အသုံးချပုံ

သတ္တဝါတို့ ရရှိပိုင်ထားကြသော မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊ယောက်ျားဘာဝ၊ မိန်းမဘာဝ၊ အသက်၊ နှလုံးသားရုပ်တို့သည် အတိတ်ကံကြောင့် ဖြစ်၏။ ယခင်ဘဝက ပြုလုပ်အားထုတ်ခဲ့သော အတိတ်ကံအားလျော်စွာ မိမွေးတိုင်း၊ဖမွေးတိုင်း ရရှိဖြစ်ပေါ်လာနိုင်သကဲ့သို့၊ ယခုဘဝပြုလုပ်အားထုတ်ကြသော ကုသိုလ်ကံ၊အကုသိုလ်ကံ ပြုဖန်တီးမှုအားလျော်စွာလည်း အဆင့်ဆင့် ပြောင်းလဲ ဖြစ်ပေါ်လာနိုင်ကြပေသည်။

ဥပမာ-ငယ်စဉ်ဘဝက ရရှိထားကြသော မျက်စိနှစ်ကွင်း အလင်းရမှုသည် အတိတ်ဘဝကံက ပေးလိုက်သော ကံလက်ဆောင်၏အကျိုးဆက် ဖြစ်၏။ အသက်အရွယ်ကြီးလာစဉ်ဝယ် အလင်းမှုန်ဝါးသဖြင့် ခွဲစိတ်ခြင်းစသည်ဖြင့် ပြုပြင်စီရင်ခြင်းတို့သည်ကား ယခုဘဝကံက ထပ်မံပေးလိုက်ပြန်သော ကံလက်ဆောင်၏အကျိုးဆက် ပေတည်း။ထိုတွင် အချို့မှာ အသက်အရွယ်ကြီးသည့်တိုင် မျက်စိအားကောင်းနေမှုသည် အတိတ်ကံ အလွန်အားသန်မှုကြောင့် ဖြစ်၏။ အချို့မှာ ငယ်ရွယ်စဉ်ကပင် ထိခိုက်မှုကြောင့် မျက်စိကွယ်ရခြင်းသည် ဥပစ္ဆေဒကံ၏နှိပ်စက်မှုကြောင့် ဖြစ်၏။

http://www.dhammadownload.com



## (၂)စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်(၁၅)ပါး

ကေန်စိတ္တဇရုပ်(၂)ပါး- ဝိညတ်(၂)၊
အနေကန်စိတ္တဇရုပ်(၁၃)ပါး- သဒ္ဒ(၁)၊လဟုတာဒိ(၃)၊
အဝိနိဗ္ဘောဂ(၈)အာကာသ(၁)

## လက်တွေ့အသုံးချပုံ

လျှောင်း၊ထိုင်၊ရပ်၊သွားဟူသော ကိုယ်အမူအရာလေးမျိုးတို့သည် ကာယဝိညတ်ရုပ် ဖြစ်၏။ ဝါယောဓာတ်က အဆင့်ဆင့် လှုပ်ရှားစေ၏။ ထိုဝါယော၏လှုပ်ရှားမှုကို စိတ်ကသာ ခိုင်းစေမှုပြု၏။ ထို့ကြောင့် အိပ်ချင်စိတ်ကြောင့် အိပ်မှုပြုခြင်း၊ သွားခြင်းစိတ်ကြောင့် သွားမှုပြုခြင်း၊ စားချင်စိတ်ကြောင့် စားခြင်းစသည်တို့သည် စိတ်ကြောင့် ရုပ်ဖြစ်ပုံတို့တည်း။ တခြားစိတ္တဇရုပ်တို့လည်း ထိုနည်းတူပင် ဖြစ်၏။

## စိတ်(၇၅)ပါးတို့က စိတ္တဇရုပ်များကို ဖြစ်စေပုံများ

| အကြောင်းစိတ် | အကျိုးရုပ် |
|---|---|
| မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း။(၁၉) | စိတ္တဇရုပ်ရိုးရိုးသာ |
| အပ္ပနာဇဝန၊ ဆဗ္ဗီသကား၊ ယာပထလည်း၊ ဖွဲ့စည်းခိုင်စေ။(၂၆) | စိတ္တဇရုပ်ရိုးရိုးနှင့် အရိယာပထရုပ် |
| တထွေဝုဋ္ဌော၊ ကာဓော,ဘိညာ၊ ဒွိတ္တိံသကား၊ နှစ်ဖြာဝိညတ်၊ ကိုလည်းတပ်၏။ (၃၂) | စိတ္တဇ+ဣရိယာပထ ဝိညတ်ရုပ်(၂)ပါး |
| သောမနဿဟု၊ ဆယ့်သုံးခုကား၊ ရယ်မှုရွှင်ခြင်း၊ လည်းပြုလျှင်း၏။(၁၃) | စိတ္တဇ၊အရိယာ၊ဝိညတ် ရယ်ရွှင်မှုရုပ် |
| ကြွင်းအာရုပ္ပ၊ဝိပါကနှင့်၊ပဉ္စဝိညာ၊ဆယ့်လေးဖြာသည်၊ ဘယ်ဟာဖြစ်စေနိုင်ဘူးတည်း။(၁၄) | မည်သည့်ရုပ်ကိုမှ မဖြစ်စေနိုင် |

http://www.dhammadownload.com


## ပုဂ္ဂိုလ်အလိုက် ပြုံးရယ်မှုပြုစေသောစိတ်(၁၃)ပါး

၁။ ပုထုဇဉ်တို့ကို ပြုံးရယ်မှုပြုစေသောစိတ်တို့မှာ လောဘမူ သောမနဿ(၄)ပါး၊ မဟာကုသိုလ်သောမနဿ(၄)ပါး ပေါင်း (၈)ပါး ဖြစ်၏။

၂။ သေက္ခပုဂ္ဂိုလ်တို့ကို ပြုံးရယ်မှုပြုစေသောစိတ်တို့မှာ လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ် သောမနဿ (၂)ပါး၊ မဟာကုသိုလ်သောမနဿ(၄)ပါး ပေါင်း (၆)ပါး ဖြစ်၏။

၃။ရဟန္တာတို့ကို ပြုံးရယ်မှုပြုစေသောစိတ်တို့မှာ ဟသိတုပ္ပါဒ် သောမနဿ (၁)ပါး၊ မဟာကြိယာသောမနဿ(၄)ပါး ပေါင်း (၅)ပါး ဖြစ်၏။

## လက်တွေ့အသုံးချပုံ

ပုထုဇဉ်လူသားတို့သည် မိမိလိုရာဆန္ဒ ပြည့်စုံကြရသဖြင့် ကျေနပ်သဘောကျသောအခါ ရယ်ခြင်း၊ ချစ်သူ၊သူငယ်ချင်းစသူတို့နှင့် ပြန်လည်ဆုံတွေ့ရသောအခါ ပျော်ရွှင်၍ ရယ်ခြင်း၊ ရယ်စရာကြုံ၍ရယ်ခြင်း၊ ရယ်ချင်လို့ ရယ်ခြင်း၊ ဟာသရုပ်ရှင်၊ ဝတ္ထု၊ကာတွန်းများ ဖတ်၍၊ကြည့်၍ ရယ်ခြင်းတို့သည် လောဘမူ သောမနဿ(၄)ပါး တစ်ပါးပါးက ရယ်ခြင်းအမူအရာဟူသော ကာယဝိညတ်၊ဝစီဝိညတ်ရုပ်တို့ကို ဖြစ်စေပုံပင်တည်း။

မိမိရန်သူတစ်ယောက်ယောက် ဒုက္ခရောက်ရသည်ကို ကြားရ၍ ပြင်းစွာသဘောကျသဖြင့် ရယ်မောကြခြင်းသည်လည်း ရန်သူကို အာရုံပြုခိုက်တွင် ဒေါမနဿဖြစ်သော်လည်း ရယ်ခိုက်တွင် လောဘမူသောမနဿစိတ်ကြောင့်သာ ဖြစ်၏။

ဒါန၊သီလ၊ဘာဝနာဟူသော ကုသိုလ်တရားများကို ပွားများအားထုတ်ခိုက်တို့တွင် တရားနာ၍သော်လည်းကောင်း၊ ကုသိုလ်အာရုံယူ၍သော်လည်းကောင်း၊ နှလုံးသွင်းကောင်းမှုကြောင့်သော်လည်းကောင်း၊ မိမိ၏ကုသိုလ်ပြီးမြောက်ခြင်းကို မြင်တွေ့ရမှုကြောင့် ကျေနပ်ဝမ်းသာမှုကြောင့်လည်းကောင်း ရယ်ခြင်းတို့သည်ကား မဟာကုသိုလ်သောမနဿ(၄)ပါးကြောင့် ရုပ်ဖြစ်ပုံတို့တည်း။

## (၃)ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်(၁၃)ပါး

သဒ္ဒ(၁)၊ လဟုတာဒိ(၃)၊ အဝိနိဗ္ဗောဂ(၈)၊အာကာသ(၁)

http://www.dhammadownload.com



(၄)အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်(၁၂)ပါး
လဟုတာဒိ(၃)၊ အဝိနိဗ္ဘောဂ(၈)၊အာကာသ(၁)

## ရုပ်(၂၈)ပါးနှင့် ဖြစ်ကြောင်းတရားများ

| | | |
|---|---|---|
| ကမ္မဇရုပ် (၁၈)ပါး | ပသာဒ(၅)၊ဘာဝ(၂)၊ဇီဝိတ(၁)ဟဒယ(၁)- | ကမ္မဇ |
| | ဝိညတ်(၂)- | စိတ္တဇ |
| ဒွိဇရုပ်(၁) | သဒ္ဒ(၁)၊ | စိတ္တဇ/ဥတုဇ |
| တိဇရုပ်(၃) | လဟုတာဒိ(၃)၊ | စိတ္တဇ/ဥတုဇ/ အာဟာရဇ |
| စတုဇရုပ်(၉) | အဝိနိဗ္ဘောဂ(၈)၊အာကာသ(၁) | ကမ္မဇ/စိတ္တဇ/ ဥတုဇ/အာဟာရဇ |
| နကုတောစိရုပ် | လက္ခဏာရုပ်(၄)၊ | အကြောင်းမရှိ |
| စုစုပေါင်း- | ရုပ်(၂၈)ပါး | အကြောင်း(၄)ပါး |

### အကြောင်းမရှိသောရုပ်

လက္ခဏာရုပ်(၄)ပါးတို့မှာ နိပ္ဖန္နရုပ်တို့၏ ဖြစ်တည်ပျက်ဟူသော အခိုက်အတန့်သဘောမျှဖြစ်၍ အကြောင်းလေးပါးတို့မှ လွတ်သည်။

ဥပမာ- ဥပစယဟူသော ဖြစ်ခိုက်၊ဖြစ်ဆဲ၊ ဖြစ်စသဘောရုပ်သည် နိပ္ဖန္နရုပ်(၁၈)ပါးတို့ တစ်ပါးပါးမရှိခဲ့သော် မဖြစ်နိုင်။ ရှိမှသာ ဖြစ်နိုင်၏။

♦ ♦ ♦

http://www.dhammadownload.com



## (၄)ရူပကလာပ
(ရုပ်တို့၏အဖွဲ့အစည်းများ)

♦ ♦ ♦

### ရူပကလာပ၏သဘော

နာမ်တရားတို့ 'သမ္ပယုတ်'ဖြစ်သကဲ့သို့၊ အတူတူ ဖြစ်ခွင့်ရှိသော ရုပ်တရားတို့၏ ပေါင်းစည်းစုဖွဲ့၍ ဖြစ်ခြင်းကို 'ရူပကလာပ'ဟု ခေါ်၏။

### ရုပ်ကလာပ်တစ်ခု၏အင်္ဂါ(၃)ပါး

(၁)**ဧကုပ္ပါဒ**- အတူတူ ဖြစ်ခြင်း၊
(၂)**ဧကနိရောဓ**-အတူတူ ချုပ်ခြင်း၊
(၃)**ဧကနိဿယ**-အတူတူ မှီခြင်း။
ထိုအင်္ဂါ(၃)ပါးနှင့် ပြည့်စုံသောရုပ်တို့သည် ပေါင်းစည်းစုဖွဲ့၍ ဖြစ်ကြသည်။

### ရုပ်ကလာပ်ပေါင်း(၂၁)စည်း

| | | |
|---|---|---|
| ၁။**ကမ္မဇကလာပ်** | (၉) စည်း | (ကံကြောင့်ဖြစ်သောရုပ်အဖွဲ့အစည်း) |
| ၂။**စိတ္တဇကလာပ်** | (၆) စည်း | (စိတ်ကြောင့်ဖြစ်သောရုပ်အဖွဲ့အစည်း) |
| ၃။**ဥတုဇကလာပ်** | (၄) စည်း | (ဥတုကြောင့်ဖြစ်သောရုပ်အဖွဲ့အစည်း) |
| ၄။**အာဟာရဇကလာပ်** | (၂) စည်း | (အာဟာရကြောင့်ဖြစ်သောရုပ်အဖွဲ့အစည်း) |

### ကံကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ

| **ကမ္မဇကလာပ်(၉)စည်း** | **ပါဝင်သောရုပ်များ** |
|---|---|
| ၁။စက္ခုဒသကကလာပ် | စက္ခုပသာဒ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၂။သောတဒသကကလာပ် | သောတပသာဒ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၃။ဃာနဒသကကလာပ် | ဃာနပသာဒ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၄။ဇိဝှါဒသကကလာပ် | ဇိဝှါပသာဒ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၅။ကာယဒသကကလာပ် | ကာယပသာဒ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |

http://www.dhammadownload.com



| | |
|---|---|
| ၆။ဣတ္ထိဘာဝဒသကကလာပ် | ဣတ္ထိဘာဝ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၇။ပုမ္ဘာဝဒသကကလာပ် | ပုမ္ဘာဝ၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၈။ဝတ္ထုဒသကကလာပ် | ဟဒယဝတ္ထု၊အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |
| ၉။ဇီဝိတနဝကကလာပ် | အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊ |

## ကမ္မဇကလာပ်၏သဘော

ကမ္မဇ-ကံကြောင့်ဖြစ်သော၊ ကလာပ-ရုပ်အဖွဲ့အစည်းများကို 'ကမ္မဇကလာပ်' ဟု ခေါ်၏။ ကံကြောင့်ဖြစ်သောရုပ်(၁၈)ပါးရှိရာတွင် ကေန်ကမ္မဇရုပ်(၉)ပါးကို အနေကန်ကမ္မဇရုပ်(၉)ပါးနှင့် ယှဉ်တွဲပေါင်းစည်း၍ ကမ္မဇကလာပ်ရုပ် ဖွဲ့ခြင်း ဖြစ်၏။

## စက္ခုဒသက ကလာပ်၏သဘော

စက္ခုပသာဒရုပ်(၁)ပါး(ကေန်ကမ္မဇရုပ်)နှင့် အဝိနိဗ္ဘောဂ(၈)၊ဇီဝိတရုပ်(၁)ပါး ဟူသော (အနေကန်ကမ္မဇရုပ်)(၉)ပါးတို့ကို ပေါင်း၍ စက္ခုဦးစီးသော ရုပ်(၁၀)ပါး အပေါင်းကိုပင် 'စက္ခုဒသက-ကလာပ်'ဟု ခေါ်ခြင်း ဖြစ်၏။

**ဥပမာ**- အဆင်းနှင့် ပသာဒဆုံခိုက်တွင် စက္ခုပသာဒရုပ်သည် (အတိတ်ကံ+ ပစ္စုပ္ပန်ကံကြောင့်) ဖြစ်လာရ၏။ ထို့အတူ ပထဝီစသော အဝိနိဗ္ဘောဂရုပ်(၈)ပါးနှင့် ဇီဝိတရုပ်တို့သည်လည်း မခွဲမခွာ လိုက်ပါဖြစ်လာကြရသည်။ ထို့ကြောင့် မြင်ခိုက်တွင် ရုပ်(၁၀)ပါး ဖြစ်သည်။

## စိတ်ကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ

| **စိတ္တဇကလာပ်(၆)စည်း** | **ပါဝင်သောရုပ်များ** |
|---|---|
| ၁။သုဒ္ဓဋ္ဌကလာပ် | အဝိနိဗ္ဘောဂ(၈)၊ |
| ၂။ကာယဝိညတ္တိ နဝကကလာပ် | အဝိနိဗ္ဘောဂ(၈)၊ကာယဝိညတ်(၁)၊ |
| ၃။ဝစီဝိညတ္တိ ဒသကကလာပ် | အဝိနိဗ္ဘောဂ(၈)၊ဝစီဝိညတ်၊သဒ္ဒ၊ |
| ၄။**လဟုတာဒေကာ ဒသကကလာပ်** | အဝိနိဗ္ဘောဂ(၈)၊ လဟုတာဒိ(၃) |
| ၄။**ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသကကလာပ်** | အဝိနိဗ္ဘောဂ(၈)၊ကာယဝိညတ်၊လဟုတာဒိ(၃)၊ |
| ၆။**ဝစီဝိညတ္တိသဒ္ဒ လဟုတာဒိတေရသက ကလာပ်** | အဝိနိဗ္ဘောဂ(၈)၊ဝစီဝိညတ်၊သဒ္ဒ၊လဟုတာဒိ(၃)၊ |

http://www.dhammadownload.com



### စိတ္တဇကလာပ်၏သဘော

စိတ္တဇ-စိတ်ကြောင့်ဖြစ်သော၊ကလာပ-ရုပ်အဖွဲ့အစည်းများကို'စိတ္တဇကလာပ်' ဟု ခေါ်၏။ စိတ်ကြောင့်ဖြစ်သောရုပ်(၁၅)ပါးတို့ကို ထိုက်သင့်သည့်အလျောက် ရုပ်ကလာပ်ဖွဲ့စည်းထားခြင်း ဖြစ်၏။

### သုဒ္ဓဋ္ဌကကလာပ်၏သဘော

သုဒ္ဓ-သက်သက်သော၊ အဋ္ဌက-ရုပ်(၈)ခုတို့၏ ပေါင်းစုဖြစ်နေမှုကိုပင် 'သုဒ္ဓဋ္ဌကကလာပ်'ဟု ခေါ်၏။ ထိုသုဒ္ဓဋ္ဌကကလာပ်၌ ပါဝင်သော ရုပ်တို့မှာ ထာဝရ အမြဲ မခွဲမခွါဘဲ တစ်ပေါင်းတည်း ဖြစ်နေတတ်ကြသော အဝိနိဗ္ဘောဂရုပ်(၈)ပါးတို့ ဖြစ်၏။

စိတ်ကြောင့်ဖြစ်ရသော ရုပ်တို့တွင် စိတ်တစ်မျိုးမျိုးကြောင့် အသက်မဝင်၊ မလှုပ်မရှား၊ မသွားမလာ၊ စကားမပြော၊ တုဏှီဘောဖြစ်နေခိုက်တို့တွင် ထိုသုဒ္ဓဋ္ဌက ကလာပ်ရုပ်တို့ ဖြစ်၏။

**ဥပမာ**-မိန်းမောတွေဝေသောအခါ၊ အိပ်ပျော်နေသောအခါ၊ စိတ်သောက ကြောင့် ရုပ်ညှိုးနွမ်းသွေ့ခြောက်နေသောအခါစသည်တို့၌ ဖြစ်၏။

### ကာယဝိညတ္တိ နဝကကလာပ်၏သဘော

သုဒ္ဓဋ္ဌကကလာပ်ရုပ်(၈)ပါးအပြင် ကာယဝိညတ်(၁)ပါးပေါင်းသောအခါ ရုပ်(၉)ပါးအပေါင်းကိုပင် 'ကာယဝိညတ္တိ-နဝကကလာပ်'ဟု ခေါ်၏။

ထိုကလာပ်ရုပ်တို့သည် စိတ်ကြောင့် ကိုယ်ကို ရှေ့တက်၊နောက်ဆုတ်၊ လှုပ်ရှား၊ သွားလာစသည် ကိုယ်အမူအရာတိုင်းတွင် ဖြစ်၏။

### ဝစီဝိညတ္တိ ဒသကကလာပ်၏သဘော

သုဒ္ဓဋ္ဌကကလာပ်ရုပ်(၈)ပါးအပြင် ဝစီဝိညတ်(၁)ပါး၊ (အသံထွက်သဖြင့်) သဒ္ဒရုပ်(၁)ပါးအားဖြင့် ရုပ်(၁၀)ပါး အပေါင်းကိုပင်'ဝစီဝိညတ္တိ-ဒသကကလာပ်'ဟု ခေါ်၏။ ထိုကလာပ်ရုပ်တို့သည် စိတ်ကြောင့် နှုတ်ဖြင့် ပြောဆို၊ငိုယို၊ဆဲဆို၊ညည်းတွား စသည် နှုတ်အမူအရာတိုင်းတွင် ဖြစ်၏။

http://www.dhammadownload.com



## လဟုတာဒေကာ ဒသကကလာပ်၏သဘော

သုဒ္ဓဋ္ဌကကလာပ်ရုပ်(၈)ပါးအပြင် လဟုတာ၊မုဒုတာ၊ကမ္မညတာ(၃)ပါး အားဖြင့် ရုပ်(၁၁)ပါးအပေါင်းကိုပင် 'လဟုတာဒေကာ ဒသကကလာပ်'ဟု ခေါ်၏။

ထိုကလာပ်ရုပ်တို့သည် စိတ်အေးချမ်းမှုကြောင့် ရုပ်ပေါ့ပါး၊နူးညံ့၊ဖျတ်လတ်သောအခါစသည်တိုင်းတွင် ဖြစ်၏။

## ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသကကလာပ်၏သဘော

သုဒ္ဓဋ္ဌကကလာပ်ရုပ်(၈)ပါးအပြင် လဟုတာ၊မုဒုတာ၊ကမ္မညတာ(၃)ပါး၊ ကာယဝိညတ်(၁)ပါးအားဖြင့် ရုပ်(၁၂)ပါးအပေါင်းကိုပင် 'ကာယဝိယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်' ဟု ခေါ်၏။

ထိုကလာပ်ရုပ်တို့သည် စိတ်အေးချမ်းမှုကြောင့် ရုပ်ပေါ့ပါး၊နူးညံ့၊ဖျတ်လတ်စွာ ပြုမူလှုပ်ရှားသော ကိုယ်အမူအရာတိုင်းတွင် ဖြစ်၏။

## ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက ကလာပ်၏သဘော

သုဒ္ဓဋ္ဌကကလာပ်ရုပ်(၈)ပါးအပြင် လဟုတာ၊မုဒုတာ၊ကမ္မညတာ(၃)ပါး ဝစီဝိညတ်(၁)၊သဒ္ဒ(၁)အားဖြင့် ရုပ်(၁၃)ပါးအပေါင်းကိုပင်'ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်' ဟု ခေါ်၏။

ထိုကလာပ်ရုပ်တို့သည် စိတ်အေးချမ်းမှုကြောင့် ရုပ်ပေါ့ပါး၊နူးညံ့၊ဖျတ်လတ်စွာ ပြောဆို၊ဟောပြောမှု နှုတ်အမူအရာတိုင်းတွင် ဖြစ်၏။

## ဥတုကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ

| ဥတုဇကလာပ်(၄)စည်း | ပါဝင်သောရုပ်များ |
| --- | --- |
| ၁။သုဒ္ဓ,ဋ္ဌကကလာပ် | အဝိနိဗ္ဘောဂ(၈)၊ |
| ၂။သဒ္ဒ,နဝကကလာပ် | အဝိနိဗ္ဘောဂ(၈)၊သဒ္ဒ(၁)၊ |
| ၃။လဟုတာဒေကာ ဒသကကလာပ် | အဝိနိဗ္ဘောဂ(၈)၊လဟုတာဒိ(၃)၊ |
| ၄။သဒ္ဒလဟုတာဒိဒွါဒသကကလာပ် | အဝိနိဗ္ဘောဂ(၈)၊လဟုတာဒိ(၃)၊သဒ္ဒ |

http://www.dhammadownload.com



### ဥတုဇကလာပ်တို့၏သဘော

၁။သုဒ္ဓဋ္ဌကကလာပ်သည် သက်မဲ့သစ်ပင်၊တော၊တောင်၊ရေ၊မြေတို့၌ ဖြစ်၏။

၂။သဒ္ဒနဝကကလာပ်သည် လေတိုက်သံ၊ရေစီးသံ၊မိုးခြိမ်းသံ၊လျှင်လျှပ်သံ၊ ဟောက်သံစသည်ဖြင့် အသံပါသော သက်ရှိ/သက်မဲ့ ရုပ်တိုင်းတွင် ဖြစ်၏။

၃။လဟုတာဒေကာ ဒသကကလာပ်သည် သက်ရှိသတ္တဝါတို့၌ ရာသီဥတု သာယာသဖြင့် ရုပ်ခန္ဓာကိုယ် နူးညံ့၊ပေါ့ပါး၊ဖျတ်လတ်စွာ ရှိရာအခါတို့တွင် ဖြစ်၏။

၄။သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ်သည် သက်ရှိသတ္တဝါတို့၌ ရာသီဥတု သာယာသဖြင့် ရုပ်ခန္ဓာကိုယ် နူးညံ့၊ပေါ့ပါး၊ဖျတ်လတ်စွာရှိသောအခါ လေတက်သံ၊ လေကျသံ၊ ကြို့ထိုးသံစသည်တို့တွင် ဖြစ်၏။

## အာဟာရကြောင့်ဖြစ်သော ရုပ်အဖွဲ့အစည်းများ

| **အာဟာရဇကလာပ်(၂)စည်း** | **ပါဝင်သောရုပ်များ** |
|---|---|
| ၁။သုဒ္ဓ‚ဋ္ဌကကလာပ် | အဝိနိဗ္ဘောဂ(၈)၊ |
| ၂။လဟုတာဒေကာဒသကကလာပ် | အဝိနိဗ္ဘောဂ(၈)၊လဟုတာဒိ(၃)၊ |

### အာဟာရဇ ကလာပ်တို့၏သဘော

၁။သုဒ္ဓ‚ဋ္ဌကကလာပ်သည် မသင့်သောအစာအာဟာရများကို စားမိသောအခါ စသည်၌ ဖြစ်၏။

၂။လဟုတာဒေကာဒသကကလာပ်သည် အစာအာဟာရမျှတသောအခါ၊ မွန်မြတ်ကောင်းမွန်သော အစားအစာတို့ကို စားရသဖြင့် ကိုယ်ခန္ဓာ ပေါ့ပါး၊နူးညံ့၊ ဖျတ်လတ်သောအခါ စသည်တို့၌ ဖြစ်၏။

## ရုပ်ကလာပ်ပေါင်း(၂၁)စည်းဖြစ်ပုံများ

၁။လူတစ်ယောက်တွင်ရနိုင်သောကလာပ်ပေါင်း (၂၁)စည်း

၂။ယောကျ်ားများတွင် ရနိုင်သောကလာပ်ပေါင်း ဣတ္ထိဘာဝကြဉ်(၂၀)စည်း

၃။မိန်းမများတွင် ရနိုင်သောကလာပ်ပေါင်း ပုမ္ဘာဝကြဉ်(၂၀)စည်း

၄။နပုံးပဏ္ဍုတ်တို့၌ ကလာပ်စည်းပေါင်း ဘာဝ(၂)ပါးကြဉ် (၁၉)စည်း

http://www.dhammadownload.com



၅။ဗဟိဒ္ဓသန္တာန်၌ ရနိုင်သောကလာပ်ပေါင်း ဥတုဇကလာပ်(၂)စည်း
၆။အဇ္ဈတ္တသန္တာန်၌ ရနိုင်သောကလာပ်ပေါင်း (၂၁)စည်း

♦ ♦ ♦

## မေးခွန်းများ

၁။မိုးချုန်းသံသည် မည်သည့်အကြောင်းကြောင့်ဖြစ်ပေါ်လာရပါသနည်း၊ ပါဝင်သောရုပ်ကလာပ်တို့နှင့်တကွ ဖော်ပြပါ။

မိုးချုန်းသံသည် ဥတုကြောင့် ဖြစ်သည်။ ဥတုဇ-သဒ္ဒနဝကကလာပ်ရုပ်။

၂။အိပ်ပျော်နေသူတစ်ယောက်၌ ရနိုင်သောရုပ်နှင့် ဟောက်နေသောအသံ၌ ပါဝင်သောကလာပ်စည်းကို ဖော်ပြပါ။

အိပ်နေသူ၌ ဝိညတ်ရုပ်(၂)ပါးမှတစ်ပါး ကျန်ရုပ်(၂၆)ပါး၊ ဟောက်သံ၌ ဥတုဇ-သဒ္ဒနဝကကလာပ် ဖြစ်၏။

၃။သစ်ပင်၌ အသက်မရှိဟူသောစကား၊ ပုလင်းထဲကသွေး အသက်မရှိဟူသောစကားများ သင့်မသင့် စိစစ်ပြပါ။

ဇီဝိတရုပ်သည် အဇ္ဈတ္တသန္တာန်၌သာ ရ၍ ဗဟိဒ္ဓသန္တာန်တို့၌ မရနိုင်သောကြောင့် ထိုစကားများ သင့်၏။

၄။ပေါ့ပါးနူးညံ့သော လဲ၊ဝါဂွမ်း၊သစ်ရွက်စသည်တို့၌ လဟုတာဒိရုပ်များ ရှိမ/မရှိနှင့် ရရှိနိုင်သောကလာပ်ကို ဖော်ပြပါ။

လဟုတာဒိရုပ်တို့သည် အဇ္ဈတ္တသန္တာန်၌သာ ဖြစ်၏။ ဗဟိဒ္ဓ၌ မရပါ။ ရရှိနိုင်သောကလာပ်မှာ ဥတုဇ-သုဒ္ဓဋ္ဌကကလာပ်နှင့်၊ သဒ္ဒနဝကကလာပ်တို့ ဖြစ်၏။

၅။ငိုကြွေးသံ၊TVသရုပ်ဆောင်သံ၊ တယ်လီဖုန်းခေါ်သံတို့၌ ဖြစ်သောကလာပ်တို့ကို ဖော်ပြပါ။

ငိုကြွေးသံမှာ- စိတ္တဇ-ဝစီဝိညတ္တိဒသက ကလာပ်။ သရုပ်ဆောင်သံ၊ တယ်လီဖုန်းခေါ်သံတို့မှာ-စိတ္တဇ သဒ္ဒနဝက ကလာပ်။

၆။တရားဟောကောင်းသော အသံ၊ စကားပြောကောင်းသောအသံတို့၌ ဖြစ်သင့်သော ကလာပ်နှင့် ရုပ်တို့ကို ထုတ်ပြပါ။

စိတ္တဇ-ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကကလာပ်နှင့် ရုပ်(၁၃)ပါး။

http://www.dhammadownload.com



၇။ကလာပ်ဖွဲ့ရာတွင် မပါဝင်နိုင်သော ရုပ်များ ရှိပါက ထုတ်ဖော်ပြပါ။

ကလာပ်ဖွဲ့၍ မရကောင်းသော(ကလာပ်ဝိမုတ်)ရုပ်တို့မှာ အာကာသဓာတ်နှင့် လက္ခဏရုပ်လေးပါး ပေါင်း(၅)ပါး ဖြစ်၏။

ထိုရုပ်တို့တွင် အာကာသဓာတ်သည် ရုပ်တို့၏အပိုင်းအခြားမျှသာဖြစ်၍၊ လက္ခဏရုပ်တို့သည် ရုပ်တို့၏အမှတ်အသားမျှဖြစ်၍ ကလာပ်ဖွဲ့၍ မရနိုင်။

၈။အလုပ်လုပ်ရသည်မှာ စိတ်မပါဟု ပြောဆိုကြရာ ထိုစကား မှန်မမှန် ရှင်းပြပါ။ ကာယဝိညာတ်နှင့် ဝစီဝိညတ်တို့သည် စိတ်ကြောင့်သာ ဖြစ်၍ မမှန်။

၉။ခန္ဓာကိုယ်ပေါ့ပါးခြင်း၊ အသားအရေနူးညံ့ခြင်းတို့သည် အတိတ်ကံကြောင့် ဖြစ်သည် ဟုတ်/မဟုတ်ရှင်းပါ။ လဟုတာဒိရုပ်(၃)ပါးသည် စိတ်၊ဥတု၊အာဟာရ ကြောင့် ဖြစ်၍ အတိတ်ကံကြောင့်မဟုတ်ပါ။

၁၀။အစားအစာသည် ကျမ်းမာရေးအတွက် ဆေးတစ်ခွက်ဟုဆိုက သင့်/ မသင့်?။ အာဟာရရုပ်သည် ကိုယ်ခန္ဓာကျမ်းမာသန်စွာအောင်၊ ပေါ့ပါးလန်းဆန်းအောင် အထောက်အပံ့ပေးနိုင်သောကြောင့် သင့်သည်။

♦ ♦ ♦

## (၅)ရူပသမုဋ္ဌာန
(ရုပ်တို့၏ဖြစ်စဉ်များ)

♦ ♦ ♦

### ကာမဘုံ၌ ရုပ်ဖြစ်စဉ်များ

ကာမ(၁၁)ဘုံသား သတ္တဝါတို့အား **ပဝတ္တိအခါ၌** ရုပ်(၂၈)ပါးတို့သည် ထိုက်သည့်အားလျော်စွာ ရ၏။ **ပဋိသန္ဓေအခါ၌** သတ္တဝါအားလျော်စွာ ရ၏။

ပဝတ္တိအခါ၌ ရုပ်(၂၈)ပါးတွင် အထီး(ယောကျ်ား)တို့အား ဣတ္ထိဘာဝမှ တစ်ပါး ကျန်(၂၇)ပါး၊ အမ(မိန်းမ)တို့အား ပုမ္ဘာဝမှတစ်ပါး ကျန်(၂၇)ပါး၊ နပုံးပဏ္ဍုတ်တို့အား ဘာဝရုပ်(၂)ပါးမှတစ်ပါး ကျန်(၂၆)ပါးတို့ ဖြစ်၏။

http://www.dhammadownload.com



**သတ္တဝါ/ယောနိ(၃)မျိုး**

၁။သံသေဒဇ-စိုစွတ်ငြိကပ်ရာအရပ်၌ ဖြစ်သောသတ္တဝါ၊
၂။ဩပပါတိက-ကိုယ်ထင်ရှား ဘွားခနဲဖြစ်သောသတ္တဝါ၊
၃။ဂဗ္ဘသေယျက-အမိဝမ်းတိုက်၌ ဖြစ်သောသတ္တဝါ၊

**ဂဗ္ဘသေယျကသတ္တဝါ(၂)မျိုး**

**၁။ အဏ္ဍဇ**-ဥခွံ၌ ဖြစ်သောသတ္တဝါ၊
၂။ **ဇလာဗုဇ**-သားအိမ်၌ဖြစ်သော သတ္တဝါ။

၁။ပဒုမ္မာကြာတိုက်၌ မွေးဖွားသော ပဒုမဝတီမိဖုရား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဝါးပင်၌ မွေးဖွားသော ဝေဠုဝတီမိဖုရား၊ မန်ကျည်းပင်၌ မွေးဖွားသော စိဉ္စမာန၊ ရေပုပ်၊ငါးပုပ်၊မစင်ပုပ်စသည်တို့၌ မွေးဖွားသော ပိုးလောက်သတ္တဝါ စသည်တို့သည် 'သံသေဒဇသတ္တဝါ' မည်၏။

၂။ဘဝဟောင်းမှ ခုန်လွှားကျလာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှား ဖြစ်ပေါ်လာသော ကမ္ဘာဦးလူများ၊ နတ်၊ ဗြဟ္မာ၊ ငရဲသူ၊ငရဲသားများတို့သည် 'ဩပပါတိက သတ္တဝါ' မည်၏။

၃။ဥခွံ၌မွေးဖွားကြသော ကြက်၊ငှက်သတ္တဝါတို့သည်'အဏ္ဍဇသတ္တဝါ' မည်၏။

၄။သားအိမ်၌ မွေးဖွားသော လူ၊ခွေး၊မြင်း၊ဆင်စသည်တို့သည် 'ဇလာဗုဇ သတ္တဝါ' မည်၏။

**ပဋိသန္ဓေအခါ သံသေဒဇ+ဩပပါတိကတို့၌ရသော ရုပ်ကလာပ်**

စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါ ဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ အားဖြင့် ကလာပ်(၇)စည်း အများဆုံး ရနိုင်သည်။

တစ်ရံတစ်ခါ ကံကြောင့် စက္ခု၊သောတ၊ဃာန၊ဘာဝ(၄)မျိုး ချို့ယွင်းပျက်စီး တတ်သဖြင့် ဇိဝှါ၊ကာယ၊ဝတ္ထု ကလာပ်(၃)စည်း အနည်းဆုံး ရနိုင်သည်။

http://www.dhammadownload.com



## ပဋိသန္ဓေအခါ သံသေဒဇ+ဩပပါတိကတို့၌ ရသောရုပ်(၂၀)

အဝိနိဗ္ဘောဂရုပ်(၈)၊ ဇီဝိတ၊(၁)၊ ပသာဒ(၅)၊ ဘာဝ(၂)၊ ဟဒယ(၁)၊ အာကာသ (၁)၊ ဥပစယ၊သန္တတိ(၂)၊ ပေါင်း ရုပ်ပေါင်း(၂၀)။

**မှတ်ချက်။** ကလာပ်(၇)စည်း၌ပါသောရုပ်တို့ကို တူရာပေါင်းလျှင် ရုပ်(၁၇)ပါးနှင့် အာကာသ၊ဥပစယ၊သန္တတိ(၃)ပါး ထည့်သည်။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်များ စတင်ဖြစ်ပေါ်လာသောအခါ ရုပ်ကလာပ်တစ်ခုနှင့်တစ်ခု ပိုင်းခြားတတ်သော အာကာသရုပ် ဖြစ်လာ၏။ အစဖြစ်မှု ရုပ်ကလာပ်တို့၏ အမှတ်အသား ဥပစယနှင့်သန္တတိတို့လည်း ဖြစ်လာရ၏။ ဇရတာနှင့် အနိစ္စတာတို့ကား မဖြစ်ပေါ်လာနိုင်သေးပါ။

## ပဋိသန္ဓေအခါ ဂဗ္ဘသေယျကတို့၌ရသော ရုပ်ကလာပ်

ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ အားဖြင့် ကလာပ်(၃)စည်း ရနိုင်သည်။ ရံခါ ဘာဝဒသကကလာပ်မရ။

## ပဋိသန္ဓေအခါ ဂဗ္ဘသေယျကတို့၌ ရသောရုပ်(၁၆)

အဝိနိဗ္ဘောဂရုပ်(၈)၊ ဇီဝိတ၊(၁)၊ ကာယ(၁)၊ဘာဝ(၂)၊ ဟဒယဝတ္ထု(၁)၊ အာကာသ(၁)၊ ဥပစယ၊ သန္တတိ(၂)ပေါင်း (၁၆)ပါး။

**မှတ်ချက်။** အမသတ္တဝါ၊ အထီးသတ္တဝါတို့အား (၁၅)ပါးစီသာ ရ၏။

## ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ

သတ္တဝါတို့အား ပဋိသန္ဓေစိတ်၏ဥပါဒ်(အစဖြစ်ချိန်)အခိုက်ကို ပဋိသန္ဓေအခါ ဟု ခေါ်၏။ ထိုပဋိသန္ဓေအခိုက်၌ ပဋိသန္ဓေစိတ်၊ စေတသိက်နှင့်အတူ ကာယ၊ ဘာဝ၊ ဟဒယဟူသော ကလာပ်(၃)စည်း၊ ရုပ်ပေါင်း(၃၀)တို့ ဖြစ်၏။ ထိုပဋိသန္ဓေ စိတ်နှင့်ရုပ်တို့သည် မိခင်၏ဝမ်းတွင် 'ကလလရေကြည်'၌ ဖြစ်တည်ကုန်၏။

ပဋိသန္ဓေစိတ်၏ ဌီမှစ၍ မိခင်ဝမ်းတွင်း၌ ဘဝင်စိတ်၊ ဝီထိစိတ်တို့ ဖြစ်တည်၍ စုတိမတိုင်မီအထိကို ပဝတ္တိအခါဟု ခေါ်၏။

http://www.dhammadownload.com



## ကလလရေကြည်ဟူသည်

ယနေ့ မွေးဖွားခါစ သိုး၏အမွေးပမာဏရှိသော၊ (တစ်နည်း)ဟိမဝန္တာအရပ်၌ ပေါက်သော ဇာတိမည်သော သိမ်မွေ့သောသားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သောဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသောဆီပေါက် ပမာဏရှိသော အလွန်ကြည်လင်သည့် ရေကြည်ကို 'ကလလရေကြည်' ခေါ်၏။

## ဂဗ္ဘသေယျကသတ္တဝါတို့၌ ကမ္မဇရုပ်များ စတင်ဖြစ်ပေါ်လာပုံ

ပဋိသန္ဓေ(စိတ်+စေတသိက်+ရုပ်-၃၀)တည်ပြီးနောက် ပထမရက်သတ္တပတ်အတွင်း၌ ကလလရေကြည်ဖြင့်သာ ဖြစ်တည်၏။ ဒုတိယအပတ်၌ အမြှုပ်၊ တတိယအပတ်၌ အခဲ၊ စတုတ္ထအပတ်၌ သားတစ်၊ ပဉ္စမအပတ်၌ ခက်မငါးဖြာ၊ ဆံပင်၊ မွေးညှင်း စသည်တို့ ဖြစ်၏။

ထိုခက်မငါးဖြာတို့သည် ရက်သတ္တ ငါးပတ်ကြာမှ ရင့်၏။

ရက်သတ္တ(၁၁)ပတ်မြောက်၊ (၇၇)ရက်အကြာတွင် စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ဇိဝှါဒသကတို့သည် (၇)ရက်စီခြားကာ အစဉ်အတိုင်း ဖြစ်ကြ၏။

**လင်္ကာ**။ ရေ,မြှုပ်, ခဲ,တစ်၊ ခက်မဖြစ်၊ ရင်းလစ် ငါးသတ္တာ။

စက်သောဃာဇိ၊ ဤလေးလီ၊ ဖြစ်ပြီ ဆယ့်တစ်မှာ။

## ချို့ယွင်းနိုင်သော ကလာပ်စည်းများ

၁။ဂဗ္ဘသေယျကနှင့် သံသေဒဇသတ္တဝါတို့အား စက္ခု၊သောတ၊ဃာန၊ဘာဝ ဟူသော ကလာပ်(၄)စည်း ချို့နိုင်၏။

၂။အပါယ်-ဩပပါတိကသတ္တဝါတို့အား စက္ခု၊သောတ၊ဘာဝ(၃)စည်း ချို့နိုင်၏။

၃။သုဂတိ-ဩပပါတိက(ကမ္ဘာဦး)သတ္တဝါတို့အား ဘာဝဒသကကလာပ်(၁) စည်း ချို့နိုင်၏။

**လင်္ကာ**။ စက္ခု-သောတ၊ ဃာန-ဘာဝ၊ ချို့ကောင်းရာကား၊ နှစ်ဖြာဂဗ္ဘ၊ သံသေဒမှတ်၊ ဥပပါတ်မှာ၊ ပါယ်၌သာလျှင်၊ စက္ခာ-သောတ၊ ဘဝချို့ဘိ၊ သုဂတိကား၊ ကပ်ဦးသား၊ ချို့ငြားဘောတစ်ခု။

http://www.dhammadownload.com



## ဘဝတစ်ခု၌ ရုပ်(၄)မျိုးတို့ အစဦးဆုံးဖြစ်ပေါ်ချိန်များ

၁။ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ကမ္မဇရုပ်များ ဖြစ်၏။
၂။ပဋိသန္ဓေစိတ်နောင် ပထမဘဝင်စိတ်၏ ဥပါဒ်မှစ၍ စိတ္တဇရုပ်များ ဖြစ်၏။
၃။ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ဥတုဇရုပ်များ ဖြစ်၏။
၄။သြဇာပျံ့နှံ့ရာ အခါမှစ၍ အာဟာရဇရုပ်များ ဖြစ်၏။

**ဥပမာ**-အားဖြင့် ထိုရုပ်(၄)မျိုးတို့သည် သတ္တဝါတို့သန္တာန်၌ ဆီမီးလျှံ၊ မြစ်ရေ အယဉ်တို့ကဲ့သို့ အသက်ရှည်သမျှ မပြတ်မစဲ တဖွဲဖွဲ ဖြစ်နေပါသည်။

## ဘဝတစ်ခု၌ ရုပ်(၄)မျိုးတို့ နောက်ဆုံး ချုပ်ပျက်ချိန်များ

၁။စုတိစိတ်၏ ဘင်ခဏမှစ၍ ကမ္မဇရုပ်များ ချုပ်၏။
၂။ကမ္မဇရုပ်ချုပ်ပြီး ခဏငယ်(၄၈)ချက်အကြာ၌ စိတ္တဇရုပ်များ ချုပ်၏။
၃။ကမ္မဇရုပ်ချုပ်ပြီး ခဏငယ်(၅၀)ချက်အကြာ၌ အာဟာရဇရုပ်များ ချုပ်၏။
၄။သေပြီးနောက် အလောင်းကောင်အထိ ဥတုဇရုပ်တို့ ဖြစ်၏။

## ရူပဗြဟ္မာဘုံ၌ ရုပ်ဖြစ်စဉ်များ

ရူပဗြဟ္မာတို့အား**ပဋိသန္ဓေအခါ**၌ ပဋိသန္ဓေစိတ်၏ဥပါဒ်မှစ၍ ခဏတိုင်း၊ခဏ တိုင်း ဇီဝိတနဝကကလာပ်၊ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဝတ္ထု ဒသကကလာပ်ဟူသော ကမ္မဇကလာပ်(၄)စည်းတို့ကို ဖြစ်၏။

ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ္တဇကလာပ်တို့ ဖြစ်၏။

ပဋိသန္ဓေ၏ ဌီမှစ၍ ဥတုဇကလာပ်တို့ ဖြစ်၏။

**ပဝတ္တိအခါ**၌ ပဋိသန္ဓေအခါရသော ကမ္မဇကလာပ်(၄)စည်း၊ စိတ္တဇကလာပ် (၆)စည်း၊ ဥတုဇကလာပ်(၄)စည်း ပေါင်း ကလာပ်(၁၄)စည်းတို့ကို ရ၏။

ရူပဗြဟ္မာကြီးတို့အား ကာမဝိရာဂဘာဝနာ၏အစွမ်းကြောင့် ဃာန၊ဇိဝှါ၊ကာယ၊ ဘာဝရုပ်(၂)ပါး၊ဟူသော ရုပ်(၅)မျိုးတို့ကို မရ။ ကြွင်းသော ရုပ်(၂၃)ပါးတို့ကို ရ၏။

http://www.dhammadownload.com



### ပဋိသန္ဓေအခါရသော ရုပ်(၁၅)ပါး

အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ(၁)၊စက္ခု၊သောတ၊ဟဒယ၊အာကာသ၊ဥပစယ၊ သန္တတိ ပေါင်း(၁၅)ပါး။

### ပဝတ္တိအခါရသော ရုပ်(၂၃)ပါး

အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ(၁)၊စက္ခု၊သောတ၊ဟဒယ၊ အာကာသ၊ ဥပစယ၊ သန္တတိ၊ အာဟာရ၊ဝိကာရ(၅)၊ဇရတာ၊အနိစ္စတာ ပေါင်း(၂၃)ပါး။

### အသညသတ်ဗြဟ္မာ့ဘုံ၌ ရသောရုပ်များ

အသညသတ်ဗြဟ္မာတို့အား ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ်(၁)စည်း၊ ပဝတ္တိအခါ၌ ဇီဝိတနဝကကလာပ်(ကမ္မဇ)သုဒ္ဓဋ္ဌကကလာပ်(ဥတုဇ)လဟုတာဒေကာ ဒသကကလာပ်(ဥတုဇ)(၃)စည်းတို့ကို ရ၏။

ပဋိသန္ဓေအခါ အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊အာကာသ၊ဥပစယ၊သန္တတိ ရုပ်(၁၂)ပါး၊ ပဝတ္တိအခါ အဝိနိဗ္ဘောဂ(၈)၊ဇီဝိတ၊အာကာသ၊ဥပစယ၊သန္တတိ၊(၁၂)ပါးနှင့် လဟုတာဒိ (၃)၊ဇရတာ၊အနိစ္စတာ(၂)ပါး၊ပေါင်း ရုပ်(၁၇)ပါး ရ၏။

### စုတေခြင်း-သေခြင်းဟူသည်

(၁)အာယုခေါ် အသက်(ရုပ်နာမ်ဇီဝိတ)၊ (၁)ဥသ္မာခေါ် ကိုယ်ငွေ့ (ကမ္မဇ တေဇောငွေ့)၊ ၃၊ဝိညာဏ်ခေါ် စိတ်၊ ထို(၃)မျိုးတို့ ချုပ်ဆုံးပျက်စီးခြင်းကို သေသည်ဟု ခေါ်၏။

### ရုပ်သံသရာလည်ပုံ

ဤပစ္စုပ္ပန်ဘဝ၌ ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ဥပါဒ်ကို အစပြု၍ ဖြစ်ကြသကဲ့သို့ သေသည်၏အခြားမဲ့ ဒုတိယဘဝစသည်တို့၌လည်း အသစ်အသစ် သောရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ဥပါဒ်ကို အစပြု၍ ဖြစ်နေကြရသည်။

◆ ◆ ◆

http://www.dhammadownload.com



## နိဗ္ဗာန်အကြောင်း

♦ ♦ ♦

### နိဗ္ဗာန်ဟူသည်

လောကုတ္တရာတရားဟုဆိုအပ်သော မဂ်စိတ်(၄)ပါး၊ဖိုလ်စိတ်(၄)ပါးတို့၏ အာရုံဖြစ်သော ဝါနဟူသော တဏှာမှ လွတ်မြောက်မှုသဘောသည် 'နိဗ္ဗာန်'မည်၏။

### နိဗ္ဗာန်(၁)ပါး

နိဗ္ဗာန်သည် ငြိမ်းအေးခြင်းအမှတ်အသား သန္တိလက္ခဏာအားဖြင့် (၁)မျိုးတည်းသာ ဖြစ်၏။

**ဥပမာ**-တဏှာဖြစ်ပေါ်လာသောအခါ တဏှာကြောင့် ရရှိလာသော ဘဝ၊ ခန္ဓာတို့သည် ပူလောင်လှ၏။ ပင်ပန်းနွမ်းနယ်လှ၏။ တဏှာမရှိသောအခါ တဏှာကြောင့် ဘဝ၊ခန္ဓာ မဖြစ်ရသဖြင့် ပူလောင်ပင်ပန်းမှုတို့ ငြိမ်းအေးရလေတော့သည်။

ထို့သို့ တဒင်္ဂငြိမ်းအေးမှုသည် တဒင်္ဂနိဗ္ဗာန်၊ ကြာကြာငြိမ်းအေးမှုသည် ဝိက္ခမ္ဘန နိဗ္ဗာန်၊ ထာဝရငြိမ်းအေးမှုသည် သမုစ္ဆေဒနိဗ္ဗာန် ဖြစ်၏။

### အကြောင်းပရိယာယ်အားဖြင့် နိဗ္ဗာန်(၂)မျိုး

၁-ကိလေသာတို့မှကြွင်းကျန်ရစ်သော ဝိပါက်နာမ်ခန္ဓာ၊ကမ္မဇရုပ်များ မချုပ်သေးခင်(ပရိနိဗ္ဗာန်မဝင်စံမီ)အာရုံပြုအပ်သောနိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန် မည်၏။

**ဥပမာ**-သောတာပန်၊သကဒါဂါမ်၊အနာဂါမ်တို့ မျက်မှောက်ပြုသောနိဗ္ဗာန်။

၂-ကိလေသာတို့မှကြွင်းကျန်ရစ်သော ဝိပါက်နာမ်ခန္ဓာ၊ကမ္မဇရုပ်များ ချုပ်ငြိမ်းပြီးနောက် အာရုံပြုအပ်သောနိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

**ဥပမာ**-ရဟန္တာတို့မျက်မှောက်ပြုအပ်သောနိဗ္ဗာန်၊ ပရိနိဗ္ဗာန်ဝင်စံပြီးချိန် ဆိုက်ရောက်အပ်သော နိဗ္ဗာန်။ (ခန္ဓာအသစ်+အဟောင်းချုပ်ငြိမ်းမှု)

### အခြင်းအရာအားဖြင့် နိဗ္ဗာန်(၃)မျိုး

၁။ရာဂ၊ဒေါသ၊မောဟတို့မှ ကင်းဆိတ်ရာသည် 'သုညတ'နိဗ္ဗာန်မည်၏။
၂။ရာဂစသည်ဖြစ်ရာ အကြောင်းနိမိတ်ကင်းရာသည်'အနိမိတ္တ'နိဗ္ဗာန် မည်၏။

http://www.dhammadownload.com



၃။တဏှာဟူသော တောင့်တမှုကင်းရာသည် 'အပ္ပဏိဟိတ'နိဗ္ဗာန် မည်၏။

**နိဗ္ဗာန်၏ဂုဏ်ရည်များ**

၁။နိဗ္ဗာန်သည် စုတိရွေ့လျောခြင်းမရှိခြင်း'အစ္စုတ'ဂုဏ်၊

၂။သေခြင်းဟူသော အဆုံးကို လွန်ပြီးခြင်း အစ္စန္တဂုဏ်၊

၃။ကံ၊စိတ်၊ဥတု၊အာဟာရဟူသော အကြောင်းလေးပါး တို့ မပြုပြင်မစီရင် အပ်ခြင်း အသင်္ခတဂုဏ်၊

၄။မိမိထက် လွန်မြတ်သောတရား လုံးဝမရှိတော့ခြင်း အနုတ္တရဂုဏ်။

ဤဂုဏ်ရည်တို့ဖြင့် ပြည့်စုံသော ပရမတ်တရားမျိုးကို နိဗ္ဗာန်ဟု တဏှာမှ လွတ်တော်မူကုန်သော ဘုရားရှင်တို့ ဟောကြားတော်မူသည်။

**ဓမ္မစိန္တာနှန်များ**

၁။နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်နှင့်၊ မျက်မှောက်ပြု နိုင်မည့် နည်းရှိ/မရှိ ရှင်းပြပါ။ (ရှိ)

၂။ဝိပဿနာ အားထုတ်နေသော ကလျာဏပုထုဇဉ်များ နိဗ္ဗာန်ကို တိုက်ရိုက် မြင်နိုင်/မမြင်နိုင် ဖြေပါ။ (မှန်းဆ၍သာမြင်နိုင်)

၃။နိဗ္ဗာန်၌ ဘာမျှမရှိဟုဆိုက သင့်/မသင့် ရှင်းပြပါ။ (မသင့်) မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုနိုင်သောတရားမျိုးဖြစ်။

၄။နိဗ္ဗာန်သည် အသင်္ခတတရားဖြစ်သဖြင့် မဂ်ဖိုလ်တို့ကိုလည်း အသင်္ခတ တရားဟု ဆိုနိုင်မဆိုနိုင်။ (မဆိုနိုင်)

၅။နိဗ္ဗာန်သည် စိတ်၊စေတသိက်၊ရုပ်တရားတို့တွင် အဘယ်တရားထဲ၌ ပါဝင် ပါသနည်း။ (လောကုတ္တရာစိတ်(၈)ပါးတို့ဖြင့်သာ အာရုံပြုနိုင်သောတရားမျိုးဖြစ်)

၆။စိတ်(၈၉)ပါးတို့တွင် နိဗ္ဗာန်မပါဝင်သဖြင့် စိတ်ဖြင့် အာရုံပြုနိုင်မှု ဖြစ်သင့်၊ မဖြစ်သင့် ရှင်းပါ။ ဟိုဘက်ကမ်းသည် ဤဘက်ကမ်း၌ မပါဝင်သော်လည်း သွား၍ ရကောင်းသကဲ့သို့၊ စိတ်ဖြင့် အာရုံမပြုနိုင်သောတရားမျိုးမရှိသဖြင့် စိတ်ဖြင့် အာရုံ ပြုနိုင်သည်။

ရုပ်ပိုင်းပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

# (၇)သမုစ္စည်းပိုင်း

(ပရမတ်အဖွဲ့အစည်းတရားများ)

♦ ♦ ♦

**သမုစ္စည်း၏သဘော**

ပရမတ်တရား(၄)ပါးတို့ကို သဘောတူရာချင်း ပေါင်းသင်းဖွဲ့စည်း၍ ပြခြင်းသဘောကို သမုစ္စည်းဟု ခေါ်၏။

**သလက္ခဏ-ဝတ္ထုဓမ္မတရားများ**

မိမိတို့ဆိုင်ရာ ကိုယ်ပိုင်သဘာဝလက္ခဏာရှိသော တရားတို့ကို 'သလက္ခဏ' တရားဟု ခေါ်၏။ ပရမတ်အလို အထည်ကိုယ်ရကောင်းသောကြောင့် 'ဝတ္ထုဓမ္မ' ဟုလည်း ခေါ်၏။ 'ပရမတ်အစစ်'လည်းခေါ်၏။ ထိုတရားတို့မှာ (၇၂)ပါး ရှိ၏။

၁။ **စိတ်** - ၁-ပါး၊

၂။ **စေတသိက်**- ၅၂-ပါး၊

၃။ **နိပ္ဖန္နရုပ်**- ၁၈-ပါး

၄။ **နိဗ္ဗာန်**- ၁-ပါး၊ ပေါင်း (၇၂)ပါး။

လင်္ကာ။ နာမ်တေပည်၊ ရုပ်နိပ္ဖန်၊ နိဗ္ဗာန်ယူဘိ၊ ဒွါသတ္တတိ။

**သမုစ္စည်းသင်္ဂဟ(၄)မျိုး**

၁။ အကုသလသင်္ဂဟ-အကုသိုလ်အဖွဲ့အစည်းတရားများ၊

၂။ မိဿကသင်္ဂဟ-ကုသိုလ်၊အကုသိုလ်အရောအဖွဲ့အစည်းတရားများ၊

၃။ ဗောဓိပက္ခိယသင်္ဂဟ-ကုသိုလ်အဖွဲ့အစည်းတရားများ၊

၄။ သဗ္ဗသင်္ဂဟ-ပရမတ်အားလုံးအဖွဲ့အစည်းတရားများ၊

♦ ♦ ♦

http://www.dhammadownload.com



# (၁)အကုသလသင်္ဂဟ
(အကုသိုလ်အဖွဲ့အစည်းတရားများ)

♦ ♦ ♦

### အကုသလသင်္ဂဟဟူသည်

အကုသိုလ်တရားတို့ကို ပေါင်းစုဖွဲ့စည်း၍ ရေတွက်ပြရာအပိုင်းကို 'အကုသလသင်္ဂဟ'ဟု ခေါ်၏။

အကုသလသင်္ဂဟ၌ ပြဆိုမည့် အကုသိုလ်အဖွဲ့အစည်းတရားမှာ- အာသဝ၊ သြဃ၊ယောဂ၊ဂန္ထ၊ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ကိလေသာတို့ ဖြစ်၏။ **လင်္ကာ**။ အာ,သြ,ယော,ဂန်၊ ဥ,နီ-မှန်၊ နု,သံ,ကိလေသာ။

## အာသဝ(၄)ပါး

### အာသဝ၏သဘော

အရက်၊စိမ်ရည်တို့နှင့်တူစွာ ယစ်မူးစေသောသဘော၊ ဒွါရ၊အာရုံတို့မှ ယိုစီးတတ်သောသဘော၊ ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ပျံ့နှံ့၍ ဖြစ်တတ်သောသဘောသည် 'အာသဝ' မည်၏။

၁။ **ကာမာသဝ**- (လောဘမူစိတ်-၈-ခု၌ရှိသော)လောဘ
၂။ **ဘဝါသဝ**- (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄-ခု၌ရှိသော)လောဘ
၃။ **ဒိဋ္ဌာသဝ**- (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခု၌ရှိသော)ဒိဋ္ဌိ
၄။ **အဝိဇ္ဇာသဝ**- (အကုသိုလ်စိတ်-၁၂-ပါး၌ရှိသော)မောဟ

**ဥပမာ**- အဆင်း၊အသံစသော ကာမဂုဏ်အာရုံတို့၌ နှစ်သက် သဘောကျနေမှုသည် 'ကာမာသဝ' ယိုစီးဖြစ်ပေါ်နေခြင်း ဖြစ်၏။

## သြဃ(၄)ပါး

### သြဃ၏သဘော

ရေအယဉ်သည် သတ္တဝါတို့ကို လွှမ်းမိုးနစ်မြုပ်စေသကဲ့သို့၊ မိမိကိန်းရာ သတ္တဝါကို ဝဋ်ဒုက္ခ၌ အပါယ်လေးပါးအထိ လွှမ်းမိုးနစ်မြုပ်စေတတ်သောသဘောသည် 'သြဃ' မည်၏။

၁။ **ကာမောဃ**- (လောဘမူစိတ်-၈-ခု၌ရှိသော)လောဘ

http://www.dhammadownload.com



၂။ **ဘဝေါဃ**- (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄-ခုဌ်ရှိသော)လောဘ
၃။ **ဒိဋ္ဌောဃ**- (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခုဌ်ရှိသော)ဒိဋ္ဌိ
၄။ **အဝိဇ္ဇောဃ**- (အကုသိုလ်စိတ်-၁၂-ပါးဌ်ရှိသော)မောဟ

**ဥပမာ**- TVကြည့်မှု၊သီချင်းနားထောင်မှုစသည်တို့ကို ခုံမင်အားထုတ်နေမှုတို့သည် 'ကာမောဃ' ဖြစ်၏။

## ယောဂ(၄)ပါး

**ယောဂ၏သဘော**

အစေးဖြင့် ကပ်ထားသကဲ့သို့ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲတို့၌ ယှဉ်စပ်ပေးတတ်သောသဘောသည် 'ယောဂ' မည်၏။

၁။ **ကာမယောဂ**- (လောဘမူစိတ်-၈-ခုဌ်ရှိသော)လောဘ
၂။ **ဘဝယောဂ**- (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄-ခုဌ်ရှိသော)လောဘ
၃။ **ဒိဋ္ဌိယောဂ**- (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခုဌ်ရှိသော)ဒိဋ္ဌိ
၄။ **အဝိဇ္ဇာယောဂ**- (အကုသိုလ်စိတ်-၁၂-ပါးဌ်ရှိသော)မောဟ

**မှတ်ချက်။** အာသဝ၊ဩဃ၊ယောဂ(၃)မျိုးလုံးသည် သရုပ်အရကောက် တူ၏။

## ဂန္ထ(၄)ပါး

**ဂန္ထ၏သဘော**

သံကွင်းချင်းဆက်ထားသကဲ့သို့ သတ္တဝါတို့ကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် ထုံးနှောင်ဖွဲ့ယှက်ပေးတတ်သောသဘောသည် 'ဂန္ထ'မည်၏။

၁။ **အဘိဇ္ဈာ ကာယဂန္ထ**- လောဘ၊
၂။ **ဗျာပါဒ ကာယဂန္ထ**- ဒေါသ၊
၃။ **သီလဗ္ဗတ ပရာမာသ ကာယဂန္ထ**- ဒိဋ္ဌိ၊
၄။ **ဣဒံ သစ္စာဘိနိဝေသ ကာယဂန္ထ**- ဒိဋ္ဌိ၊

**ကာယဂန္ထ ဟူသည်**

နာမကာယနှင့် ရူပကာယကို 'ကာယ'ဟု ဆို၏။ ထိုကာယနှစ်မျိုးကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင်(ရုန်းမထွက်နိုင်အောင်) ထုံးနှောင်ဖွဲ့ယှက်ပေးတတ်သော

http://www.dhammadownload.com



သဘောကို 'ကာယဂန္ထ'ဟု ခေါ်သည်

၁။ အာရုံတစ်ခုခုကို ရှေးရှုကြံစည်ခြင်း၊ လိုချင်ခြင်းသည် အဘိဇ္ဈာ။

၂။ စိတ်၏ဖေါက်ပြန်ပျက်စီးခြင်း၊ စိတ်ဆိုးခြင်းသည် ဗျာပါဒ။

၃။ နွားခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာမှ လွတ်မြောက်၏ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းခြင်းသည် သီလဗ္ဗတ-ပရာမာသ။

၄။အယူမှားကို ယူလျက်၊ ဤငါ့အယူသည်သာ မှန်၏၊ ကျန်အယူအားလုံးသည် အလွဲချည်းဟု လွန်ကဲစွာ စွဲလန်းယူဆခြင်းသည် ဣဒံသစ္စာဘိနိဝေသ။

**ဥပမာ-စီးပွားရေး၌ ရှေးရှုကြံစည်နေမှုသည် အဘိဇ္ဈာကာယဂန္ထ မည်၏။**

## ဥပါဒါန်(၄)ပါး

### ဥပါဒါန်၏သဘော

ဖားကို မြွေဖမ်းသကဲ့သို့၊ အာရုံကို မစွန့်လွှတ်နိုင်ဘဲ မြဲမြံစွာ စွဲလန်းယူမှု သဘောသည် '**ဥပါဒါန်**' မည်၏။

၁။ **ကာမုပါဒါန်**- လောဘ၊
၂။ **ဒိဋ္ဌုပါဒါန်**- ဒိဋ္ဌိ၊
၃။ **သီလဗ္ဗတုပါဒါန်**- ဒိဋ္ဌိ၊
၄။ **အတ္တဝါဒုပါဒါန်**- ဒိဋ္ဌိ၊

၁။ ကာမဂုဏ်အာရုံငါးပါးတို့ကို မြဲမြံစွာ စွဲလမ်းယူမှုသည် ကာမုပါဒါန်။

**ဥပမာ**-အရက်စွဲသူ၊ ဆေးလိပ်စွဲသူ၊အစားမက်သူ၊ဘောလုံးပွဲစွဲသူတို့ ဖြစ်၏။

၂။ မှားသောအယူအဆတို့ကို မြဲမြံစွာ စွဲလမ်းယူမှုသည် ဒိဋ္ဌုပါဒါန်။

**ဥပမာ**-လှူဒါန်းမှုသည် ကုန်ခန်းခြင်းဖြစ်၏စသည် စွဲယူမှု ဖြစ်၏။

၃။ နွားတို့၏အလေ့အကျင့်မျိုးတို့ဖြင့် ကိလေသာမှ စင်ကြယ်၏ဟု မြဲမြံစွာ စွဲလမ်းယူမှုသည် သီလဗ္ဗတုပါဒါန်။

**ဥပမာ**-နွားလိုသွားခြင်း၊နွားလိုစားခြင်းဖြင့် အကျိုးရှိ၏ဟု စွဲယူမှု ဖြစ်၏။

၄။ ငါ၊သူတစ်ပါး၊ယောကျာ်း၊မိန်းမအနေဖြင့် မြဲမြံစွာ စွဲလမ်းယူမှုသည် အတ္တဝါဒုပါဒါန်။

**ဥပမာ**-ပုဂ္ဂိုလ်၊သတ္တဝါ၊အတ္တ၊ဇီဝ၊အသက်၊လိပ်ပြာရှိ၏ဟုစွဲယူမှုများ၊ ပုဂ္ဂိုလ် သတ္တဝါတို့၌ ခေါင်း၊ခါး၊ခြေ၊လက်စသည်ရှိ၏ဟု အယူအစွဲများ ဖြစ်၏။

http://www.dhammadownload.com



## နီဝရဏ(၆)ပါး

**နီဝရဏ၏သဘော**

ဈာန်စသော ကုသိုလ်တရားများ ဖြစ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သောသဘောသည် 'နီဝရဏ'မည်၏။

၁။ **ကာမစ္ဆန္ဒနီဝရဏ-** လောဘ၊
၂။ **ဗျာပါဒနီဝရဏ-** ဒေါသ၊
၃။ **ထိနမိဒ္ဓနီဝရဏ-** ထိန၊မိဒ္ဓ
၄။ **ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ-** ဥဒ္ဓစ္စ၊ကုက္ကုစ္စ
၅။ **ဝိစိကိစ္ဆာနီဝရဏ-** ဝိစိကိစ္ဆာ
၆။ **အဝိဇ္ဇာနီဝရဏ-** အဝိဇ္ဇာ

၁။ ကာမဆန္ဒသည်ပင် ဈာန်စသောကုသိုလ်တရားများ ဖြစ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သောကြောင့် နီဝရဏမည်၍ ကာမစ္ဆန္ဒနီဝရဏ မည်၏။

၂။ ထိနနှင့် မိဒ္ဓနှစ်ပါးသည် တွန့်ဆုတ်မှုကိစ္စ၊ ပျင်းရိခြင်းအကြောင်း၊ ဝီရိယ၏ဆန့်ကျင်ဘက်အားဖြင့် တူညီကြ၍ နီဝရဏ(၁)ပါးတည်း ဟော၏။

၃။ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စသည် မငြိမ်သက်မှုကိစ္စ၊ ဉာတိဗျသနစသည်ကို ကြံစည်ခြင်းအကြောင်း၊ သမာဓိ၏ဆန့်ကျင်ဘက်တို့ တူညီ၍ နီဝရဏ(၁)ပါးတည်း ဟော၏။

၄။ နီဝရဏတရားသည် (၆)ပါးဖြစ်သော်လည်း တရားကိုယ်(၈)ပါး ဖြစ်၏။

**ဥပမာ**-အစားအသောက် ခုံမင်မှု၊ အပျော်အပါးတို့၌ စိတ်ဝင်စားနေမှုတို့သည် ကာမစ္ဆနီဝရဏ ဖြစ်၏။

## အနုသယ(၇)ပါး

**အနုသယ၏သဘော**

မဂ်ဖြင့်မပယ်ရသေးသော သတ္တဝါတို့သန္တာန်၌ အဖန်တလဲလဲ (ကိန်းအောင်) ဖြစ်ပေါ်လာတတ်သောသဘောသည် 'အနုသယ'မည်၏။

၁။ **ကာမရာဂါနုသယ-** လောဘ
၂။ **ဘဝရာဂါနုသယ-** လောဘ
၃။ **ပဋိဃာနုသယ-** ဒေါသ
၄။ **မာနာနုသယ-** မာန

http://www.dhammadownload.com



၅။ ဒိဋ္ဌာနုသယ- ဒိဋ္ဌိ
၆။ ဝိစိကိစ္ဆာနုသယ- ဝိစိကိစ္ဆာ
၇။ အဝိဇ္ဇာနုသယ အဝိဇ္ဇာ

## လက်တွေ့အသုံးချပုံ

ကိလေသာတို့၏ ဖြစ်စဉ်သည် အဆင့်(၃)ဆင့် ရှိ၏။ (၁) ကိုယ်ထိလက်ရောက်ပြုလုပ်မှု (ဝီတိက္ကမ)အဆင့်၊ (၂)စိတ်မှာ ထကြွသောင်းကျန်းမှု (ပရိယုဋ္ဌာန) အဆင့်၊ (၃) သန္တာန်အစဉ်၌ဖြစ်တည် ကိန်းအောင်းမှု(အနုသယ)အဆင့် ဖြစ်၏။

**ဥပမာ**-သူတစ်ပါးအသက်ကို သတ်မိသောအခါ ဝီတိက္ကမအဆင့်ဖြင့် ကိလေသာ ပေါ်၏။ သူတစ်ပါးအသက်ကို သတ်လိုစိတ်ဖြစ်သောအခါ ပရိယုဋ္ဌာန အဆင့်ဖြင့် ကိလေသာ ဖြစ်၏။ ကိလေသာဖြစ်ဖို့ရာ အာရုံတို့နှင့် မကြုံကြိုက်သော အခါတို့၌ကား သတ်မိခြင်းလည်းမဖြစ်၊ သတ်လိုစိတ်လည်း မပေါ်၊ သို့သော်လည်း ရင်တွင်း၌ ကိန်းအောင်းမှုအနေဖြင့်ကား (အနည်ထိုင်သကဲ့သို့) ကိလေသာတို့သည် သန္တာန်အစဉ်၏အစွမ်းဖြင့် ရှိနေကြသည်သာ။ ထိုသို့သော ကိလေသာသတ္တိသည်ကား အနုသယကိလေသာအဆင့် မည်၏။

အနုသယကိလေသာရှိသည်၏အဖြစ်ကို မည်သို့ သိရှိနိုင်မည်နည်း? ဆိုသော် အာရုံမကြုံ၍သာ မဖြစ်သောကိလေသာဖြစ်သဖြင့် ထိုကိလေသာရှိ/ မရှိသိလိုပါက ဆိုင်ရာအကြိုက်အာရုံများနှင့် တွေ့ဆုံပေးလျှင် သိရပေတော့၏။

## သံယောဇဉ်တရား ၁၀-ပါး၊ (သုတ္တန်နည်း)

### သံယောဇဉ်၏သဘော

ကြိုးဖြင့် တုပ်ချည်နှောင်ထားသကဲ့သို့၊ သတ္တဝါတို့ကို ထိုထိုဘဝ၊ဝဋ္ဋဒုက္ခတို့မှ မလွတ်ရအောင် တုပ်ချည်နှောင်ထားတတ်သောသဘောသည် **'သံယောဇဉ်'** မည်၏။

၁။ကာမရာဂသံယောဇဉ်- လောဘ
၂။ရူပရာဂသံယောဇဉ်- ။
၃။အရူပရာဂသံယောဇဉ်- ။
၄။ပဋိဃသံယောဇဉ်- ဒေါသ
၅။မာနသံယောဇဉ်- မာန

၆။ဒိဋ္ဌိသံယောဇဉ်၊ - ဒိဋ္ဌိ
၇။သီလဗ္ဗတပရာမာသ သံယောဇဉ်-။
၈။ဝိစိကိစ္ဆာသံယောဇဉ်- ဝိစိကိစ္ဆာ
၉။ဥဒ္ဓစ္စသံယောဇဉ်- ဥဒ္ဓစ္စ
၁၀။အဝိဇ္ဇာ သံယောဇဉ်- အဝိဇ္ဇာ

မှတ်ချက်။ တရားကိုယ်မှာ တူရာပေါင်း၍ (၇)ပါး။

## သံယောဇဉ်တရား ၁၀-ပါး၊(အဘိဓမ္မာနည်း)

၁။ကာမရာဂသံယောဇဉ်- လောဘ
၂။ဘဝရာဂသံယောဇဉ်- ။
၃။ပဋိဃသံယောဇဉ်- ဒေါသ
၄။မာနသံယောဇဉ်- မာန
၅။ဒိဋ္ဌိသံယောဇဉ်- ဒိဋ္ဌိ
၆။သီလဗ္ဗတပရာမသသံယောဇဉ်- ။
၇။ဣဿာသံယောဇဉ်- ဣဿာ
၈။မစ္ဆရိယသံယောဇဉ်- မစ္ဆရိယ
၉။ဝိစိကိစ္ဆာသံယောဇဉ်- ဝိစိကိစ္ဆာ
၁၀။အဝိဇ္ဇာသံယောဇဉ်- မောဟ

မှတ်ချက်။ တရားကိုယ်မှာ တူရာပေါင်း၍ (၇)ပါး။

ဥပမာ- သားသမီး၊ဇနီး၊ခင်ပွန်းစသူတို့အပေါ် ချစ်ခင်နေမှုသည် ကာမရာဂသံယောဇဉ် ဖြစ်၏။ မိမိရန်သူတို့အပေါ် မုန်းတီးနေမှုသည် ပဋိဃသံယောဇဉ် ဖြစ်၏။ သေလျှင် နတ်ဖြစ်ချင်မှုစသည်တို့မှာ ဘဝရာဂသံယောဇဉ် ဖြစ်၏။

## ကိလေသာတရား ၁၀-ပါး

### ကိလေသာ၏သဘော

အဝတ်ဖြူကို ညစ်ပေစေသော အညစ်အကြေးကဲ့သို့၊ စိတ်ကို ပူပန်ညစ်ပတ်၊ နှိပ်စက်တတ်သောသဘောသည် 'ကိလေသာ' မည်၏။

၁။လောဘ-လိုချင်မှုသဘော။

http://www.dhammadownload.com



၂။ဒေါသ - ဖျက်ဆီးလိုမှုသဘော။
၃။မောဟ - တွေဝေမှုသဘော။
၄။မာန - ထောင်လွှားမှုသဘော။
၅။ဒိဋ္ဌိ - အယူမှားမှုသဘော။
၆။ဝိစိကိစ္ဆာ - ယုံမှားသံသယသဘော။
၇။ထိန - ထိုင်းမှိုင်းမှုသဘော။
၈။ဥဒ္ဓစ္စ - ပျံ့လွင့်တုန်လှုပ်မှုသဘော။
၉။အဟိရိက - မရှက်မှုသဘော။
၁၀။အနောတ္တပ္ပ - မလန့်မှုသဘော။

ဥပမာ- အာရုံငါးပါးတို့၌ နှစ်သက်ကျေနပ်သဘောကျနေမှုသည် လောဘ၊ မနှစ်သက်၊မကျေနပ်ဖြစ်နေမှုသည် ဒေါသစသည် ဖြစ်၏။ ထိုလောဘ၊ဒေါသတစ်ပါးပါးတို့ ဝင်ရောက်ဖြစ်ပေါ်နေပါက စိတ်အစဉ်သည် မကြည်လင်ဘဲ ပူပန်ညှိုးနွမ်း၏။

## (၁၅၀၀)ကိလေသာ

၁။ နာမ်တေပညာသ(၅၃)ပါး၊
၂။ နိပ္ဖန္နရုပ် (၁၈)ပါး
၃။ လက္ခဏာရုပ်(၄) ပေါင်း (၇၅)ပါး၊
၄။ အဇ္ဈတ္တ+ဗဟိဒ္ဓဟူသောသန္တာန်နှစ်ဝနှင့် မြှောက်(၇၅×၂=၁၅၀)
၅။ ကိလေသာ(၁၀)ပါးဖြင့် ထပ်မြှောက်( (၁၅၀×၁၀=၁၅၀၀)

လင်္ကာ။ နာမ်တေပည်၊ ရုပ်-နိပ္ဖန်၊ လက္ခဏာရုပ်လေး၊
သန္တာန်နှစ်ဝ၊ မြှောက်ဆင့်က ၁၅၀-ရေး။
ဆယ်ကိလေသာ၊ မြှောက်ဆင့်ပါ၊ ၁၅၀၀တွေး။

### ဓမ္မဝိဓ္ဒာန်များ

၁။ ပရမတ်တရားတို့ကို အတု/အစစ် ခွဲစိစစ်ပြပါ။ (၇၂-ပါး+၁၀-ပါး)

၂။ ကိုယ်ပြောသမျှအမှန်၊ ကိုယ်လုပ်သမျှအကောင်းဟု အယူစောင်းနေမှုသည် မည်သည့်အကုသိုလ်တရားမျိုး ဖြစ်ပါသနည်း။ (သီလဗ္ဗတုပါဒါန်)

၃။ ကော်ဖီကို မသောက်ရမနေနိုင်အောင် စွဲလန်းနေမှုသည် မည်သည့်ဥပါဒါန် ဖြစ်ပါသနည်း။ (ကာမုပါဒါန်)

http://www.dhammadownload.com



၄။တရားဘာဝနာကို လေ့လာလိုက်စားမည့်ကြံတိုင်း စိတ်မပါဖြစ်နေပါက မည့်သည့် နီဝရဏက ပိတ်ဆို့တားမြစ်ခံနေရသည် မည်ပါသနည်း။(ဥဒ္ဒစ္စနီဝရဏ)

၅။ကိုယ့်ပြိုင်ဘက်တစ်ယောက်ကို မြင်ရသောအခါ မုန်းတီးနေသည့်အခါ မည့်သည့်သံယောဇဉ်ကြိုးက ချည်နှောင်နေမှု ဖြစ်ပါသနည်း။ (ပဋိဃသံယောဇဉ်)

၆။လူသားတို့၏သန္တာန်၌ မာန်ဝံ့ကြွားမှု မာနတရားသည် မည့်သည့်အမည်များဖြင့် ဝင်ရောက်မွေနှောက်လေ့ရှိသနည်း။ (အမည်-၃-)

♦♦♦

## ၂။ မိဿက သင်္ဂဟ

(ရောနှောသောအဖွဲ့အစည်းတရားများ)

### မိဿကသင်္ဂဟဟူသည်

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတရားတို့ကို ရောနှောဖွဲ့စည်း၍ ရေတွက်ပြရာအပိုင်းကို 'မိဿကသင်္ဂဟ'ဟု ခေါ်သည်။

မိဿကသင်္ဂဟ၌ ပြဆိုမည့် ရောနှောသောအဖွဲ့အစည်းတရားများမှာ (၁)ဟိတ်-၆-ပါး၊ (၂)ဈာနင် ၇-ပါး၊ (၃)မဂ္ဂင် ၁၂-ပါး၊ (၄)ဣန္ဒြေ ၂၂-ပါး၊ (၅)ဗိုလ် ၉-ပါး၊ (၆)အဓိပတိ ၄-ပါး၊ (၇)အာဟာရ ၄-ပါးဟူ၍ (၇)မျိုး ဖြစ်၏။

**လင်္ကာ။** ဟေ,ဈာ,မဂ္ဂ၊ ဣန်,ဗလ၊ ဓိ,ဟာ ခုနှစ်ဝ။

## ဟိတ်တရား(၆)ပါး

### ဟိတ်၏သဘော

ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခံ့စည်ပင်စေရန် ထောက်ပံ့သကဲ့သို့၊ မိမိနှင့်တကွဖြစ်ဖက် ရုပ်နာမ်တရားတို့ကို ခိုင်ခံ့စည်ပင်စေရန် ထောက်ပံ့တတ်သောသဘောသည် 'ဟိတ်' မည်၏။

**၁။အကုသိုလ်ဟိတ်(၃)ပါး**

လောဘ၊ဒေါသ၊မောဟ၊ (အကုသိုလ်စိတ်နှင့်ယှဉ်ခိုက်)

**၂။ကုသိုလ်ဟိတ်(၃)ပါး**

အလောဘ၊အဒေါသ၊အမောဟ၊(ကုသိုလ်စိတ်နှင့်ယှဉ်ခိုက်)

http://www.dhammadownload.com



**၃။အဗျာကတဟိတ်(၃)ပါး**

အလောဘ၊အဒေါသ၊အမောဟ(ဝိပါက်၊ကြိယာစိတ် တို့နှင့်ယှဉ်ခိုက်)

ဥပမာ- ပေးကမ်းလှူဒါန်းမှု၊သီလဆောက်တည်မှု၊တရားစာပေ လေ့လာသင်ယူမှုစသည်တို့သည် ကုသိုလ်ဟိတ်(၃)ပါး မြစ်ဖျားခံမှုကြောင့်သာ ဖြစ်၏။ သူ့အသက်သတ်မှု၊ လိမ်ညာပြောဆိုမှုစသည်တို့သည် အကုသိုလ်ဟိတ်(၃)ပါး မြစ်ဖျားခံနေမှုကြောင့် ဖြစ်၏။

## ဈာနင်တရား(၇)ပါး

**ဈာန်နှင့် ဈာနင်၏သဘော**

ဆိုင်ရာအာရုံကို စိုက်စိုက်စူးစူး အထူးရှုတတ်သော သဘောကို 'ဈာန်'ဟု ခေါ်၏။

ထိုဈာန်၏ အစိတ်အင်္ဂါများဖြစ်သော ဝိတက်၊ ဝိစာရစသောတရားတို့ကိုကား 'ဈာနင်'ဟု ခေါ်၏။

၁။ **ဝိတက်** - (သဝိတက္ကစိတ် ၅၅ ၌ယှဉ်သောဝိတက်)

၂။ **ဝိစာရ**- (သဝိစာရစိတ် ၆၆ ၌ယှဉ်သောဝိစာရ)

၃။ **ပီတိ**- (ပီတိသဟဂုတ်စိတ် ၅၁ ၌ယှဉ်သောပီတိ)

၄။ **ဧကဂ္ဂတာ**-(ဒွေပဉ္စဝိညာဏ်(၁၀)ကြဉ် ၇၉၌ယှဉ်သော ဧကဂ္ဂတာ)

၅။ သောမနဿ-(သောမနဿသဟဂုတ်စိတ် ၆၂၌ယှဉ်သော သောမနဿ)

၆။ ဒေါမနဿ-(ဒေါသမူစိတ် ၂ ၌ယှဉ်သော ဒေါမနဿဝေဒနာ)

၇။ ဥပေက္ခာ- (ပဉ္စဝိညာဏ်ဥပေက္ခာ ၈ကြဉ် ၄၇၌ယှဉ်သော ဥပေက္ခာ)

ဥပမာ-စားဝတ်နေရေးစသည်တို့ကို ကြံတွေးနေမှုသည် ဝိတက်ဈာနင် ဖြစ်၏။ သို့သော် ဈာန်မဖြစ်။ ဝိတက်အစ၊ ဧကဂ္ဂတာအဆုံးရှိသော ဈာန်အင်္ဂါတို့၏ စုပေါင်းစွမ်းအားကိုသာ ဈာန်ဟု ခေါ်၏။ အကုသိုလ်အရာ၌လည်း ဈာနင်တရားတို့ ဖြစ်၏။ ကုသိုလ်အရာ၌လည်း ဈာနင်တရားတို့ ဖြစ်၏။ စိတ်ပိုင်း၌ ပြဆိုထားသော ဈာန်ဟူသည်မှာကား အကုသိုလ်အရာမဟုတ်။ ကုသိုလ်အရာသာ ဖြစ်၏။

မှတ်ချက်။ ဈာနင်(၇)ပါးဖြစ်သော်လည်း သောမနဿ၊ဒေါမနဿ၊ဥပေက္ခာတို့ကို ဝေဒနာ တစ်ပါးတည်းသာ ယူ၍ တရားကိုယ်ကား (၅)ပါးသာ ရှိ၏။

http://www.dhammadownload.com



**ဈာနင်(၇)ပါးကို ဓာတ်အားဖြင့်ခွဲပုံ**

ဒေါမနဿဈာနင်သည် အကုသိုလ်ဇာတ်ဖြစ်၏။

ကြွင်း(၆)ပါးသည် ကုသိုလ်၊အကုသိုလ်၊အဗျာကတဇာတ် ဖြစ်၏။

## မဂ္ဂင်တရား(၁၂)ပါး

**မဂ်နှင့် မဂ္ဂင်၏သဘော**

မဂ်-ဟူသည် လမ်းဟု အဓိပ္ပါယ် ရ၏။ ပကတိလမ်းသည် မြို့ရွာစသည်သို့ ရောက်ကြောင်းဖြစ်သကဲ့သို့၊ သုဂတိနိဗ္ဗာန်သို့လည်းကောင်း၊ ဒုဂ္ဂတိ၊အပါယ်သို့လည်း ကောင်း ရောက်ကြောင်းဖြစ်သောကြောင့် 'မဂ်'မည်၏။ (သမ္မာမဂ်+မိစ္ဆာမဂ်)

ထိုမဂ်၏အစိတ်အင်္ဂါများဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မသင်္ကပ္ပ စသောတရား တို့ကိုကား 'မဂ္ဂင်'ဟု ခေါ်၏။ (မဂ္ဂ+အင်္ဂ)

**သမ္မာမဂ်(၈)ပါး**

သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်၊ သမ္မာဝါယာမမဂ္ဂင်၊ သမ္မာသတိမဂ္ဂင်၊ သမ္မာ သမာဓိမဂ္ဂင်၊

**မိစ္ဆာမဂ်(၄)ပါး**

မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊ မိစ္ဆာဝါယာမမဂ္ဂင်၊မိစ္ဆာသမာဓိမဂ္ဂင်။

**မဂ္ဂင်(၁၂)ပါး တရားကိုယ်(၉)ပါး**

၁။ **သမ္မာဒိဋ္ဌိ**- မှန်သောအမြင် (တိဟိတ်စိတ် ၄၇၌ယှဉ်သော ပညာ)

၂။ **သမ္မာသင်္ကပ္ပ**-မှန်သောအကြံ(ကာမသောဘန ၂၄၊ပ-ဈာန် ၁၁+(၃၅)၌ဝိတက်)

၃။ **သမ္မာဝါစာ**-မှန်သောအပြော(မဟာကု ၈၊လောကုတ်-၈+(၁၆)၌ သမ္မာဝါစာ)

၄။ **သမ္မာကမ္မန္တ**-မှန်သောအပြု(မဟာကု ၈၊လောကုတ်-၈+(၁၆)၌ သမ္မာကမ္မန္တ)

၅။ **သမ္မာအာဇီဝ**-မှန်သောအသက်မွေးမှု(မဟာကု၈၊လောကုတ်-၈+(၁၆)၌ သမ္မာအာဇီဝ)

၆။ **သမ္မာဝါယာမ**-မှန်သောအားထုတ်မှု(သောဘနစိတ် ၅၉ ၌ယှဉ် ဝီရိယ)

၇။ **သမ္မာသတိ**-မှန်သောအမှတ်ရမှု(သောဘနစိတ် ၅၉ ၌ယှဉ် သတိ)

၈။ **သမ္မာသမာဓိ**-မှန်သောတည်ကြည်မှု(သောဘနစိတ် ၅၉ ၌ယှဉ် ဧကဂ္ဂတာ)

http://www.dhammadownload.com



၉။မိစ္ဆာဒိဋ္ဌိ- မှားသောအမြင် (ဒိဋ္ဌိဂတသမ္ပယုတ် ၄ ၌ယှဉ် ဒိဋ္ဌိ)
၁၀။မိစ္ဆာသင်္ကပ္ပ-မှားသောအတွေးအကြံ (အကုသိုလ်စိတ် ၁၂ ၌ယှဉ် ဝိတက်)
၁၁။မိစ္ဆာဝါယာမ-မှားသောအားထုတ်မှု(အကုသိုလ်စိတ် ၁၂ ၌ယှဉ် ဝီရိယ)
၁၂။ မိစ္ဆာသမာဓိ-မှားသောတည်ကြည်မှု(ဝိစိကြဉ် အကု- ၁၂ ၌ယှဉ် ဧကဂ္ဂတာ)

မဂ္ဂင်တရားသည် (၁၂)ပါးရှိသော်လည်း တရားကိုယ်အားဖြင့်ကား ပညာ၊ ဝိတက်၊ ဝိရတီ(၃)ပါး၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ဒိဋ္ဌိ ဟူ၍ (၉)ပါး ဖြစ်၏။

ဥပမာ- သီလဆောက်တည်မှုစသည်ကား သမ္မာမဂ် မည်၏။ သီလမစောင့်ထိန်းခြင်းစသည်ကား မိစ္ဆာမဂ် မည်၏။ ကုသိုလ်အာရုံတို့၌ သတိရမှု၊အားစိုက်မှုစသည်တို့သည် သမ္မာမဂ္ဂင်တို့ ဖြစ်၏။ အကုသိုလ်အာရုံတို့၌ သတိရမှု၊အားစိုက်မှုစသည်တို့သည် မိစ္ဆာမဂ္ဂင်တို့ ဖြစ်၏။

## ဣန္ဒြေ(၂၂)ပါး၊

### ဣန္ဒြေ၏သဘော

အမတ်ကြီး၊ ဝန်ကြီးတို့ကဲ့သို့ မိမိဆိုင်ရာကိစ္စတို့၌ အစိုးရခြင်းသဘောကို 'ဣန္ဒြေ'ဟု ခေါ်၏။

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ပညိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ။

### ဣန္ဒြေ(၂၂)ပါး တရားကိုယ်(၁၆)ပါး

၁။ စက္ခုန္ဒြေ-မျက်စိအစိုးရ- စက္ခုပသာဒရုပ်၊
၂။ သောတိန္ဒြေ-နားအစိုးရ- သောတပသာဒရုပ်၊
၃။ ဃာနိန္ဒြေ- နှာအစိုးရ- ဃာနပသာဒရုပ်၊
၄။ ဇိဝှိန္ဒြေ- လျှာအစိုးရ- ဇိဝှါပသာဒရုပ်၊
၅။ ကာယိန္ဒြေ-ကိုယ်အစိုးရ- ကာယပသာဒရုပ်၊
၆။ ဣတ္ထိန္ဒြေ- အမအစိုးရ- ဣတ္ထိဘာဝရုပ်၊
၇။ ပုရိသိန္ဒြေ- အထီးအစိုးရ-ပုရိသဘာဝရုပ်၊
၈။ ဇီဝိတိန္ဒြေ-အသက်အစိုးရ- ဇီဝိတရုပ်+ဇီဝိတစေတသိက်၊

http://www.dhammadownload.com



၉။ **မနိန္ဒြေ**-စိတ်အစိုးရ- စိတ်(၈၉)ပါး၊
၁၀။ **သုခိန္ဒြေ**-ချမ်းသာအစိုးရ- သုခသဟဂုတ်စိတ်(၁)၌ယှဉ်သော ဝေဒနာ၊
၁၁။ **ဒုက္ခိန္ဒြေ**-ဆင်းရဲအစိုးရ- ဒုက္ခသဟဂုတ်စိတ်(၁)၌ယှဉ်သော ဝေဒနာ၊
၁၂။ **သောမနဿိန္ဒြေ**-ဝမ်းသာအစိုးရ-သောမနဿစိတ်(၆၂)၌ ဝေဒနာ၊
၁၃။ **ဒေါမနဿိန္ဒြေ**-ဝမ်းနည်းအစိုးရ- ဒေါမနဿစိတ်(၂)၌ ဝေဒနာ၊
၁၄။ **ဥပေက္ခိန္ဒြေ**-လျစ်လျူရှုအစိုးရ- ဥပေက္ခာစိတ်(၅၅)၌ ဝေဒနာ၊
၁၅။ **သဒ္ဓိန္ဒြေ**-ယုံကြည်မှုအစိုးရ- သောဘနစိတ်(၅၉)၌ သဒ္ဓါ၊
၁၆။ **ဝီရိယိန္ဒြေ**-အားထုတ်မှုအစိုးရ-ဝီရိယယှဉ်စိတ်(၇၃)၌ ဝီရိယ၊
၁၇။ **သတိန္ဒြေ**-သတိအစိုးရ- သောဘနစိတ်(၅၉)၌ သတိ၊
၁၈။ **သမာဓိန္ဒြေ**-တည်ကြည်မှုအစိုးရ-သောဘနစိတ်(၅၉)၌ ဧကဂ္ဂတာ၊
၁၉။ **ပညိန္ဒြေ**-ပညာအစိုးရ- တိဟိတ်စိတ်(၄၇)၌ ပညာ၊
၂၀။ **အနညာတညဿာမိတိန္ဒြေ**-ပညာအစိုးရ- သောတာပတ္တိမဂ်၌ ပညာ၊
၂၁။ **အညိန္ဒြေ**-ပညာအစိုးရ- အထက်မဂ်(၃)အောက်ဖိုလ်(၃)၌ ပညာ၊
၂၂။ **အညာတာဝိန္ဒြေ**-ပညာအစိုးရ- အရဟတ္တဖိုလ်၌ ပညာ။

ဣန္ဒြေတရား(၂၂)ပါးဖြစ်သော်လည်း တရားကိုယ်အားဖြင့် ပသာဒရုပ်(၅)ပါး၊ ဘာဝရုပ်(၂)ပါး၊ ဇီဝိတရုပ်(၁)၊ ဇီဝိတစေတသိက်(၁)၊ စိတ်(၁)၊ဝေဒနာ(၁)၊ သဒ္ဓါ(၁)၊ဝီရိယ(၁)၊သတိ(၁)၊ဧကဂ္ဂတာ(၁)၊ပညာ(၁)ဟူ၍(၁၆)ပါး ဖြစ်၏။

ရုပ်ဣန္ဒြေ(၇)နာမ်ဣန္ဒြေ(၁၄)၊ရုပ်နာမ်ဣန္ဒြေ(၁) ဖြစ်၏။ ရုပ်တရားကိုယ်(၈)၊ နာမ်တရားကိုယ်(၈) ဖြစ်၏။ ဝေဒနိန္ဒြေ(၅)ပါး ဖြစ်၏။ ပညိန္ဒြေ(၄)ပါး ဖြစ်၏။ လောကုတ္တရာဣန္ဒြေ(သို့)အရိယာဣန္ဒြေ(၃)ပါး၊ ပုထုဇဉ်ဣန္ဒြေ(၁၉)ပါး၊ ယောကျ်ား ဣန္ဒြေ(၂၁)၊ မိန်းမဣန္ဒြေ(၂၁) စသည်ခွဲပါလေ။

**ဥပမာ-** TVကြည့်နေသောအခါ မြင်သိစိတ်၊နှလုံးသွင်းစိတ်၊ကြိုက်စိတ်၊ မကြိုက်စိတ်စသည်တို့ကို မျက်စိ-ပသာဒရုပ်က အစိုးရမှုပြု၏။ မျက်စိက ဖွင့်ပေးမှသာ ကြည့်မှုပြုရ၏။ မျက်စိက မဖွင့်ပေးသော် ကြည့်၍မရအောင် စက္ခုန္ဒြေက အစိုးရ၏။

## ဖိုလ်(၉)ပါး

### ဖိုလ်၏သဘော

ဆန့်ကျင်ဘက်တရားတို့ကြောင့် လှုပ်ရှားမယိုင်၊ မြဲခိုင်သောတရားများကို

http://www.dhammadownload.com



'ဝိုလ်'ဟု ခေါ်၏။

၁။ **သဒ္ဓါဝိုလ်**- (သောဘနစိတ် ၅၉-၌ယှဉ်သော)သဒ္ဓါ၊
၂။ **ဝီရိယဝိုလ်**-(ဝီရိယယှဉ်စိတ် ၇၃-၌ယှဉ်သော)ဝီရိယ
၃။ **သတိဝိုလ်**-(သောဘနစိတ် ၅၉-၌ယှဉ်သော)သတိ
၄။ **သမာဓိဝိုလ်**-(အဝီရိယစိတ်(၁၆)၊ဝိစိကြဉ်ကျန်) ၇၂-၌ယှဉ်သော)ဧကဂ္ဂတာ
၅။ **ပညာဝိုလ်**-(တိဟိတ်စိတ် ၄၇-၌ယှဉ်သော)ပညာ
၆။ **ဟိရီဝိုလ်**-(သောဘနစိတ် ၅၉-၌ယှဉ်သော)ဟိရီ
၇။ **ဩတ္တပ္ပဝိုလ်**-(သောဘနစိတ် ၅၉-၌ယှဉ်သော)ဩတ္တပ္ပ
၈။ **အဟိရိကဝိုလ်**-(အကုသိုလ်စိတ် ၁၂-၌ယှဉ်သော)
၉။ **အနောတ္တပ္ပဝိုလ်**(အကုသိုလ်စိတ် ၁၂-၌ယှဉ်သော)အနောတ္တပ္ပ။

**ဥပမာ**- ဒါနပြု၊သီလဆောက်တည်မှုစသည်တို့၌ သတ္တိရှိခြင်း၊ ရဲဝံ့စွာပြုနိုင်ခြင်းတို့သည် သဒ္ဓါဝိုလ်မည်၏။ ကုသိုလ်အာရုံတို့၌ အမှတ်ရမှုစသည်တို့ကား သတိဝိုလ်စသည် မည်၏။ အကုသိုလ်အမှုတို့ကို ပြုရာတို့၌ လက်မတွန့်ခြင်းတို့သည် အဟိရိကနှင့် အနောတ္တဝိုလ် မည်၏။

## ကုသိုလ်ဝိုလ်နှင့်အကုသိုလ်ဝိုလ်ခွဲပုံ

၁။အကုသိုလ်သက်သက် ဝိုလ်တို့မှာ- အဟိရိကနှင့် အနောတ္တပ္ပ၊
၂။ကုသိုလ်သက်သက် ဝိုလ်တို့မှာ- သဒ္ဓါ၊သတိ၊ပညာ၊ဟိရီ၊ ဩတ္တပ္ပ၊
၃။ကုသိုလ်+အကုသိုလ် ဝိုလ်တို့မှာ- ဝီရိယနှင့် ဧကဂ္ဂတာ။

# အဓိပတိ(၄)ပါး

## အဓိပတိ၏သဘော

ရှင်ဘုရင်သည် တိုင်းသူပြည်သားတို့၏ အကြီးအကဲဖြစ်သကဲ့သို့၊ မိမိနှင့်အတူဖြစ်ဖက်တရားတို့၏ အရှင်သခင်၊ အကြီးအကဲသဘောကို 'အဓိပတိ'ဟု ခေါ်၏။

၁။ **ဆန္ဒာဓိပတိ**-(ဒွိဟိတ်ဇော(၁၈)တိဟိတ်ဇော(၃၄)၌ယှဉ်သော)-ဆန္ဒ
၂။ **ဝီရိယာဓိပတိ**-( ။ )-စိတ်
၃။ **စိတ္တာဓိပတိ**- ( ။ )-ဝီရိယ
၄။ **ဝီမံသာဓိပတိ**- ( တိဟိတ်ဇော (၃၄)၌ ယှဉ်သော) -ပညာ

http://www.dhammadownload.com



**ဒွိဟိတ်ဇော**(၁၈)မှာ- လောဘမူ(၈)၊ဒေါသမူ(၂)၊မဟာကု+ကြိ-ဉာသံ(၈)။
**တိဟိတ်ဇော**(၃၄)မှာ-မဟာကု+ကြိ-ဉာသံ(၈)၊အပ္ပနာဇော(၂၆)။

### ဣန္ဒြေနှင့် အဓိပတိ အစိုးရပုံအထူး

ဣန္ဒြေတရားတို့မှာ မိမိဆိုင်ရာကိစ္စတို့၌သာ အစိုးရ၏။ (ဥပမာ)TV.ကြည့်နေသူသန္တာန်၌ စက္ခုန္ဒြေသည် မြင်မှုကိစ္စ၌သာ စက္ခုဝိညာဏ်စသောတရားတို့အား အစိုးရမှု ပြု၏။

အဓိပတိတရားတို့မှာ တကွဖြစ်ဖက်တရားအားလုံးတို့အား အစိုးရ၏။ (ဥပမာ) စာကျက်နေသူသန္တာန်၌ ဆန္ဒာဓိပတိသည် တကွဲဖြစ်ဖက် နာမ်+ရုပ်အားလုံးတို့အား အစိုးရမှု ပြု၏။

## အာဟာရ(၄)ပါး

### အာဟာရ၏သဘော

အစားအစာသည် ခန္ဓာကိုယ် ကျန်းမာသန်စွမ်းအောင် ဆောင်ရွက်ထောက်ပံ့ပေးသကဲ့သို့၊ မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်ထောက်ပံ့ပေးတတ်သော သဘောတရားတို့ကို 'အာဟာရ'ဟု ခေါ်၏။

၁။ **ကဗဠီကာရာဟာရ**-(အဆီအစေး ဩဇာရုပ်) - ရုပ်အာဟာရ
၂။ **ဖဿာဟာရ**- (ဖဿစေတသိက်) - ဖဿ
၃။ **မနောသဉ္စေတနာဟာရ**-(စေတနာစေတသိက်)- စေတနာ
၄။ **ဝိညာဏာဟာရ**-(စိတ် ၈၉-ပါး) - စိတ်

### ဆိုင်ရာအကျိုးကို ဆောင်ရွက်ပုံ

၁။ ကဗဠီကာရာဟာရသည် ဩဇာနှင့်တကွဖြစ်သော ရုပ်(၈)ပါး(အာဟာရဇ အဋ္ဌကလာပ်ရုပ်)ကို ဆောင်ရွက်၏။
၂။ ဖဿာဟာရသည် ဝေဒနာ(၃)ပါးအကျိုးကို ဆောင်၏။(ဖဿပစ္စယာ)
၃။ မနောသဉ္စေတနာဟာရသည် ပဋိသန္ဓေဝိညာဏ်ကို ဆောင်၏(သင်္ခါရပစ္စယာ)
၄။ ဝိညာဏာဟာရသည် တကွဖြစ်ဖက်နာမ်ရုပ်ကို ဆောင်၏။(ဝိညာဏပစ္စယာ)

ဥပမာ- နေ့စဉ် စားသုံးမှုအာဟာရကြောင့် ရုပ်ခန္ဓာကိုယ် ကျန်းမာသန်စွမ်းခြင်း၊ လန်းဆန်းစိုပြေခြင်း၊ အသားအရေ ချောမွတ်လှပခြင်းတို့ ဖြစ်၏။ TVကြည့်မှု

http://www.dhammadownload.com



စသည်ကြောင့် စိတ်ခံစားချက် ပြည့်ဝမှု ဖြစ်၏။ စေတနာ၊မေတ္တာထားမှုတို့ကြောင့် စိတ်ရွှင်လန်းတက်ကြွခြင်း၊ ပျော်ရွှင်လန်းဆန်းခြင်းတို့ ဖြစ်၏။ စိတ်စေစားမှုကြောင့် ရုပ်ခန္ဓာကိုယ်သည် လိုက်ပါလုပ်ဆောင်နေရမှု ဖြစ်၏။

## ဈာနင်၊ ဗိုလ်၊ မဂ္ဂင်၊ ဣန္ဒြေ မထိုက်သော တရားများ

၁။ ဒွေပဉ္စဝိညာဉ်(၁၀)၌ယှဉ်သော ဥပေက္ခာဝေဒနာ၊ဧကဂ္ဂတာတို့သည် ဝိတက်ကင်းသောကြောင့် ဈာနင်မထိုက်ပါ။

၂။ ဝီရိယမယှဉ်သော စိတ်(၁၆)ပါး၌ ဧကဂ္ဂတာသည် ဝီရိယကင်းသောကြောင့် ဗိုလ်၊ ဣန္ဒြေမထိုက်ပါ။

၃။ အဟိတ်စိတ်(၁၈)ပါး၌ ဝိတက်၊ဝီရိယ၊ဧကဂ္ဂတာတို့သည် ဟိတ်ကင်းသောကြောင့် မဂ္ဂင်မထိုက်ပါ။

၄။ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ ဧကဂ္ဂတာသည် အဓိမောက္ခကင်းသောကြောင့် ဗိုလ်၊ မဂ္ဂင်၊ ဣန္ဒြေမထိုက်ပါ။

## တရားကိုယ်အရ-ကိစ္စ၊ဌာနဇယား

| တရား | ဟိတ် | ဈာနင် | မဂ္ဂင် | ဣန္ဒြေ | ဗိုလ် | အဓိပတိ | အာဟာရ | ဌာန |
|---|---|---|---|---|---|---|---|---|
| သဒ္ဓါ | | | | ၁ | ၁ | | | (၂) |
| ဝီရိယ | | | ၁ | ၁ | ၁ | ၁ | | (၄) |
| သတိ | | | ၁ | ၁ | ၁ | | | (၃) |
| ဧကဂ္ဂတာ | | ၁ | ၁ | ၁ | ၁ | | | (၄) |
| ပညာ | ၁ | | ၁ | ၁ | ၁ | ၁ | | (၅) |
| စိတ် | | | | ၁ | | ၁ | ၁ | (၃) |
| ဝိတက် | | ၁ | ၁ | | | | | (၂) |
| ဝေဒနာ | | ၁ | | ၁ | | | | (၂) |

လင်္ကာ။ ပညာငါးမည်၊ လေးမည်ဝီရိ၊ သမာဓိတည်း၊ သတိ-စိတ္တ၊ မည်ရသုံးဖြာ၊ ဝေဒနာနှင့်၊ သဒ္ဓါ-ဝိတက်၊ နှစ်ချက်မည်ရ၊ ဝိစာရက၊ စသည်ကြွင်းလစ်၊ နှစ်ဆယ့်ရှစ်မှာ၊ တစ်မည်သာတည်း။

♦ ♦ ♦

http://www.dhammadownload.com



## ဓမ္မဝိဇ္ဇာဉ်မေးခွန်းများ

၁။ကုသိုလ်သုစရိုက် ပြုလိုက်မိသောအခါ အခြေခံကျသော ဟိတ်တရားများကို ရှာဖွေပြပါ။

၃။ဝတ္ထုစာအုပ်ဖတ်ရှုနေမှုသည် မည်သည့်ဈာန် ဝင်စားနေမှု ဖြစ်သနည်း။

၄။အပါယ်သို့သွားနေကြသော သတ္တဝါများအတွက် ပို့ဆောင်ပေးနေသော မဂ္ဂင်များရှိလျှင် ဖော်ပြပါ။

၅။ လူမိုက်တို့၏သန္တာန်၌ ဖြစ်လေ့ရှိသော လူမိုက်စွမ်းအား ဗိုလ်(၂)ပါးကို တိကျစွာ ဖော်ပြပါ။

၆။ နေ့စဉ်စားနေကြသော အစာအာဟာရတို့သည် သတ္တဝါတို့အား မည်သို့ ကျေးဇူးပြုပေးနေကြသည်ကို အဘိဓမ္မာအမြင်ဖြင့် ရှင်းပြပါ။

၇။ ပညာ၏ အစိုးရမှုကို ခံယူရရှိလိုပါက မည်သည့်ဣန္ဒြေများ ပြည့်စုံအောင် ကြိုးစားရမည်နည်း? ဖြေပါ။

♦♦♦

## ၃။ ဗောဓိပက္ခိယ သင်္ဂဟ

(မဂ်ဉာဏ်၏ ရှေးပြေးအဖွဲ့ဝင်တရားများ)

### ဗောဓိပက္ခိယသင်္ဂဟဟူသည်

ဗောဓိဟူသော မဂ်ဉာဏ်၏ အဖွဲ့ဝင်တရားများကို ဖွဲ့စည်းရေတွက်ပြရာ အပိုင်းကို 'ဗောဓိပက္ခိယသင်္ဂဟ'ဟု ခေါ်၏။

ဗောဓိပက္ခိယသင်္ဂဟ၌ပြဆိုမည့် မဂ်ဉာဏ်၏အဖွဲ့ဝင်'ဗောဓိပက္ခိယ'တရားများမှာ- (၁)သတိပဋ္ဌာန် ၄-ပါး၊ (၂)သမ္မပ္ပဓာန် ၄-ပါး၊ (၃)ဣဒ္ဓိပါဒ် ၄-ပါး၊ (၄)ဣန္ဒြေ ၅-ပါး၊ (၅) ဗိုလ် ၅-ပါး၊ (၆)ဗောဇ္ဈင် ၇-ပါး၊ (၇)မဂ္ဂင် ၈-ပါးဟူ၍ (၇)မျိုး (၃၇)ပါး ဖြစ်၏။

**လင်္ကာ**။ သတိ,သမ္မ၊ဣဒ်,ဣန်,ဗလ၊ ဗောဇ္ဈ-ပေါင်းခုနစ်။

http://www.dhammadownload.com



## သတိပဋ္ဌာန်(၄)ပါး

**သတိပဋ္ဌာန်၏သဘော**

ဆိုင်ရာအာရုံ၌ လွန်ကဲစွဲမြဲစွာ တည်သောသတိကို 'သတိပဋ္ဌာန်' ဟု ခေါ်၏။

၁။ **ကာယာနုပဿနာ**-သတိပဋ္ဌာန်-(သတိစေတသိက်)

၂။ **ဝေဒနာနုပဿနာ**-သတိပဋ္ဌာန်-(သတိစေတသိက်)

၃။ **စိတ္တာနုပဿနာ**-သတိပဋ္ဌာန်-(သတိစေတသိက်)

၄။ **ဓမ္မာနုပဿနာ**-သတိပဋ္ဌာန်-(သတိစေတသိက်)

**သတိပဋ္ဌာန်အရ**-မဟာကု+ကြိ(၁၆)၊အပ္ပနာဇော(၂၆)+(၄၂)၌ သတိ။

**ဥပမာ**-ထွက်လေ၊ဝင်လေရှုမှတ်နေနိုင်မှုသည် သတိပြဋ္ဌာန်းသော ပွားများအားထုတ်မှုဖြစ်၍ ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်၏။ ညောင်းညာကိုက်ခိုက်မှုဖြစ်ပေါ်နေခိုက် စိတ်၏ခံစားချက်သဘောမျှကို ရှုမှတ်နေနိုင်မှုသည် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်၏။ ရှေးစိတ်ဖြစ်သွားမှုကို နောက်စိတ်ဖြင့် သိမှတ်နိုင်လိုက်သောအခါ စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်၏။ ပုဂ္ဂိုလ်၊သတ္တဝါမဟုတ်၊ ခန္ဓာ၊နာမ်ရုပ်သဘောမျှကို သိမှတ်နိုင်လိုက်မှုသည် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဖြစ်၏။

**သတိပဋ္ဌာန်(၄)ပါး ဖြစ်ရကြောင်း**

သတိစေတသိက်သည် (၁)ပါးတည်းသာဖြစ်သော်လည်း··

(၁)ကာယ(ရုပ်)အာရုံ၌ အသုဘဟူသောအခြင်းအရာကို ယူ၍၊ သုဘသညာ ဝိပ္ပလ္လာသကို ပယ်ခြင်း၊

(၂)ဝေဒနာ,အာရုံ၌ အနိစ္စဟူသောအခြင်းအရာကို ယူ၍၊ နိစ္စသညာ ဝိပ္ပလ္လာသကို ပယ်ခြင်း၊

(၃)စိတ္တ,အာရုံ၌ ဒုက္ခဟူသောအခြင်းအရာကို ယူ၍၊ သုခသညာ ဝိပ္ပလာသကို ပယ်ခြင်း၊

(၄)ဓမ္မ,အာရုံ၌ အနတ္တဟူသောအခြင်းအရာကို ယူ၍၊ အတ္တသညာ ဝိပ္ပလ္လာသကိုပယ်ခြင်းဖြင့် လေးပါးပြားပါသည်။ (အာရုံ-၄၊ ယူပုံ-၄၊ပယ်ပုံ-၄)

## သမ္မပ္ပဓာန်(၄)ပါး

**သမ္မပ္ပဓာန်၏သဘော**

ကောင်းစွာ(မှန်စွာ+အပြစ်ကင်းစွာ)အားထုတ်မှုသဘောကို 'သမ္မပ္ပဓာန်' ဟု ခေါ်၏။

http://www.dhammadownload.com



၁။ **ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော**-
ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ခြင်းငှါ အားထုတ်ခြင်း၊

၂။ **အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော**-
မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ခြင်းငှါ အားထုတ်ခြင်း၊

၃။ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော**-
မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်ခြင်းငှါ အားထုတ်ခြင်း၊

၄။ **ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော**-
ဖြစ်ပြီးသော ကုသိုလ်တို့ကို တိုးပွားခြင်းငှါ အားထုတ်ခြင်း၊

သမ္မပ္ပဓာန်တရားသည် ဝီရိယတရားကိုယ် ၁-ပါးတည်းသာဖြစ်သော်လည်း အားထုတ်ခြင်းကိစ္စ(၄)မျိုးပြားသောကြောင့် သမ္မပ္ပဓာန်(၄)ပါး ဖြစ်သည်။

သမ္မပ္ပဓာန်၏အရမှာ ကုသိုလ်စိတ်(၂၁)ပါး၌ယှဉ်သော ဝီရိယစေတသိက်။

### လက်တွေ့အသုံးချပုံ

'အကြော,အရိုး,အသား,အရေ၊ ကြွင်းပါစေ၊ မှတ်လေသမ္မပ္ပဓာန်လေး' ဟူသည်နှင့်အညီ ကုသိုလ်တရားတိုးပွားရေး၊ အကုသိုလ်တရား ပပျောက်ရေးဟူသော ရည်ရွယ်ချက်ဖြင့် ဝေဒနာတက်၍ အသက်ပင်သေသွားပါစေ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ သတိပဋ္ဌာန်စသော နိဗ္ဗာန်ရောက်ကြောင်းတရားများကို ပွားများအားထုတ်သောအခါတို့၌ သမ္မပဓာန်(၄)ပါးတို့ ဖြစ်၏။

## ဣဒ္ဓိပါဒ်(၄)ပါး

### ဣဒ္ဓိပါဒ်၏သဘော

ဈာန်မဂ်ဖိုလ်တို့၏ ပြီးစီးအောင်မြင်မှု(ဣဒ္ဓိ)၏ အခြေခံအကြောင်းရင်းတရားတို့သည် 'ဣဒ္ဓိပါဒ်' မည်၏။

၁။**ဆန္ဒိဒ္ဓိပါဒ်**-(ကုသိုလ်စိတ် ၂၁-၌ယှဉ်သော) -ဆန္ဒ
၂။**စိတ္တိဒ္ဓိပါဒ်**-(ကုသိုလ်စိတ် ၂၁-၌ယှဉ်သော)- စိတ်
၃။**ဝီရိယိဒ္ဓိပါဒ်**-(ကုသိုလ်စိတ် ၂၁-၌ယှဉ်သော)-ဝီရိယ
၄။**ဝီမံသိဒ္ဓိပါဒ်**-(တိဟိတ်ကုသိုလ် ၁၇-၌ယှဉ်သော)-ပညာ

**ဥပမာ**-ဈာန်မဂ်ဖိုလ်တို့ကို ရရှိလိုသောဆန္ဒကြောင့် ကုသိုလ်ပြုမှုသည် ဆန္ဒိဒ္ဓိပါဒ် ဖြစ်၏။ ဈာန်မဂ်ဖိုလ်တို့ကို ရရှိလိုစိတ်ကြောင့် ကုသိုလ်ပြုမှုသည် စိတ္တိဒ္ဓိပါဒ် ဖြစ်၏။

http://www.dhammadownload.com



ရှာန်မဂ်ဖိုလ်တို့ကို မျက်မှောက်ပြုဖို့အတွက် အားထုတ်မှုသည် ဝီရိယိန္ဒြိပါဒ် ဖြစ်၏။ ရှာန်မဂ်ဖိုလ်တို့ကို သိရှိနိုင်ရေးအတွက် သိမှတ်နေမှုသည် ဝီမံသိန္ဒြိပါဒ် ဖြစ်၏။

## ဣန္ဒြေ(၅)ပါး+ဗိုလ်(၅)ပါး

၁။ သဒ္ဓိန္ဒြေ+သဒ္ဓါဗိုလ်(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော)-သဒ္ဓါ

၂။ ဝီရိယိန္ဒြေ+ဝီရိယဗိုလ်(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော)-ဝီရိယ

၃။ သတိန္ဒြေ+သတိဗိုလ်(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော)-သတိ

၄။ သမာဓိန္ဒြေ+သမာဓိဗိုလ်(မဟာကု၈၊ကြိ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော) ဧကဂ္ဂတာ

၅။ ပညိန္ဒြေ+ပညာဗိုလ်(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော)-ပညာ

### လက်တွေ့အသုံးချပုံ

မဂ်ဉာဏ်ရကြောင်း သူတော်ကောင်းတရားကို ပွားများအားထုတ်သူသည် သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိ မျှအောင်ညှိရ၏။ သတိကား ပိုသည် မရှိ။ ဤသို့ ဣန္ဒြေ(၅)ပါးကို အညီအမျှ ထိန်းညှိပေးနိုင်ရမည်။ သို့မှသာ လိုရာခရီး ပန်းတိုင်သို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်ရှိနိုင်၏။

ဥပမာ- မဂ်ဉာဏ်ရောက်ကြောင်းသည် သတိပဋ္ဌာန်တရားတည်းဟု ယုံကြည်ခြင်း၌ အစိုးရမှုသည် သဒ္ဓိန္ဒြေဖြစ်၏။ ကိုယ်ပိုင်ဉာဏ်ဖြင့် လက်ခံ၍ သိမြင်ခြင်း၌ အစိုးရမှုသည် ပညိန္ဒြေ ဖြစ်၏။ သတိပဋ္ဌာန်တရားကို ကြိုးစား၍ ပွားများ အားထုတ်ခြင်း၌ အစိုးရမှုသည် ဝီရိယိန္ဒြေ ဖြစ်၏။ အားထုတ်မှုအပေါ်၌ စိတ်တည်ငြိမ်စွာ ထားခြင်း၌ အစိုးရမှုသည် သမာဓိန္ဒြေ ဖြစ်၏။ သတိထားခြင်း၌ အစိုးရမှုဟူသော သတိန္ဒြေသည်ကား အစ၊အလယ်၊အဆုံး သုံးပါးလုံး၌ပင် အပိုမရှိ၊ လိုအပ်သည်ချည်း ဖြစ်၏။

## ဗောဇ္ဈင်(၇)ပါး

### ဗောဇ္ဈင်၏သဘော

သစ္စာလေးပါးကို သိကြောင်းမဂ်ဉာဏ်လေးပါးသည် 'ဗောဓိ'မည်၏။ ထိုဗောဓိဉာဏ်ကို သိကြောင်းအစိတ်အင်္ဂါတရားတို့ကို 'ဗောဇ္ဈင်' ဟု ခေါ်၏။

၁။သတိသမ္ဗောဇ္ဈင်-(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော)-သတိ

၂။ဓမ္မဝိစယသမ္ဗောဇ္ဈင်-(မဟာကုဉာသံ ၄၊ကြိဉာသံ ၄၊ +၈၃၌ ယှဉ်သော)-ပညာ

၃။ဝီရိယသမ္ဗောဇ္ဈင်-(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂၃၌ယှဉ်သော)-ဝီရိယ

http://www.dhammadownload.com


၄။ပီတိသမ္ဗောဇ္ဈင်-(မဟာကု၊ကြိ သော+၈၊ပ+ဒု+တစျာန်ဇော ၃၀+၃၈ခုဒ္ဒဲယှဉ်သော)ပီတိ
၅။ပဿဒ္ဓိသမ္ဗောဇ္ဈင်(မဟာကု၈၊ကြိ၈၊အပ္ပနာဇော၂၆+၄၂ခုဒ္ဒဲယှဉ်သော)ကာယ+စိတ္တပဿဒ္ဓိ
၆။သမာဓိသမ္ဗောဇ္ဈင်-(မဟာကု ၈၊ကြိ ၈၊အပ္ပနာဇော ၂၆+၄၂ခုဒ္ဒဲယှဉ်သော)-ဧကဂ္ဂတာ
၇။ဥပေက္ခာသမ္ဗောဇ္ဈင်(မဟာကု၈၊ကြိ၈၊အပ္ပနာဇော ၂၆+၄၂ခုဒ္ဒဲယှဉ်သော) တတြမဇ္ဈတ္တတာ

## လက်တွေ့အသုံးချပုံ

ကသိုဏ်းဝန်းပရိကံကိုဖြစ်စေ၊ တရားအာရုံတစ်မျိုးမျိုးကိုဖြစ်စေ အဖန်ဖန်အောက်မေ့နေသည့် ဝိပဿနာကုသိုလ်နှင့်ယှဉ်သောသတိသည် သတိသမ္ဗောဇ္ဈင်ဖြစ်၏။ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟူ၍ စီစစ်တတ်သော ဝိပဿနာကုသိုလ်ဉာဏ်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်၏စသည် သိပါလေ။

## မဂ္ဂင်(၈)ပါး

### မဂ္ဂင်၏သဘော

ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်သို့ သွားရောက်တတ်သောသဘောသည် 'မဂ်' မည်၏။ ထိုမဂ်သို့ ရောက်ကြောင်း အစိတ်အင်္ဂါတရားတို့ကို 'မဂ္ဂင်'ဟုခေါ်၏။

၁။ သမ္မာဒိဋ္ဌိမဂ္ဂင်-(မဟာကုညာဏ်(၄)၊ကြိညာဏ်(၄)၊အပ္ပနာဇော(၂၆)၌ယှဉ်သော)ပညာ
၂။ သမ္မာသင်္ကပ္ပမဂ္ဂင်-(မဟာကု(၈)၊ကြိ(၈)ပထမစျာန်ဇော(၁၁)၌ယှဉ်သော)ဝိတက်
၃။ သမ္မာဝါစာမဂ္ဂင်-(မဟာကု(၈)လောကုတ္တရာစိတ် (၈)၌ယှဉ်သော)သမ္မာဝါစာ
၄။ သမ္မာကမ္မန္တမဂ္ဂင်-(မဟာကု(၈)လောကုတ္တရာစိတ် (၈)၌ယှဉ်သော)သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝမဂ္ဂင်-(မဟာကု(၈)လောကုတ္တရာစိတ် (၈)၌ယှဉ်သော)သမ္မာအာဇီဝ
၆။ သမ္မာဝါယာမမဂ္ဂင်-(မဟာကု(၈)ကြိ(၈)အပ္ပနာဇော(၂၆)၌ယှဉ်သော)ဝီရိယ
၇။ သမ္မာသတိမဂ္ဂင်-(မဟာကု(၈)ကြိ(၈)အပ္ပနာဇော(၂၆)၌ယှဉ်သော)သတိ
၈။ သမ္မာသမာဓိမဂ္ဂင်-(မဟာကု(၈)ကြိ(၈)အပ္ပနာဇော(၂၆)၌ယှဉ်သော)ဧကဂ္ဂတာ

## သိက္ခာ(၃)ပါး ခွဲပုံ

၁။သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့သည် 'ပညာမဂ္ဂင်-ပညာသိက္ခာ' မည်၏။
၂။ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝတို့သည်'သီလမဂ္ဂင် သီလသိက္ခာ'မည်၏။
၃။ သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိတို့သည် 'သမာဓိမဂ္ဂင်-သမာဓိသိက္ခာ' မည်၏။

http://www.dhammadownload.com



၄။ ပညာမဂ္ဂင်(၂)ပါးသည် 'ဝိဇ္ဇာမဂ္ဂင်၊ အသိမဂ္ဂင်' မည်၏။
၅။ သီလမဂ္ဂင်(၃)၊သမာဓိမဂ္ဂင်(၃)ပါးတို့သည် 'စရဏမဂ္ဂင်'အကျင့်မဂ္ဂင်မည်၏။

**လက်တွေ့အသုံးချပုံ**

မဂ်စိတ်(၄)ပါး (၁)ပါးစီ၌ယှဉ်သော အင်္ဂါ(၈)ပါးအပေါင်းကို မဂ်ဟု ဆို၏။ ထိုမဂ်ဖြစ်ပေါ်လာအောင် ကမ္မဋ္ဌာန်းအာရုံတစ်မျိုးမျိုး၌ သတိဖြင့် စိတ်ကို ဖွဲ့စပ်ထားရ၏။ ထိုသတိခိုင်မြဲအောင် ဝီရိယက ထောက်ပံ့ကူညီ၏။ တရားဘာဝနာအလုပ်၌ ယောဂီ၏စိတ် မွေ့လျော်ပျော်ပိုက်နိုင်အောင် သဒ္ဓါစသော ဣန္ဒြေတို့က ညီမျှအောင် ထိန်းသိမ်းစောင့်ရှောက်ပေးရ၏။ ဆိုင်ရာကုသိုလ်အလုပ် ပြီးစီးအောင်မြင်အောင် ဗိုလ်တရားတို့၏ အုပ်ချုပ်စီမံပေးရ၏။ ဆိုင်ရာကုသိုလ်အလုပ်၌ ယောဂီ၏ စိတ်သည် ကျွမ်းကျင်လိမ္မာမှုရှိအောင် ဗောဇ္ဈင်တရားတို့ကို အဖန်ဖန် ပွားများမှုပြုရ၏။ ဘာဝနာအား ထက်သန်ပြည့်ဝလာသည်နှင့်အမျှ မဂ္ဂင်တရားများလည်း တိုးပွားပြည့်စုံလာတော့သည်။ ထိုအခါ ဗောဓိဉာဏ်ဟုခေါ်သော မဂ်ဉာဏ်(၄)ပါးတွင် တစ်ပါးပါးသို့ ဆိုက်ရောက် မျက်မှောက်ပြုနိုင်သည်။

## တရားကိုယ်အရ-ကိစ္စ၊ဌာနဇယား

| တရား | သတိပဋ္ဌာန် | သမ္မပ္ပဓာန် | ဣဒ္ဓိပါဒ် | ဣန္ဒြေ | ဗိုလ် | ဗောဇ္ဈင် | မဂ္ဂင် | ကိစ္စ |
|---|---|---|---|---|---|---|---|---|
| သဒ္ဓါ | × | × | × | ၁ | ၁ | × | × | (၂) |
| ဝီရိယ | × | ၄ | ၁ | ၁ | ၁ | ၁ | ၁ | (၉) |
| သတိ | ၄ | × | × | ၁ | ၁ | ၁ | ၁ | (၈) |
| ဧကဂ္ဂတာ | × | × | × | ၁ | ၁ | ၁ | ၁ | (၄) |
| ပညာ | × | × | ၁ | ၁ | ၁ | ၁ | ၁ | (၅) |

လင်္ကာ။ သဒ္ဓါကား-ဒွိ၊ ဓိမူ-စတု၊ ငါးခု-ပညာ၊ ရှစ်မှာ-သတိ၊ ဝီရိယ-ကိုး၊ ကိစ္စမျိုး၊ တတ်ရိုးကျမ်းအညီ။

မှတ်ချက်။ ကြွင်းသော ဝိတက်၊ပဿဒ္ဓိ၊ပီတိ၊တတြမဇ္ဈတ္တတာ၊ ဆန္ဒ၊စိတ္တ၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊(၉)ပါးတို့သည် ဆိုင်ရာ(၁)ကိစ္စစီသာ။

◆ ◆ ◆

http://www.dhammadownload.com



## ၄။ သဗ္ဗသင်္ဂဟ
(တရားအားလုံးကို ပေါင်းစုပြခြင်း)

### သဗ္ဗသင်္ဂဟဟူသည်

စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်ဟူသော ပရမတ်တရားအားလုံးကို ပေါင်းစု၍ ပြရာအပိုင်းကို 'သဗ္ဗသင်္ဂဟ' ဟု ခေါ်၏။

သဗ္ဗသင်္ဂဟ၌ပြဆိုမည့် တရားအားလုံးမှာ(၁)ခန္ဓာ ၅-ပါး၊ (၂)ဥပါဒါနက္ခန္ဓာ ၅-ပါး၊ (၃)အာယတန ၁၂-ပါး၊ (၄)ဓာတ် ၁၈-ပါး၊ (၅)သစ္စာ ၄-ပါးတို့ ဖြစ်၏။

**လင်္ကာ**။ ခန္ဓာ,ဥ,အာ၊ ဓာတ်,သစ္စာ၊ သဗ္ဗာသင်္ဂဟ။

## ခန္ဓာ(၅)ပါး

### ခန္ဓာ၏သဘော

အတိတ်,အနာဂတ်,ပစ္စုပ္ပန်စသည် ကွဲပြားသော ရုပ်စသောတရားတို့ကို ပညာဖြင့် တစ်ပေါင်းတည်းပြု၍ ပေါင်းစုအပ်သောသဘောသည် 'ခန္ဓာ'မည်၏။

| | | |
|---|---|---|
| ၁။ **ရူပက္ခန္ဓာ**- | ရုပ် ၂၈-ပါး၊ | ရုပ်ခန္ဓာ |
| ၂။ **ဝေဒနာက္ခန္ဓာ**- | ဝေဒနာစေတသိက်၊ | |
| ၃။ **သညာက္ခန္ဓာ**- | သညာစေတသိက်၊ | နာမ် |
| ၄။ **သင်္ခါရက္ခန္ဓာ**- | ကြွင်းစေတသိက် ၅၀၊ | ခန္ဓာ |
| ၅။ **ဝိညာဏက္ခန္ဓာ**- | စိတ် ၈၉-ပါး၊ | (၄) |

နိဗ္ဗာန်သည် ခန္ဓဝိမုတ် ဖြစ်၏။

ခန္ဓာငါးပါး၏ လိုရင်းမှာ ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် ဖြစ်၏။

### နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ

နိဗ္ဗာန်သည် 'ယခု,ရှေး,နောင်လျှင်၊ တွင်း,ပြင်,ကြမ်း,နု၊ နှစ်ခုယုတ်,မြတ်၊ နီး,ကပ်,ဝေးကွာ၊ ဆယ့်တစ်ဖြာ'ဟူသော အခြင်းအရာ(၁၁)ပါး မကွဲပြားသောကြောင့် ခန္ဓာမဖွဲ့ထိုက်ပါ။

နိဗ္ဗာန်သည် ကာလသုံးပါးမှလည်း လွတ်၏။ ဗဟိဒ္ဓ၊ သုခုမ၊ ပဏီတ၊ဒူရ တရားမျိုး ဖြစ်သဖြင့် ကွဲပြားခြင်းမရှိပေ။

http://www.dhammadownload.com



### ခန္ဓာ(၅)ပါး ဥပမာများ

၁။ ရူပက္ခန္ဓာသည် ဝေဒနာ၏မှီရာဖြစ်၍ ခွက်နှင့်တူ၏။
၂။ ဝေဒနာက္ခန္ဓာသည် ဝိညာဏ်၏ခံစားချက်ဖြစ်၍ စားဖွယ်နှင့်တူ၏။
၃။ သညာက္ခန္ဓာသည် ဝေဒနာ၏ သာယာစရာအကြောင်းဖြစ်၍ ဟင်းနှင့်တူ၏။
၄။ သင်္ခါရက္ခန္ဓာသည် ပြုစီရင်အပ်၍ စားဖိုသည်နှင့်တူ၏။
၅။ ဝိညာဏက္ခန္ဓာသည် ဝေဒနာဘောဇဉ်ကို စားသုံးတတ်၍ စားသူနှင့် တူ၏။

## ဥပါဒါနက္ခန္ဓာ(၅)ပါး

### ဥပါဒါနက္ခန္ဓာသဘော

အာရုံကို မြဲမြံစွာ စွဲလန်းယူတတ်သောကြောင့် တဏှာနှင့် ဒိဋ္ဌိတို့သည် **'ဥပါဒါန်'** မည်၏။ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာသည် **'ဥပါဒါနက္ခန္ဓာ'** ဖြစ်၏။

၁။ ရူပုပါဒါနက္ခန္ဓာ (စွဲလန်းယူအပ်သော ရုပ် ၂၈-ပါး)
၂။ ဝေဒနုပါဒါနက္ခန္ဓာ (စွဲလန်းယူအပ်သော ဝေဒနာစေတသိက် ၁-ပါး)
၃။ သညုပါဒါနက္ခန္ဓာ (စွဲလန်းယူအပ်သော သညာစေတသိက် ၁-ပါး)
၄။ သင်္ခါရုပါဒါနက္ခန္ဓာ (စွဲလန်းယူအပ်သော ကြွင်းစေတသိက် ၅၀)
၅။ ဝိညာဏုပါဒါနက္ခန္ဓာ (စွဲလန်းယူအပ်သော <u>လောကီစိတ် ၈၁-ပါး</u>)
နိဗ္ဗာန်သည် ခန္ဓဝိမုတ်

### ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ခွဲဟောရခြင်း

၁။ လောကီ၊လောကုတ္တရာ တရားအားလုံးကို ခန္ဓာဖွဲ့ပြခြင်းငှါ ခန္ဓာကို ဟော၏။
၂။ ဝိပဿနာရှုဖို့ရန်အတွက် လောကီတရားသက်သက်ကို ခန္ဓာဖွဲ့ပြခြင်းငှါ ဥပါဒါနက္ခန္ဓာကို ဟော၏။

ဥပမာ-ပုထုဇဉ်အရိယာတို့၏ ခန္ဓာမှန်သမျှသည် (နိဗ္ဗာန်မဟုတ်သဖြင့်) ခန္ဓာ ဟူသော အရေအတွက်မှ မလွတ်သည်ကို ပြလို၍ 'ခန္ဓာ'ကို ဟော၏။ ကိလေသာမှ လွတ်မြောက်လိုသူတို့သည် မလွတ်မြောက်သေးသောခန္ဓာတို့ကိုသာ ဝိပဿနာရှု ရမည်ဟု သိစေလို၍ 'ဥပါဒါနက္ခန္ဓာ'ကို ဟော၏။ (ဥပါဒါန်ခန္ဓာကို ဝိပဿနာရှု၍ လွတ်မြောက်ပြီးဖြစ်လျှင် သာမညခန္ဓာသာ ဖြစ်တော့၏။ လွတ်မြောက်ပြီးခန္ဓာသည်ကား စွဲလန်းမှုမရှိတော့၍ ဝိပဿနာရှုစရာ မလိုတော့ပေ။)

http://www.dhammadownload.com



## ဥပါဒါနက္ခန္ဓာနှင့် အနုပါဒါနက္ခန္ဓာအထူး

ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာ(၅)ပါးသည် ဥပါဒါနက္ခန္ဓာ မည်၏။

ဥပါဒါန်တရားတို့၏ အာရုံမဟုတ်သော လောကုတ္တရာစိတ်(၈)ပါး၊ စေတသိက်(၃၆)ပါးဟူသော နာမ်ခန္ဓာ(၄)ပါးသည် အနုပါဒါနက္ခန္ဓာ မည်၏။

ဥပမာ-တဏှာ၊ဒိဋ္ဌိဖြင့် ကိုယ်က စွဲလန်းခြင်းကြောင့်ဖြစ်စေ၊ ကိုယ့်ကို စွဲလန်းနိုင်ခြင်းကြောင့်ဖြစ်စေ ဥပါဒါနက္ခန္ဓာ မည်၏။ လောကုတ္တရာစိတ်၊စေတသိက်တို့သည်ကား ကိုယ်ကလည်း စွဲလန်းခြင်းမရှိတော့ပေ၊ ကိုယ့်က စွဲလန်းခြင်းလည်း မခံရနိုင်တော့ပေ။ ထို့ကြောင့် အနုပါဒါနက္ခန္ဓာ မည်၏။

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ခွဲပုံ

၁။ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်၊ဝေဒနာ၊သညာ၊ သင်္ခါရ၊ဝိညာဏ်ဟူသော သဘောတရား(၅)ပါးအစုတို့ကို **'ခန္ဓာ'** ခေါ်၏။ ထိုသဘောတရား (၅)ပါးအစုကိုပင် ပရမတ်အားဖြင့် ထင်ရှားရှိသောကြောင့် **'သက္ကာယ'** ဟုလည်း ခေါ်ရ၏။

၂။ ထိုသက္ကာယ-ခန္ဓာငါးပါးကို မသိမြင်နိုင်သော အန္ဓပုထုဇဉ်တို့ အဖို့ ၊ လူရှိလျှင် အရိပ်ရှိသကဲ့သို့- ခန္ဓာရှိသောကြောင့် ပေါ်လာသည့်(အရိပ်ပမာ) ငါ၊သူ၊ယောကျ်ား၊ မိန်းမ၊လက်၊ခြေ၊ခေါင်း၊အိမ်၊ကျောင်း၊ကား စသည်တို့သည် (ပရမတ်အားဖြင့် ထင်ရှားမရှိ) ပရမတ်ကိုသိစေကြောင်းများသာဖြစ်သောကြောင့် **'ပညတ်'** ဖြစ်၏။

၃။ထိုသက္ကာယ-ခန္ဓာငါးပါးကို မသိမြင်နိုင်သော အန္ဓပုထုဇဉ်တို့သည် 'တံလျှပ်ကို ရေထင်'ဆိုသည့်အတိုင်းပင် ပရမတ်အနေဖြင့် ထင်ရှားရှိသော၊ ပရမတ်ကို သိစေကြောင်းဖြစ်သော ပညတ်တရားများကိုပင် အဟုတ်ရှိ၊အမှန်ဖြစ်၊ တကယ်အစစ် တရားများအနေဖြင့် အသိမှား၍စွဲမှုကြောင့် **'ဒိဋ္ဌိဥပါဒါန်'**၊ ပိုင်ရှင်မှား၍ စွဲမှုကြောင့် **'တဏှာဥပါဒါန်'**တို့ ဖြစ်ပေါ်လာ၏။

၄။ထိုသက္ကာယ-ခန္ဓာငါးပါးကို မသိမြင်နိုင်သော အန္ဓပုထုဇဉ်တို့အား အဟုတ်ရှိ၊ အမှန်ဖြစ်၊ တကယ်အစစ် ခန္ဓာငါးပါးတို့ကို ဒိဋ္ဌိဥပါဒါန်၊ တဏှာဥပါဒါန်တို့ဖြင့် စွဲလန်းမှုပြုကြခြင်းသည်ပင် (ခန္ဓာ+ဥပါဒါန်=) **'ဥပါဒါနက္ခန္ဓာ'**(အစွဲခန္ဓာ)ခေါ်၏။

ဥပမာ-TVထဲမှ ပုံရိပ်တို့သည် 'ပညတ်' ဖြစ်၏။ ထိုပုံရိပ်တို့ကို တကယ်အစစ် အနေဖြင့် စွဲထင်မြင်နေမှုသည်'ဥပါဒါန်' ဖြစ်၏။ ထိုပုံရိပ်တို့ကို သရုပ်ဆောင် နေသူတို့၏ခန္ဓာ၊ စွဲလန်းထင်မြင်နေသူတို့၏ခန္ဓာတို့သည် 'ဥပါဒါနက္ခန္ဓာ' မည်၏။

http://www.dhammadownload.com



### ရုပ်တရားမှန်သမျှ ဥပါဒါနိုခန္ဓာသာဖြစ်ရ

ရုပ်တရားတို့သည် ဥပါဒါနိုခန္ဓာဖြစ်သည်ချည်းတည်း။ ဥပမာ-မြတ်စွာဘုရားရှင်၏ ရူပကာယကို အရှင်ဝက္ကလိရဟန်းသည် အလွန်ချစ်ကြည်ညို၏။ ရဟန္တာထေရီမတို့၏ ချောလှသောရုပ်ခန္ဓာကို အချို့အမျိုးသားတို့ ချစ်ခင်နှစ်သက်ကြ၏။

## အာယတန(၁၂)ပါး

### အာယတန၏သဘော

စိတ်၊စေတသိက်တို့၏ ဖြစ်တည်ကြောင်းသဘောသည် 'အာယတန' မည်၏။

၁။ **စက္ခာယတန** (စက္ခုပသာဒရုပ်)
၂။ **သောတာယတန** (သောတပသာဒရုပ်)
၃။ **ဃာနာယတန** (ဃာနပသာဒရုပ်)
၄။ **ဇိဝှါယတန** (ဇိဝှါပသာဒရုပ်)
၅။ **ကာယာယတန** (ကာယပသာဒရုပ်)
၆။ **မနာယတန** (စိတ် ၈၉-ပါး)
၇။ **ရူပါယတန** (ရူပရုပ်)
၈။ **သဒ္ဒါယတန** (သဒ္ဒရုပ်)
၉။ **ဂန္ဓာယတန** (ဂန္ဓရုပ်)
၁၀။ **ရသာယတန** (ရသာရုပ်)
၁၁။ **ဖောဋ္ဌဗ္ဗာယတန**(ပထဝီ၊တေဇော၊ဝါယောဟူသော ဖောဋ္ဌဗ္ဗရုပ်)
၁၂။ **ဓမ္မာယတန** ( စေတသိက်-၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန်၊)

အာယတန(၁၂)ပါး၏ လိုရင်းမှာ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ်၊ အဆင်း၊ အသံ၊အနံ့၊အရသာ၊အတွေ့၊အကြံတို့ဖြစ်၏။ ထိုအာယတနတို့တွင် ရုပ်အာယတန(၁၀)၊ နာမ်အာယတန(၁)၊ ရုပ်နာမ်အာယတန(၁) ဖြစ်၏။

ဥပမာ-မျက်စိကိုအမှီပြု၍ စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုင်းစသော စိတ်၊စေတသိက်ဖြစ်ပေါ်လာခွင့် ရှိကြ၏။ မျက်စိကန်းနေသူအား အဆင်းရှိသော်လည်း စိတ်မဖြစ်။

### အဇ္ဈတ္တနှင့် ဗဟိဒ္ဓ ခွဲပုံ

စက္ခာယတန၊သောတာယတန၊ဃာနာယတန၊ဇိဝှါယတန၊ကာယာယတန၊မနာယတန(၆)ပါးတို့သည် အတွင်းသန္တာန်၌ဖြစ်သောကြောင့်'အဇ္ဈတ္တိကာယတန'။

http://www.dhammadownload.com



ရူပါယတန၊သဒ္ဒါယတန၊ဂန္ဓာယတန၊ရသာယတန၊ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန(၆)ပါးတို့သည် ပြင်ပသန္တာန်၌ဖြစ်သောကြောင့်'ဗာဟိရာယတန'။

## ဓာတ်(၁၈)ပါး

**ဓာတ်၏သဘော**

မိမိ၏ သဘောကို ဆောင်တတ်သောသဘောသည် 'ဓာတ်'မည်၏။

၁။ **စက္ခုဓာတ်** (စက္ခုပသာဒရုပ်)
၂။ **သောတဓာတ်** (သောတပသာဒရုပ်)
၃။ **ဃာနဓာတ်** (ဃာနပသာဒရုပ်)
၄။ **ဇိဝှါဓာတ်** (ဇိဝှါပသာဒရုပ်)
၅။ **ကာယဓာတ်** (ကာယပသာဒရုပ်)
၆။ **ရူပဓာတ်** (ရူပါရုံရုပ်)
၇။ **သဒ္ဒဓာတ်** (သဒ္ဒါရုံရုပ်)
၈။ **ဂန္ဓဓာတ်** (ဂန္ဓာရုံရုပ်)
၉။ **ရသဓာတ်** (ရသာရုံရုပ်)
၁၀။ **ဖောဋ္ဌဗ္ဗဓာတ်** (ပထဝီ၊တေဇော၊ဝါယောဟူသောဖောဋ္ဌဗ္ဗာရုံရုပ် ၃-ပါး)
၁၁။ **ဓမ္မဓာတ်** (သုခုမရုပ်-၁၆၊ စေတသိက်- ၅၂၊နိဗ္ဗာန်)
၁၂။ **စက္ခုဝိညာဏဓာတ်** (စက္ခုဝိညာဉ်ဒွေ)
၁၃။ **သောတဝိညာဏဓာတ်** (သောတဝိညာဉ်ဒွေ)
၁၄။ **ဃာနဝိညာဏဓာတ်** (ဃာနဝိညာဉ်ဒွေ)
၁၅။ **ဇိဝှါဝိညာဏဓာတ်** (ဇိဝှါဝိညာဉ်ဒွေ)
၁၆။ **ကာယဝိညာဏဓာတ်** (ကာယဝိညာဉ်ဒွေ)
၁၇။ **မနောဓာတ်** (ပဉ္စဒွါရာဝဇ္ဇန်း-၁၊ သမ္ပဋိစ္ဆိုင်း-၂+၃-ပါး)
၁၈။ **မနောဝိညာဏဓာတ်** (ကြွင်း ၇၆-ပါးသော စိတ်)

**မှတ်ချက်**။ ရုပ်ဓာတ်(၁၀)၊ နာမ်ဓာတ်(၇)၊ ရုပ်နာမ်ဓာတ်(၁)။

ဥပမာ- TVကြည့်နေခိုက်၌ အဆင်း(ရူပ)ဓာတ်နှင့် မျက်စိ(စက္ခု)ဓာတ်၊ မြင်သိစိတ်(စက္ခုဝိညာဏ)ဓာတ်(၃)မျိုးတို့ ဖြစ်ပေါ်ပျက်စီးသွားခြင်းသဘောမျှ ဖြစ်၏။ တစ်စုံတစ်ယောက်ကို တစ်စုံတစ်ယောက်က မြင်တွေ့မှုမျိုး မဟုတ်ပေ။

http://www.dhammadownload.com



### ဓမ္မာရုံနှင့် ဓမ္မဓာတ် အထူး

၁။ ဓမ္မာရုံသည် ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ် အားဖြင့် (၆) မျိုး ဖြစ်၏။

၂။ ဓမ္မဓာတ်သည် စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်အားဖြင့် (၃) မျိုးဖြစ်၏။

## ဓာတ်(၁၈)ပါးဖြစ်စဉ်ဇယား

| ဒွါရ(၆) (အခံဓာတ်) | အာရုံ(၆) (အတိုက်ဓာတ်) | ဝိညာဏ်(၆) (အပွင့်ဓာတ်) |
|---|---|---|
| စက္ခုဓာတ် | ရူပဓာတ် | စက္ခုဝိညာဏဓာတ် |
| သောတဓာတ် | သဒ္ဒဓာတ် | သောတဝိညာဏဓာတ် |
| ဃာနဓာတ် | ဂန္ဓဓာတ် | ဃာနဝိညာဏဓာတ် |
| ဇိဝှါဓာတ် | ရသဓာတ် | ဇိဝှါဝိညာဏဓာတ် |
| ကာယဓာတ် | ဖောဋ္ဌဗ္ဗဓာတ် | ကာယဝိညာဏဓာတ် |
| မနောဓာတ် | ဓမ္မဓာတ် | မနောဝိညာဏဓာတ် |

## သစ္စာ(၄)ပါး

### သစ္စာ၏သဘော

အမှန်တရားသဘောသည် 'သစ္စာ'မည်၏။ အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်ပြုအပ်သော သစ္စာဖြစ်၍ **'အရိယသစ္စာ'** မည်၏။

၁။ **ဒုက္ခသစ္စာ** (လောကီစိတ် -၈၁၊ လောဘကြဉ်၊စေတသိက်-၅၁၊ ရုပ်-၂၈)

၂။ **သမုဒယသစ္စာ** (လောဘစေတသိက်)

၃။ **နိရောဓသစ္စာ** (နိဗ္ဗာန်)

၄။ **မဂ္ဂသစ္စာ** (မဂ်စိတ် ၄-ခုရှိသော မဂ္ဂင်တရားကိုယ် ၈-ပါး)

### လက်တွေ့အသုံးချပုံ

လောကဥ္စ ရှိသမျှအမှန်တရားတို့တွင် မြင့်မြတ်ဖြူစင်သော အရိယာအဖြစ်ကို ပြုတတ်သော အမှန်တရားတို့မှာ (၁)ဆင်းရဲ အမှန်တရား။ (၂)ဆင်းရဲခြင်း၏အကြောင်း

http://www.dhammadownload.com



အမှန်တရား။ (၃)ငြိမ်းအေးခြင်း အမှန်တရား။(၄)ငြိမ်းအေးခြင်း၏အကြောင်း အမှန်တရားဟူ၍ (၄)မျိုးသာ ရှိ၏။ ထို့ထက်အယုတ်၊အလွန် မရှိ။

ထို့ကြောင့် အရိယာပုဂ္ဂိုလ်ကြီးတို့သည် ထိုသစ္စာ(၄)ပါးတို့ကို သိမြင်မျက်မှောက်ပြုတော်မူကြခြင်းဖြင့်ပင် နိဗ္ဗာန်ဝင်စံငြိမ်းတော်မူကြလေကုန်၏။ ထို့ကြောင့် ''သစ္စာသိမြင်၊ နိဗ္ဗာန်ဝင်''ဟု ဆိုတော်မူကြ၏။

## သစ္စာသိမြင်ပုံ

သစ္စာ(၄)ပါးတို့တွင် (လောကီ-ပုဗ္ဗဘာဂမဂ်ခေါ်) မဂ္ဂသစ္စာကို ပွားများအားထုတ်ခြင်းဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်မှု ဖြစ်၏။ ဒုက္ခသစ္စာကို သိမြင်ခြင်းဖြင့်လည်း သမုဒယသစ္စာကို ပယ်သတ်မှုကိစ္စ ပြီးစီးလေတော့၏။ သမုဒယသစ္စာ(တဏှာ)ကို ပယ်သတ်နိုင်ခြင်းကြောင့်လည်း နိရောဓသစ္စာ အငြိမ်ဓာတ်(နိဗ္ဗာန်)သို့ ဆိုက်ရောက်နိုင်တော့သည်။ ထို့ကြောင့် သစ္စာလေးပါး၌ ဒေသနာအားဖြင့် (၁)သိ၊ (၂)ပယ်၊ (၃)ဆိုက်၊(၄)ပွားဟု အစဉ်အားဖြင့် ဟောကြားတော်မူ၏။

## အကြောင်းသစ္စာနှင့် အကျိုးသစ္စာ

သစ္စာ(၄)ပါးတို့တွင် သမုဒယသစ္စာ၊ မဂ္ဂသစ္စာတို့သည် အကြောင်းသစ္စာ။

ဒုက္ခသစ္စာ၊နိရောဓသစ္စာတို့သည် အကျိုးသစ္စာ။

**လင်္ကာ။** အကြောင်းကိုကြည့် အကျိုးသိ၊ အကျိုးသိမှအကြောင်းပယ်၊ အကြောင်းပယ်မှ အကျိုးပြတ်၊ အကျိုးပြတ်အောင် အကြောင်းဖြတ်။

## သစ္စာဝိမုတ်

မဂ်စိတ္တုပ္ပါဒ် (၂၉)ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ပါးသည် သစ္စာ(၄)ပါးလုံးမှ အလွတ်ဖြစ်သောကြောင့် 'သစ္စာဝိမုတ်'မည်၏။

၁။မဂ်စိတ်+မဂ္ဂင်(၈)ပါးကြဉ် မဂ်၌ယှဉ်သောစေတသိက်(၂၈)=(၃၉)ပါးတို့သည် 'မဂ်စိတ္တုပ္ပါဒ်' မည်၏။

၂။ဖိုလ်စိတ်+ဖိုလ်၌ယှဉ်သော စေတသိက်(၃၆)=(၃၇)ပါးတို့သည် 'ဖိုလ်စိတ္တုပ္ပါဒ်' မည်၏။

**မှတ်ချက်။** ပညတ်တရားသည် အားလုံးမှအလွတ်ဖြစ်သောကြောင့်'သဗ္ဗဝိမုတ်'ဖြစ်၏။

http://www.dhammadownload.com



## သမုဒယသစ္စာ (တဏှာ) အကျယ် ရေတွက်ပုံ

၁။ w P ßo ]w efw n £ m;cB (ကာမ+ဘဝ+ဝိဘဝတဏှာ)

၂။ အာ, ကာ, သန်နှင့် မြှောက်၊ (အာရုံ(၆)-ကာလ(၃)-သန္တာန်(၂)

၃။ တဏှာအစစ် တစ်ရာ့ရှစ်၊ ဖြစ်၏ ကိုယ်မှာရောက်။

### ဓမ္မဝိဋ္ဌာန်များ

၁။ သတ္တဝါတို့၏သန္တာန် ဆိုးတေယုတ်မာ လူမသာမာဖြစ်ပေါ်လာစေရန် ဝင်ရောက်ချယ်လှယ်လေ့ရှိသော အကုသိုလ်အင်အားစုများ၏ စွမ်းရည်သတ္တိအမည် တို့ကို ဖော်ပြခဲ့ပါ။

၂။ ဈာနင်၊မဂ္ဂင်ဟု လူသိထင်ရှား ကုသိုလ်အင်အားစုတို့တွင် အကုသိုလ် စွမ်းအားသတ္တိတို့ပါဝင်နေရာ ထိုအကုသိုလ်စွမ်းအားတို့က မည့်သည့်ကိစ္စတို့ကို ပြုမူ ဆောင်ရွက်နေပါသနည်း၊ ရှင်းပြပါ။

၃။ လူတစ်ကိုယ်၌ နေ့တစ်ရူဝ လိုအပ်လျက်ရှိသော အာဟာရသည် အစား အစာတစ်ခုသာဖြစ်ပါသလော၊ အဘိဓမ္မာအလိုကျ ရှင်းလင်းတင်ပြပါ။

၄။ ငါ့စိတ်ကို ငါ့စွဲလန်းနေတဲ့အာရုံတစ်ခုခုက အစိုးရနေတယ်လို့ ပြောလျှင် သင် လက်ခံနိုင်/မခံနိုင် မနိန္ဒြေအဖွင့်နှင့် ညှိ၍ ရှင်းပြပါ။

၅။ ဝိပဿနာတရား အားထုတ်သောယောဂီသည် ခန္ဓာမှန်သမျှကို ရှုမှတ် ဖို့ရန်သင့်/မသင့်နှင့် ဝိပဿနာရှုသင့်သော ခန္ဓာကိုလည်း ကြောင်းကျိုးပြ ရှင်းပါ။

၆။ ကိုယ့်မျက်စိဖြင့် ကိုယ့်ချစ်သူကို မြင်လိုက်ရသောအခါဝယ် မည်သူက မည်သူကို မြင်တွေ့မှုဖြစ်ပါသနည်း ပရမတ်သဘောအလို အဘိဓမ္မာ'ဓာတ်' တရားကိုယ် ကောက်ပြလျက် ဖြေဆိုပါ။

၇။ လောကလူသားတို့ ပြောဆိုနေကျ အမှန်တရားတို့သည် အများအပြားပင် ရှိနေကြပါသော်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုဖွယ်ဖြစ်သော ပရမတ်သစ္စာ နယ်မြေထဲမှ သိရန်ပဓာနကျသည့် သစ္စာတရားတို့ကို ထုတ်ဖော်ပြခဲ့ပါ။

သမုစ္စည်းပိုင်းပြီး၏။

◆ ◆ ◆

http://www.dhammadownload.com



## (၈)ပစ္စည်းပိုင်း
(အကြောင်း+အကျိုးတရားများ)

♦ ♦ ♦

### ပစ္စည်း၏သဘော

ပရမတ်တရား(၄)ပါးတို့ကို အကြောင်း-ပစ္စည်း၊ အကျိုး-ပစ္စယုပ္ပန်အားဖြင့် ခွဲခြားပြရာအပိုင်းကို ပစ္စည်းပိုင်းဟု ခေါ်၏။

'ပဋ္ဌာန်းပစ္စည်း၊ ဆွမ်းပစ္စည်း၊ ပစ္စည်းဘယ်သို့ထူးသနည်း' ဟူသော စွယ်စုံကျော်ထင်ကျမ်းလာ မေးခွန်းနှင့်အညီ လောကဒ္ဓ ဆိုင်ရာကိစ္စရပ်များ ပြီးစီးအောင် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်သောကြောင့် လူတို့၏ အသုံးအဆောင်များကို ပစ္စည်းခေါ်သကဲ့သို့၊ ပရမတ်တရားများ ဖြစ်ပေါ်လာနိုင်ရန် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်ကြောင်းတရားများကို ပစ္စည်းဟု ခေါ်သည်။

### ပစ္စည်းနှင့် ပစ္စယုပ္ပန်

၁။**ပစ္စည်း**- ဆိုင်ရာအကျိုးတို့၏ အကြောင်းတရားသည် 'ပစ္စည်း' မည်၏။

၂။**ပစ္စယုပ္ပန်**-အကြောင်းကြောင့်ဖြစ်ရသော အကျိုးတရားသည် 'ပစ္စယုပ္ပန်' မည်၏။

၁။**ပစ္စည်းအရ**- စိတ်၊စေတသိက်၊ရုပ်ဟူသော သင်္ခတတရားများနှင့်၊ နိဗ္ဗာန်၊ ပညတ်ဟူသော အသင်္ခတတရားများ ပါဝင်သည်။

၂။**ပစ္စယုပ္ပန်အရ**-စိတ်၊စေတသိက်၊ရုပ်ဟူသော သင်္ခတတရား ဖြစ်၏။

**မှတ်ချက်**။ နိဗ္ဗာန်နှင့်ပညတ်တို့သည် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်ပေါ်လာသောတရား မဟုတ်သောကြောင့် အကျိုးအရတွင် မပါဝင်။

## နည်း(၂)နည်း

♦ ♦ ♦

၁။ အဝိဇ္ဇာစသော ပစ္စည်းတရားတို့ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သင်္ခါရစသော
အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာမျှလောက်သာ ပြသောနည်းသည် '**ပဋိစ္စသမုပ္ပါဒ် နည်း**' မည်၏။

http://www.dhammadownload.com

၂။ အကြောင်းတရားတို့၏ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော အကျိုးတရားတို့၏ ဖြစ်ပုံကို ပစ္စယသတ္တိထူးနှင့်တကွပြသောနည်းသည် 'ပဋ္ဌာန်းနည်း' မည်၏။

**ကျေးဇူးပြုခြင်းဟူသည်**

(၁)မဖြစ်သေးသော အကျိုးတရားတို့ကို ဖြစ်ပေါ်(ဥပါဒ်)စေခြင်း၊

(၂)ဖြစ်ပြီးအကျိုးတရားတို့ကို တည်တံ့(ဋ္ဌီ)စေခြင်းကို ကျေးဇူးပြုသည် ခေါ်၏။

◆◆◆

## ပဋိစ္စသမုပ္ပါဒ်နည်း

### ပဋိစ္စသမုပ္ပါဒ်-အနုလုံ-ပါဠိ

| အကြောင်းတရား | | အကျိုးတရား |
|---|---|---|
| ၁။ အဝိဇ္ဇာ | ပစ္စယာ | သင်္ခါရာ |
| ၂။ သင်္ခါရ | ။ | ဝိညာဏံ |
| ၃။ ဝိညာဏ | ။ | နာမ ရူပံ |
| ၄။ နာမရူပ | ။ | သဠာယတနံ |
| ၅။ သဠာယတန | ။ | ဖဿော |
| ၆။ ဖဿ | ။ | ဝေဒနာ |
| ၇။ ဝေဒနာ | ။ | တဏှာ |
| ၈။ တဏှာ | ။ | ဥပါဒါနံ |
| ၉။ ဥပါဒါန | ။ | ဘဝေါ |
| ၁၀။ဘဝ | ။ | ဇာတိ |
| ၁၁။ဇာတိ | ။ | ဇရာမရဏံ၊ |
| | | သောကပရိဒေဝ၊ |
| | | ဒုက္ခဒေါမနဿ၊ |
| | | ဥပါယာသာ သမ္ဘဝန္တိ။ |

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

http://www.dhammadownload.com



**ပဋိစ္စသမုပ္ပါဒ်-အနုလုံ-မြန်မာပြန်**

၁။ မသိမှု(အဝိဇ္ဇာ)ကြောင့် ပြုပြင်စီရင်မှု(သင်္ခါရ) ဖြစ်၏။

၂။ ပြုပြင်စီရင်မှု(သင်္ခါရ)ကြောင့် ဝိပါက်(ဝိညာဏ်)ဖြစ်၏။

၃။ ဝိပါက်(ဝိညာဏ်)ကြောင့် နာမ်ရုပ်ဖြစ်၏။

၄။ နာမ်ရုပ်ကြောင့် အတွင်းတည်ရာ(အာယတန-၅-ပါး) ဖြစ်၏။

၅။ အတွင်းတည်ရာ(အာယတန-၅-ပါး)ကြောင့် တွေ့ထိမှု(ဖဿ)ဖြစ်၏။

၆။ တွေ့ထိမှု(ဖဿ)ကြောင့် ခံစားမှု(ဝေဒနာ)ဖြစ်၏။

၇။ ခံစားမှု(ဝေဒနာ)ကြောင့် လိုချင်မှု(တဏှာ)ဖြစ်၏။

၈။ လိုချင်မှု(တဏှာ)ကြောင့် စွဲလန်းမှု(ဥပါဒါန်)ဖြစ်၏။

၉။ စွဲလန်းမှု(ဥပါဒါန်)ကြောင့် ကံ(ကမ္မ-ဘဝ)ဖြစ်၏။

၁၀။ကံ(ကမ္မ-ဘဝကြောင့်) အကျိုးဖြစ်မှု(ဥပပတ္တိဘဝ)(ဇာတိ)ဖြစ်၏။

၁၁။အကျိုးဖြစ်မှု(ဇာတိ)ကြောင့် အိုနာသေ(ဇရာ၊မရဏ၊သောက၊ပရိဒေဝ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသတို့) ဖြစ်၏။

ဤသို့ အဝိဇ္ဇာစသည်တို့ကြောင့် ချမ်းသာမဖက် ဆင်းရဲသက်သက်တို့ ဖြစ်ပေါ်လာရပေသည်။

◆ ◆ ◆

## (၁)အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

**အဝိဇ္ဇာဟူသည်**

သိထိုက်သည်ကိုမသိ၊ မသိထိုက်သည်ကို သိမှုသဘောသည် အဝိဇ္ဇာ မည်၏။

(ဝိဇ္ဇာ-သိမှုဉာဏ်၏၊ အ-ဆန့်ကျင်ဘက်=အမှန်ကို မသိမှု၊ အမှားကိုသိမှု)

**အဝိဇ္ဇာ-အရ-** အကုသိုလ်စိတ်-၁၂-ပါး၌ယှဉ်သော မောဟ။

အဝိဇ္ဇာသည် အမှန်ကို မသိနိုင်အောင် ဖုံးလွှမ်းခြင်းကိစ္စ၊ အမှားကို သိမြင်အောင် ဖော်ပေးခြင်းကိစ္စ(၂)မျိုးကို ဆောင်ရွက်၏။

ထိုအဝိဇ္ဇာသည် သစ္စာ-၄-တန်၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဟူသော (၈)ဌာန၌ ဖုံးလွှမ်း၏။

မှတ်ချက်။ပုဗ္ဗန္တ-ရှေးအတိတ်ကဖြစ်ခဲ့သော ခန္ဓာ၊အာယတန၊ဓာတ်အဖို့အစု။ အပရန္တ- နောင်အနာဂတ်၌ဖြစ်လတ္တံ့သော ခန္ဓာ၊အာယတန၊ဓာတ်အဖို့အစု။

http://www.dhammadownload.com



### သင်္ခါရဟူသည်

ယခုဘဝ၌ ကိုယ်မှု၊နှုတ်မှု၊စိတ်မှုများနှင့် နောင်ဘဝအတွက် အကျိုးဝိပါက်များကို ပြုစီမံတတ်သော ကံတရားသည် 'သင်္ခါရ' မည်၏။

**သင်္ခါရအရ**-လောကီကုသိုလ်၊အကုသိုလ်စိတ်တို့၌ယှဉ်သော စေတနာ(၂၉)။

### သင်္ခါရ(၃)မျိုး

(၁)ကာမကု၊ရူပ ကုသိုလ်စေတနာ ၁၃-ပါးသည် ပုညာ‚ဘိသင်္ခါရ၊

(၂)အကုသိုလ်စေတနာ ၁၂-ပါးသည် အပုညာ‚ဘိသင်္ခါရ၊

(၃)အရူပကုသိုလ်စေတနာ ၄-ပါးသည် အာနေဉ္ဇာ‚ဘိသင်္ခါရ၊

**မှတ်ချက်**။ ဆန့်ကျင်ဘက်တရားတို့ကြောင့် မယိမ်းမယိုင် မြဲခိုင်မှုကြောင့် အာနေဉ္ဇ။ ဝဋ်တရားတို့၏လည်ပတ်မှုကို ပြုရာဖြစ်၍ လောကုတ္တရာစိတ်တို့ကို မယူရ။

## (၂)သင်္ခါရ ပစ္စယာ ဝိညာဏံ

### ဝိညာဏ်ဟူသည်

အာရုံကို သိတတ်သော သဘောသည် 'ဝိညာဏ်' မည်၏။

(၁)ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်(၁၉)ခုသည် 'ပဋိသန္ဓေ ဝိညာဏ်'။

(၂)ပဝတ္တိအခါ လောကီဝိပါက်စိတ်(၃၂)ခုသည် 'ပဝတ္တိ ဝိညာဏ်'။

### သင်္ခါရ(၃)ပါးကြောင့် ဝိညာဏ်ဖြစ်ပုံ

| သင်္ခါရ(၃)ပါးသရုပ် | ပဋိသန္ဓေဝိညာဏ်(၁၉) | ပဝတ္တိဝိညာဏ်(၃၂) |
|---|---|---|
| ပုညာဘိ- မဟာကု(၈)<br>သင်္ခါရ-<br>ရူပကု(၅) | မဟာဝိပါက်(၈)၊<br>အဟိတ်-ကုဝိ-<br>ဥ-သန္တီရဏ(၁)<br>ရူပဝိပါက်(၅) | မဟာဝိ(၈)<br>အဟိတ်ကုဝိ(၈)<br>ရူပဝိပါက်(၅) |
| အပုညာဘိ<br>သင်္ခါရ- အကု(၁၂)၊ | အကုဝိ-ဥ-သန္တီရဏ(၁) | အကုသလဝိပါက်(၇) |
| အာနေဉ္ဇာဘိ<br>သင်္ခါရ- အရူပကု(၅)၊ | အရူပဝိပါက်(၄) | အရူပဝိပါက်(၄) |

http://www.dhammadownload.com



**သင်္ခါရ(၂)မျိုးအထူး**

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌** သင်္ခါရ-အရမှာ လောကီကုသိုလ်၊အကုသိုလ် စေတနာ(၂၉)ပါး(အကျိုးသင်္ခါရ)ကို ရ၏။

**သင်္ခါရပစ္စယာ ဝိညာဏံ၌** သင်္ခါရ-အရမှာ ဥဒ္ဒစ္စစေတနာကြဉ်သော လောကီ ကုသိုလ်၊အကုသိုလ်စေတနာ(၂၉)ပါး (အကြောင်းသင်္ခါရ)ကို ရ၏။

## (၃)ဝိညာဏပစ္စယာ နာမရူပံ

**နာမ်ရုပ်ဟူသည်**

အာရုံသို့ ညွတ်မှုသဘောသည် 'နာမ်' မည်၏။ ဖောက်ပြန်မှုသဘောသည် 'ရုပ်' မည်၏။

**နာမ်အရ**-လောကီဝိပါက်နှင့်ယှဉ်သော စေတသိက်(၃၅)ပါး၊

**ရုပ်အရ**- ကမ္မဇရုပ်(၂၀)ပါး၊

**ပဋိသန္ဓေနာမ်ရုပ်နှင့် ပဝတ္တိနာမ်ရုပ်ခွဲပုံ**

၁။ပဋိသန္ဓေစိတ် ၁၉-ပါးနှင့်ယှဉ်သော စေတသိက် ၃၅-ပါးသည် ပဋိသန္ဓေ နာမ် မည်၏။

၂။လောကီဝိပါက်စိတ် ၃၂-ပါးနှင့်ယှဉ်သော စေတသိက် ၃၅-ပါးသည် ပဝတ္တိနာမ် မည်၏။

၁။ပဋိသန္ဓေကမ္မဇရုပ် ၂၀-ပါးသည် ပဋိသန္ဓေရုပ် မည်၏။

၂။ပဝတ္တိစိတ္တဇရုပ် ၁၇-ပါးသည် ပဝတ္တိရုပ် မည်၏။

## (၄)နာမရူပပစ္စယာ သဠာယတနံ

**သဠာယတနဟူသည်**

စက္ခာယတနစသော အာယတန(၆)ပါးတို့သည် 'သဠာယတန' မည်၏။

**သဠာယတနအရ**-စက္ခာယတန၊သောတာယတန၊ဃာနာယတန၊ဇိဝှါယတန၊ ကာယာယတန၊မနာယတန(၆)ပါး။

(စက္ခာယတနအရ-စက္ခုပသာဒရုပ်၊မနာယတနအရ-လောကီဝိပါက် ၃၂၊)

http://www.dhammadownload.com



## (၅)သဠာယတနပစ္စယာ ဖဿော

**ဖဿဟူသည်**

အာရုံကို တွေ့ထိမှုသဘောသည် 'ဖဿ' မည်၏။

**ဖဿအရ**-စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊မနောသမ္ဖဿ(၆)ပါး။

(စက္ခုသမ္ဖဿ-အရ- စက္ခုဝိညာဏ်ဒွေးနှင့်ယှဉ်သော ဖဿ၊ မနောသမ္ဖဿ အရ- ဒွေပဉ္စဝိညာဏ်-၁၀-ကြဉ် လောကီဝိပါက် ၂၂နှင့်ယှဉ်သော ဖဿ)

## (၆)ဖဿပစ္စယာ ဝေဒနာ

**ဝေဒနာဟူသည်**

အာရုံ၏အရသာကို ခံစားမှုသဘောသည် 'ဝေဒနာ'မည်၏။

**ဝေဒနာအရ**-စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ(၆)ပါး။

(မနောသမ္ဖဿဇာဝေဒနာ အရ- ဒွေပဉ္စဝိညာဏ်-၁၀-ကြဉ် လောကီဝိပါက် ၂၂နှင့်ယှဉ်သော ဝေဒနာ)

## (၇)ဝေဒနာပစ္စယာ တဏှာ

**တဏှာဟူသည်**

အာရုံ၌ တပ်မက်မောမှုသဘောသည် 'တဏှာ'မည်၏။

**တဏှာအရ**-ရူပတဏှာ၊သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ(၆)ပါး။

ရူပါရုံ၌ တပ်မက်သာယာမှုသည် ရူပတဏှာ မည်၏။

လောကီစိတ်(၈၁)၊စေတသိက်(၅၂)၊ပသာဒရုပ်(၅)၊သုခုမရုပ်(၁၆)၊ပညတ် အာရုံတို့၌ တပ်မက်သာယာမှုသည် ဓမ္မတဏှာ မည်၏။

## (၈)တဏှာပစ္စယာ ဥပါဒါန်

အာရုံ၌ ပြင်းစွာ စွဲယူမှုသဘောသည် 'ဥပါဒါန်'မည်၏။

http://www.dhammadownload.com



ဥပါဒါန်အရ-ကာမုပါဒါန်၊ဒိဋ္ဌုပါဒါန်၊သီလဗ္ဗတုပါဒါန်၊အတ္တဝါဒုပါဒါန်(၄)ပါး။

**တဏှာနှင့် ဥပါဒါန်အထူး**

၁။ အားနည်းသော လိုချင်မှုသည် တဏှာ မည်၏။ အားကြီးသော လိုချင်မှုသည် ဥပါဒါန် မည်၏။

၂။ လက်သို့ မရောက်သေးခင် လိုချင်တောင့်တမှုသည် တဏှာ မည်၏။ လက်သို့ ရောက်ပြီး၍ တပ်မက်စွဲလန်းမှုသည် ဥပါဒါန် မည်၏။

## (၉)ဥပါဒါနပစ္စယာ ဘဝေါ

**ဘဝဟူသည်**

ဥပါဒ်ထင်ရှားမှုအားဖြင့် ဖြစ်ခြင်းသဘောသည် 'ဘဝ'မည်၏။

**ဘဝအရ**-ကမ္မဘဝနှင့် ဥပပတ္တိဘဝ(၂)ပါး။

**ကမ္မဘဝ**- အနာဂတ်ကာလ၌ အကျိုးဝိပါက်ကို ဖြစ်စေတတ်သော လောကီကုသိုလ်၊အကုသိုလ်စေတနာ(၂၉)ပါးဟူသည့် ပစ္စုပ္ပန်ကံသည် ကမ္မဘဝ မည်၏။

**ဥပပတ္တိဘဝ**- ထိုကံကြောင့်ဖြစ်သော လောကီဝိပါက်(၃၂)၊စေတသိက် (၃၅)၊ ကမ္မဇရုပ်(၂၀)တို့သည် ဥပပတ္တိဘဝ မည်၏။

**သင်္ခါရနှင့် ကမ္မဘဝအထူး**

တရားကိုယ်အားဖြင့် လောကီကုသိုလ်၊ အကုသိုလ်စေတနာ(၂၉)ပါးချင်း တူသော်လည်း ယခုပစ္စုပ္ပန်ကာလ၌ အကျိုးပေးရန် အတိတ်ကပြုခဲ့သောစေတနာသည် သင်္ခါရမည်၏။ အနာဂတ်ကာလ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်၌ပြုသောစေတနာသည် ကမ္မဘဝ မည်၏။

**ဥပပတ္တိဘဝ(၉)မျိုး**

တဏှာဖြင့်-ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ(၃)ပါး၊

သညာဖြင့်-သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ(၃)ပါး၊

ခန္ဓာဖြင့်- ဧကဝေါကာရဘဝ၊စတုဝေါကာရဘဝ၊ပဉ္စဝေါကာရဘဝ(၃)ပါး၊

http://www.dhammadownload.com



## (၁၀)ဘဝပစ္စယာ ဇာတိ

**ဇာတိဟူသည်**

လောကီဝိပါက်စိတ်(၃၂)၊စေတသိက်(၃၅)၊ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း(ဥပါဒ်) သဘောသည် ဇာတိ မည်၏။ (ဥပပတ္တိဘဝတရားကိုယ်များ ထင်ရှားဖြစ်ခြင်း)

**ဘဝအရ-ကမ္မဘဝကိုသာ ယူရမည်။**

## (၁၁)ဇာတိပစ္စယာ ဇရာ၊မရဏစသည်

ဇရာ-ဥပပတ္တိဘဝတရားများ၏ ရင့်ကျက်ခြင်း(ဌီ)သဘောသည် ဇရာ။

မရဏ-ဥပပတ္တိဘဝတရားများ၏ ပျက်ဆုံးခြင်း(ဘင်)သဘောသည် မရဏ။

**မှတ်ချက်။** ယင်းဇရာနှင့်မရဏတို့သည် ဇာတိ၏ အကျိုးရင်း(မုချအကျိုး)မည်၏။

**ဇာတိ၏အကျိုးဆက်တရားများ**

**၁။သောက**-ဝမ်းနည်းခြင်း၊စိုးရိမ်ခြင်း၊(ဒေါသမူဒွေဠ် ဒေါမနဿဝေဒနာ)

**၂။ပရိဒေဝ**-တမ်းတငိုကြွေးခြင်း၊(စိတ္တဇ ဝိပလ္လာသ သဒ္ဒရုပ်)

၃။ ဒုက္ခ-ကိုယ်ဆင်းရဲခြင်း(ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ဝေဒနာ)

၄။ ဒေါမနဿ-စိတ်ဆင်းရဲခြင်း(ဒေါသမူဒွေဠ် ဝေဒနာ)

၅။ ဥပါယာသ-ပြင်းစွာပူဆွေး ရှိုက်ကြီးတငင်ဖြစ်မှု၊(ဒေါသမူဒွေဠ်ဝေဒနာ)

**လက်တွေ့အသုံးချပုံများ**

သတ္တဝါတို့သည် ကုသိုလ်၊အကုသိုလ်ကံတစ်ခုခုကို ပြုလုပ်ခြင်းကြောင့် လူ့ဘဝ၊နတ်ဘဝစသည်တို့၌ အကျိုးခန္ဓာငါးပါးတို့ကို ရရှိနေကြရ၏။ ထိုသို့ရရှိရာ၌ သစ္စာလေးပါးကိုမသိမှုနှင့် ဘဝကို လိုချင်မှုကြောင့်သာ ပြုလုပ်မှု ဖြစ်၏။ ပြုလုပ်မှုကြောင့် ဘဝတစ်ခုခု၌ (ပဋိသန္ဓေ၊ပဝတ္တိ)ခန္ဓာတို့ ဖြစ်ပေါ်လာမှုသည် ဇာတိ ဖြစ်၏။ ဇာတိဖြစ်မှုကြောင့် ဇရာနှင့်မရဏတို့သည် မုချကျိန်းသေ ဖြစ်ရပေ၏။ ဘုရားသော်မှ ရှောင်မရ။ သို့သော် ဘုရား၊ရဟန္တာတို့အား ဇရာမရဏဖြစ်သော်လည်း သောကမဖြစ်။ အချို့သော တိဟိတ်ကလျာဏပုထုဇဉ်တို့အားလည်း ဉာဏ်ရှိသဖြင့် သောကစသည် မဖြစ်။ထိုကြောင့် သောကစသည်တို့သည် မုချအကျိုးမဟုတ်။ ပရိယာယ်အကျိုးဖြစ်၏။

◆◆◆


http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်နည်း၌ သိဖွယ်များ

အခွန့်(ကာလ)(၃)ပါး၊ အင်္ဂါ(၁၂)ပါး၊အစပ်(၃)ပါး၊ အလွှာ (၄)ပါး၊ ခြင်းရာ (၂၀)၊ ဝဋ္ဋ(၃)ပါး၊ မူလ(ဝဋ္ဋမြစ်)(၂)ပါး။

### အင်္ဂါ(၁၂)ပါးနှင့်တွဲစပ်ပုံများ




### ပဋိစ္စသမုပ္ပါဒ်-အင်္ဂါ(၁၂)ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ။

### အခွန့်(ကာလ)-၃-ပါး

၁။ အဝိဇ္ဇာနှင့် သင်္ခါရတို့သည် 'အတိတ်ကာလ' မည်၏။

၂။ ဇာတိနှင့် ဇရာမရဏတို့သည် 'အနာဂတ်ကာလ' မည်၏။

၃။ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊တဏှာ၊ဥပါဒါန်၊ ဘဝတို့သည် 'ပစ္စုပ္ပန်ကာလ' မည်၏။

### အစပ်(၃)ပါး

၁။အတိတ်အကြောင်းသင်္ခါရနှင့် ပစ္စုပ္ပန်အကျိုးဝိညာဏ်တို့ အကြားသည် (ဟေတု+ဖလ)ကြောင်း+ကျိုး တစ်စပ်။

http://www.dhammadownload.com



၂။ပစ္စုပ္ပန်အကျိုးဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်းတဏှာတို့ အကြားသည် (ဖလ+ဟေတု)ကျိုး+ကြောင်း တစ်စပ်။
၃။ပစ္စုပ္ပန်အကြောင်းကမ္မဘဝနှင့် အနာဂတ်အကျိုးဇာတိတို့ အကြားသည် (ဟေတု+ဖလ) ကြောင်း+ကျိုး တစ်စပ်။

## အလွှာ(၄)ပါး

၁။အတိတ်အကြောင်းတစ်လွှာ၊ အဝိဇ္ဇာ၊ သင်္ခါရ၊(တဏှာ၊ဥပါဒါန်၊ဘဝ)
၂။ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)
၃။ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊(အဝိဇ္ဇာ၊သင်္ခါရ)
၄။အနာဂတ်အကျိုးတစ်လွှာ၊ ဇာတိ၊ ဇရာမရဏ၊(ဝိညာဏ်စသည် ငါးပါး)

## ခြင်းရာ(၂၀)ပါး

၁။ အတိတ်အကြောင်း အခြင်းအရာ ၅-ပါး။
၂။ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ၅-ပါး။
၃။ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅-ပါး။
၄။အနာဂတ်အကျိုး အခြင်းအရာ ၅-ပါး။

## ဝဋ်(၃)ပါး

ကိလေသာ၊ ကံ၊ ဝိပါက်တရားတို့သည် အကြောင်းအကျိုးဖြစ်စဉ်အားဖြင့် မပြတ် လည်ပတ်၍ ဖြစ်နေတတ်မှုသဘောသည် 'ဝဋ်'မည်၏။
၁။အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသာဝဋ် မည်၏။(ကိ-၃)
၂။သင်္ခါရ၊ ကမ္မဘဝသည် ကမ္မဝဋ် မည်၏။ (ကံ-၂)
၃။ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (ဥပပတ္တိဘဝ)ဇာတိ၊ ဇရာမရဏသည် ဝိပါကဝဋ် မည်၏။ (ဝိပါက်-၈)

## ဝဋ်မြစ်(မူလ) (၂)ပါး

၁။ ရှေ့ပိုင်းဘဝစက်၏ ဝဋ်မြစ်သည် အဝိဇ္ဇာ။
အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည်

http://www.dhammadownload.com



အဝိဇ္ဇာမူလက ပုဗ္ဗန္တ(ရှေ့ပိုင်း)ဘဝစက် မည်၏။

၂။ နောက်ပိုင်းဘဝစက်၏ ဝဋ်မြစ်သည် တဏှာ။

တဏှာ၊ ဉပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏသည် တဏှာမူလက အပရန္တ (နောက်ပိုင်း)ဘဝစက် မည်၏။

## ဝဋ်လည်ပုံနှင့် ဝဋ်ပြတ်ပုံ

အိုခြင်း၊သေခြင်း၊တွေဝေမိန်းမောကြောင်း သောကစသော တရားအပေါင်းသည် မပြတ်နှိပ်စက်အပ်သော သတ္တဝါတို့၏သန္တာန်၌ အာသဝေါတရားတို့၏ ဖြစ်ပေါ်လာခြင်းကြောင့် အဝိဇ္ဇာလည်း ဖြစ်ပေါ်ရပြန်၏။ အဝိဇ္ဇာဖြစ်လျှင် သင်္ခါရစသည်လည်း ဖြစ်သဖြင့် ပဋိစ္စသမုပ္ပါဒ်ဝဋ်သံသရာ မပြတ်ဘဲ လည်ပတ်နေရသည်။

**ဥပမာ**- မသိမှုကြောင့် ကုသိုလ်ကံ၊အကုသိုလ်ကံတစ်မျိုးမျိုးကို ပြုလုပ်မိကြ၏။ ထိုသို့ပြုရာ၌ လိုချင်မှုတဏှာအစေးပါ၍သာပြုခြင်းဖြင့် အဝိဇ္ဇာနှင့်တဏှာကြောင့် ကံပြု၍ အကျိုးဝိပါက်ရုပ်နာမ်တို့ကို ရရှိနေကြခြင်း ဖြစ်သည်။

## ဝဋ်လည်ပုံ

အဝိဇ္ဇာနှင့် တဏှာဟူသော ဝဋ်မြစ်(၂)ပါးကို အရဟတ္တမဂ်ဉာဏ်ဖြင့်အကြွင်းမဲ့ ပယ်သတ်ဖျက်ဆီးသဖြင့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက် လည်ပတ်မှု ချုပ်ပြတ်၏။

**ဥပမာ**-သိမှုကြောင့် ကုသိုလ်ကံ၊အကုသိုလ်ကံတစ်မျိုးမျိုးကို မပြုလုပ်တော့ပေ။ ထိုသို့မပြုရာ၌ (ပြုမိသော်လည်း) လိုချင်မှုတဏှာအစေး ကင်းပြတ်သဖြင့် အဝိဇ္ဇာနှင့်တဏှာချုပ်ခြင်းကြောင့် ကံမပြုသဖြင့် အကျိုးဝိပါက်ရုပ်နာမ်တို့ကိုလည်း မရရှိကြတော့ခြင်း ဖြစ်သည်။

♦♦♦

http://www.dhammadownload.com



## ပဋ္ဌာန်းနည်း

♦♦♦

### ပဋ္ဌာန်း(၂၄)ပစ္စည်းပါဠိ

၁။ ဟေတု ပစ္စယော၊ ၂။ အာရမ္မဏပစ္စယော၊ ၃။ အဓိပတိပစ္စယော၊ ၄။အနန္တရ ပစ္စယော၊ ၅။ သမနန္တရပစ္စယော၊ ၆။ သဟဇာတပစ္စယော၊ ၇။ အညမည ပစ္စယော၊ ၈။ နိဿယပစ္စယော၊ ၉။ ဥပနိဿယ ပစ္စယော၊ ၁၀။ ပုရေဇာတပစ္စယော၊ ၁၁။ပစ္ဆာဇာတပစ္စယော၊ ၁၂။ အာသေဝနပစ္စယော၊ ၁၃။ ကမ္မပစ္စယော၊ ၁၄။ ဝိပါက ပစ္စယော၊ ၁၅။ အာဟာရပစ္စယော၊ ၁၆။ဣန္ဒြိယပစ္စယော၊ ၁၇။ ဈာနပစ္စယော၊ ၁၈။မဂ္ဂပစ္စယော၊ ၁၉။ သမ္ပယုတ္တပစ္စယော၊ ၂၀။ ဝိပ္ပယုတ္တပစ္စယော၊ ၂၁။ အတ္ထိ-ပစ္စယော၊ ၂၂။ နတ္ထိပစ္စယော၊ ၂၃။ ဝိဂတပစ္စယော၊ ၂၄။ အဝိဂတပစ္စယော၊

## ၁။ဟေတုပစ္စယော

(ဟိတ်ပစ္စည်းတရား)

### ဟေတုဟူသည်

လောဘစသောတရား(၆)ပါးတို့သည် သမ္ပယုတ်တရားတို့၏ တည်ရာတည် ကြောင်း၊ပွားတိုးစည်ပင်ခြင်းသို့ ရောက်ကြောင်းသတ္တိကြောင့် ဟေတု(ဟိတ်) မည်၏။

### ဟိတ်သတ္တိဖြင့်ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| (က)ဟေတု<br><br>ဟိတ် ၆-ပါး | (ခ)ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ<br>သဟိတ်စိတ် ၇၁၊(မောကြဉ်)စေ-၅၂<br>တံသမုဋ္ဌာနာနဉ္စ ရူပါနံ<br>သဟိတ်စိတ္တဇရုပ်၊ကမ္မဇရုပ် |

### ဟေတုပစ္စည်းဆိုရိုး

လောဘ၊ဒေါသ၊မောဟ၊အလောဘ၊အဒေါသ၊အမောဟဟူသော ဟိတ် (၆)ပါး အကြောင်းပစ္စည်းတရားတို့သည် ဟိတ်နှင့်ယှဉ်ဖက်ဖြစ်သော သဟိတ်စိတ် (၇၁)၊ စေတသိက် (၅၂)၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဟူသော

http://www.dhammadownload.com



အကျိုးပစ္စယုပ္ပန်တရားတို့အား ဟိတ်သတ္တိဖြင့် ကျေးဇူးပြုသည်။

## ၂။အာရမ္မဏပစ္စယော

(အာရုံပစ္စည်းတရား)

### အာရမ္မဏဟူသည်

တောင်ဝှေး၊ကြိုးတန်းစသည်တို့သည် အားအင်ချိနဲ့သူတို့အား ဆွဲကိုင်မှီတွယ်ရာဖြစ်သကဲ့သို့၊ စေတသိက်တရားတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသဘောသည် 'အာရမ္မဏ' မည်၏။

### အာရမ္မဏပစ္စည်းဆိုရိုး

အလုံးစုံသော စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်၊ပညတ်ဟူသော အာရုံ ၆-ပါး ပစ္စည်းတရားတို့က စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးဟူသော ပစ္စယုပ္ပန်တရားတို့အား အာရုံသတ္တိဖြင့် ကျေးဇူးပြုပါသည်။

### အာရုံသတ္တိဖြင့်ကျေးဇူးပြုပုံ

| အကြောင်းပစ္စည်း | အကျိုးပစ္စယုပ္ပန် |
|---|---|
| အလုံးစုံအာရုံ(၆)ပါး၊ | စိတ်၊စေတသိက် |

## ၃။အဓိပတိပစ္စယော

(အကြီးအမှူးပစ္စည်းတရား)

### အဓိပတိဟူသည်

အာရုံ(၆)ပါးနှင့် ဆန္ဒ၊ ဝီရိယ၊ စိတ်၊ပညာတရားတို့က ရုပ်နာမ်တရားတို့အား အကြီးအမှူးအဖြစ် အရှင်သခင်အဖြစ်ဖြင့် ကျေးဇူးပြုမှုသည် '**အဓိပတိ**' မည်၏။

### ၁။ အာရမ္မဏာဓိပတိ-ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈၊ဒေါ-၂၊ မော-၂၊ဒု-၁ကြဉ်၊စိတ် ၈၄၊ဒေါ-စတုတ်၊ ဝိစိ-ကြဉ်၊စေ-၄၇၊ နိဗ္ဗာန် | လော-၈၊ကု-၈၊ကြိယ်-၄၊ ကုတ်-၈ ဟူသော စိတ်-၂၈၊ ဒေါစတုတ်၊ဝိစိ၊ အပ္ပမညာကြဉ်-စေ-၄၅ပါး |

http://www.dhammadownload.com



**အာရမ္မဏာဓိပတိဆိုရိုး**

၂။ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်(၁၈)၊(ဒေါသ၊မောဟ၊ ဒုက္ခသဟဂုတ်-၅-ကြဉ်) စိတ်(၈၄)၊ (ဒေါစတုတ်၊ဝိစိကိစ္ဆာ-၅-ကြဉ်) စေတသိက်(၄၇)၊ နိဗ္ဗာန်ဟူသောအာရုံ(၆)ပါး အကြောင်းပစ္စည်းတရားတို့သည် အလေးအမြတ် အာရုံပြု တတ်သောလောဘမူ(၈)၊ မဟာကု(၈)၊မဟာကြိယာဉာဏ်(၄)၊ လောကုတ္တရာ စိတ် (၈)ဟူသောအကျိုးပစ္စယုပ္ပန်တရားတို့အား '**အာရမ္မဏာဓိပတိသတ္တိ**' ဖြင့် ကျေးဇူးပြု၏။

## ၂။ သဟဇာတာဓိပတိ-ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| **သာဓိ-ဇော ၅၂ခု်ရှိသော**<br>ဆန္ဒ,ဝီရိယ,စိတ်,ပညာ<br>(၃-၄)တွင်တစ်ပါးပါး | သာဓိဇောစိတ်(၅၂)<br>ဝိစိကြဉ်စေ(၅၁)<br>သာဓိ-စိတ္တဇရုပ် |

**သဟဇာတာဓိပတိဆိုရိုး**

၁။ သာဓိပတိဇော (၅၂)ခုရှိသော ဆန္ဒ၊ဝီရိယ၊စိတ်၊ပညာ အဓိပတိတရားကိုယ် (၃)ပါး၊ (၄)ပါးတို့တွင် တစ်ပါးပါးသော အကြောင်းပစ္စည်းတရားတို့သည် သာဓိပတိ ဇော(၅၂)ခု၊ (ဝိစိကိစ္ဆာ၊ မိမိအဓိပတိ ကြဉ်)စေတသိက် (၅၁)၊ သာဓိပတိ စိတ္တဇရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား '**သဟဇာတာဓိပတိ**' သတ္တိဖြင့် ကျေးဇူးပြု၏။

## ၄။၅။အနန္တရပစ္စယော-သမနန္တရပစ္စယော

(အကြားမဲ့ပစ္စည်းတရား)

**အနန္တရဟူသည်**

စကြာဝတေးမင်း နတ်ရွာစံမှုသည် သားကြီးရတနာအား မင်းအဖြစ်ကို ဖြစ်စေခြင်းငှါကျေးဇူးပြုသကဲ့သို့၊ မိမိချုပ်ဆုံးပြီးနောက် အကြားမဲ့၍ စိတ်၊စေတသိက် တို့ ဖြစ်လာခြင်းငှါ ကျေးဇူးပြုမှုသဘောသည် အနန္တရ+သမနန္တရ မည်၏။

http://www.dhammadownload.com



## အနန္တရသတ္တိကျေးဇူးပြုပုံ

| အကြောင်းရှေးရှေးစိတ် | အကျိုးနောက်နောက်စိတ် |
|---|---|
| (ရဟန္တာတို့စုတိကြဉ်) | (ရဟန္တာတို့စုတိနှင့်တကွ) |
| ရှေး^၂သော စိတ် ၈၉၊စေ၅၂ | နောက်^၂ စိတ်-၈၉၊စေ-၅၂ |

### အနန္တရဆိုရိုး

(ရဟန္တာတို့၏စုတိစိတ်ကြဉ်) ရှေးရှေး၌ဖြစ်သော စိတ်(၈၉)၊ စေတသိက် (၅၂)ဟူသောနာမ်ခန္ဓာလေးပါးအကြောင်းပစ္စည်းတရားသည် (ရဟန္တာတို့စုတိနှင့် တကွ) နောက်နောက်၌ဖြစ်သော အလုံးစုံသော စိတ်(၈၉)၊ စေတသိက် (၅၂)အကျိုး ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၆။သဟဇာတပစ္စယော

(အတူဖြစ်ဖက်ပစ္စည်းတရား)

### သဟဇာတဟူသည်

ဆီမီးသည် မိမိနှင့်အတူဖြစ်ဖက် အလင်းဓာတ်အား အတူဖြစ်လျက်ကျေးဇူး ပြုသကဲ့သို့၊ မိမိနှင့်အတူဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား အတူဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုမှုသဘောသည် သဟဇာတ မည်၏။

## သဟဇာတသတ္တိကျေးဇူးပြုပုံ

| စိတ်၊စေ-နာမ်ခန္ဓာ(၄)ပါး | အချင်းချင်း+စိတ္တဇ+ကမ္မဇ |
|---|---|
| မဟာဘုတ်(၄)ပါး | အချင်းချင်း+ဥပါဒါရုပ်(၂၄) |
| ပဋိသန္ဓေဝါကာရပဋိသန္ဓေ- | |
| နာမ်ခန္ဓာ(၄)ပါးနှင့်ဟဒယဝတ္ထု | အချင်းချင်းအား |

### သဟဇာတသတ္တိဆိုရိုး

၁။ အလုံးစုံသော စိတ်(၈၉)၊စေတသိက်(၅၂)ဟုဆိုအပ်သော ပဝတ္တိ၊ပဋိသန္ဓေ

http://www.dhammadownload.com



နာမ်ခန္ဓာ(၄)ပါးပစ္စည်းတရားတို့သည် အချင်းချင်းအားလည်းကောင်း၊ အတူဖြစ်ဖက် စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊

၂။ မဟာဘုတ်(၄)ပါးပစ္စည်းတရားတို့သည် အချင်းချင်းအားလည်းကောင်း၊ အတူ ဖြစ်ဖက် ဥပါဒါရုပ်(၂၄)ပါးတို့အားလည်းကောင်း၊

၃။ ပဉ္စဝေါကာရပဋိသန္ဓေ နာမ်ခန္ဓာ(၄)ပါးနှင့် ဟဒယဝတ္ထုတို့သည် အချင်းချင်း အားလည်းကောင်း. သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၇။အညမညပစ္စယော
(အချင်းချင်းအပြန်အလှန်ပစ္စည်းတရား)

### အညမညဟူသည်

ထောက်ကန်၍ ထောင်ထားအပ်သော သစ်သားသုံးချောင်းတို့သည် အချင်းချင်း ကူညီထောက်ပံ့၍ ကျေးဇူးပြုသကဲ့သို့၊ ရုပ်နာမ်အချင်းချင်း အပြန်ပြန် အလှန်လှန်ကျေးဇူးပြုတတ်သောသဘောသည် အညမည မည်၏။

### အညမညသတ္တိကျေးဇူးပြုပုံ

| | |
|---|---|
| စိတ်၊စေ-နာမ်ခန္ဓာ(၄)ပါး | အချင်းချင်း+စိတ္တဇ+ကမ္မဇ |
| မဟာဘုတ်(၄)ပါး | အချင်းချင်း+ဥပါဒါရုပ်(၂၄) |
| ပဉ္စဝေါကာရပဋိသန္ဓေ-နာမ်ခန္ဓာ(၄)ပါးနှင့်ဟဒယဝတ္ထု | အချင်းချင်းအား |

### အညမညသတ္တိဆိုရိုး

၁။ စိတ်,စေတသိက်နာမ်ခန္ဓာ(၄)ပါးတို့သည် အချင်းချင်းအား၊

၂။ မဟာဘုတ်ရုပ် (၄)ပါးတို့သည် အချင်းချင်းအား၊

၃။ ပဋိသန္ဓေအခါ ပဉ္စဝေါကာရဘုံ၌ပဋိသန္ဓေနာမ်ခန္ဓာ (၄)ပါးနှင့် ဟဒယ ဝတ္ထုရုပ်တို့သည် အချင်းချင်းအား၊ အညမညသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ၈။နိဿယပစ္စယော
(မှီရာပစ္စည်းတရား)

### နိဿယဟူသည်

မြေကြီးသည် သစ်ပင်စသည်တို့၏ တည်မှီရာဖြစ်သကဲ့သို့၊ စိတ်၊စေတသိက်တို့၏ တည်မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသဘောသည် နိဿယ မည်၏။

၁။သဟဇာတနိဿယ-(သဟဇာတနှင့်အားလုံးတူ၏)

၂။ပုရေဇာတနိဿယ(ဝတ္ထုပုရေဇာတနိဿယ+အာရမ္မဏပုရေဇာတနိဿယ)

### ဝတ္ထုပုရေဇာတ နိဿယသတ္တိဆိုရိုး

ဝတ္ထုရုပ်(၆)ပါး အကြောင်းပစ္စည်းတရားတို့သည် ဝိညာဏဓာတ်(၇)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား ရှေးဦးကြိုတင်ဖြစ်နှင့်၍ တည်မှီရာအဖြစ်ဟူသော ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၉။ဥပနိဿယပစ္စယော
(အားကြီးသောမှီရာပစ္စည်းတရား)

### ဥပနိဿယဟူသည်

အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသဘောသည် ဥပနိဿယ မည်၏။

(၁)အာရမ္မဏူပ နိဿယ(အာရမ္မဏာဓိပတိနှင့်တူ)

(၂)အနန္တရူပ နိဿယ (အနန္တရနှင့်တူ)

(၃)ပကတူပ နိဿယ

### ပကတူပနိဿယဆိုရိုး

ဗလဝဖြစ်သော စိတ် (၈၉)ပါး၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊အချို့သော ပညတ်အကြောင်းပစ္စည်းတရားသည် ဗလဝဖြစ်သော စိတ်(၈၉)၊ စေတသိက်(၅၂) ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ပကတူပနိဿယကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| အဇ္ဈတ္တဖြစ်-ရာဂစသောအကုသိုလ်-<br>သဒ္ဓါစသောကုသိုလ်၊ သုခ၊ဒုက္ခ။<br>ဗဟိဒ္ဓ-ပုဂ္ဂလ၊ဘောဇနေ၊ဥတု၊သေနာသန။ | ကုသိုလ်(၂၁)အကု(၁၂)<br>ဝိပါက်(၃၆)၊ကြိ(၂၀)<br>စေတသိက်(၅၂) |

### အားကြီးသော ကုသိုလ်ပကတူပပစ္စည်းများ

လောက၌ ကုသိုလ်စသည်ဖြစ်ဖို့ရန် အားကြီးသောမှီရာ ဥပနိဿယသတ္တိ ထူးရှိသော ကုသိုလ်အကြောင်းတရားများ ထင်ရှားရှိကြ၏။ ထိုတရားတို့မှာ-

၁။ **သဒ္ဓါ**-ရတနာသုံးပါး,ကံ/ကံ၏အကျိုးစသည်ကို ယုံကြည်မှု

၂။ **သီလ**-ကိုယ်ကျင့်တရားပြည့်စုံမှု

၃။ **သုတ**-ကောင်းသော အကြားအမြင်နှင့် ပြည့်စုံမှု

၄။ **စာဂ**-ပေးကမ်းစွန့်ကြဲ လှူဒါန်းမှု

၅။ **ပညာ**-အမြော်အမြင် ဉာဏ်ပညာရှိမှု တို့ဖြစ်၏။

### အားကြီးသော အကုသိုလ်ပကတူပပစ္စည်းများ

အကုသိုလ်တစ်ခုပြီးတစ်ခု ပြုလာမိဖို့ရန်အတွက် အားကြီးသောမှီရာ ဥပနိဿယသတ္တိ အကြောင်းများမှာ **ရာဂ**-လိုချင်တပ်မက်ခြင်း၊ **ဒေါသ**-စိတ်ဆိုး အမျက်ထွက်ခြင်း၊ **မောဟ**-တွေဝေမိုက်မဲခြင်း၊ **မာန**-အထင်ကြီး ဘဝင်မြင့်နေခြင်း၊ **ဒိဋ္ဌိ**-အယူအဆမှားခြင်း၊ **ပတ္ထနာ**- လိုရာကိုတောင့်တခြင်းတို့ ဖြစ်၏။

## ၁၀။ပုရေဇာတပစ္စယော

(ရှေ့ဦးစွာဖြစ် ပစ္စည်းတရား)

### ပုရေဇာတဟူသည်

ကမ္ဘာဦးက ပေါ်ပေါက်ခဲ့သော နေလတို့သည် ယခုတိုင်ထင်ရှားရှိလျက် နောက်မှဖြစ်လာသောသတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့၊ ရှေးဦးစွာ ဖြစ်နှင့်၍ နောက်မှ ဖြစ်လာသောပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုသဘောသည် 'ပုရေဇာတ' မည်၏။

http://www.dhammadownload.com



၁။ ဝတ္ထုပုရေဇာတ(နိဿယနှင့်တူ)
၂။ အာရမ္မဏပုရေဇာတ(အာရမ္မဏနှင့်တူ)

### ပုရေဇာတကျေးဇူးပြုပုံ

| | |
|---|---|
| ၁။ဝတ္ထုရုပ်(၆)ပါး | ဝိညာဏဓာတ်(၇)ပါး |
| ၂။ပစ္စုပ္ပန်ပဉ္စာရုံ | ဒွေပဉ္စဝိညာဏ်(၁၀)၊သမ္ပဋိစ္ဆ(၃)၊ |

## ၁၁။ပစ္ဆာဇာတပစ္စယော
(နောက်မှဖြစ် ပစ္စည်းတရား)

### ပစ္ဆာဇာတဟူသည်
ပေါက်ခါစ လင်းတငယ်တို့၏ကိုယ်ခန္ဓာအား အစာ၌ တောင့်တမှုစေတနာက ကျေးဇူးပြုသကဲ့သို့၊ နောက်ဖြစ်သောစိတ်၊စေတသိက်တို့က ရှေးဦးစွာဖြစ်ပြီးသော ရုပ်ခန္ဓာကိုယ်အား ကျေးဇူးပြုမှုသဘောသည် ပစ္ဆာဇာတ မည်၏။

### ပစ္ဆာဇာတကျေးဇူးပြုပုံ

| | |
|---|---|
| နောက်မှဖြစ်- စိတ်(၈၉)၊စေ(၅၂) | ရှေးကဖြစ်-စတုဇကာယ |

### ပစ္ဆာဇာတပစ္စည်းဆိုရိုး
ပဉ္စဝေါကာရဘုံ၌ (အရူပဝိပါက်-၄-ခုကြဉ်) ပထမဘဝင်အစရှိသော နောက်နောက် စိတ်(၈၅)ခု၊ စေတသိက်(၅၂)ပါး၊ အကြောင်းပစ္စည်းတရားသည် ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ,စတုဇကာယရုပ်၊ အကျိုးပစ္စယုပ္ပန်တရားတို့အား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



## ၁၂။အာသေဝနပစ္စယော

(အကြိမ်ကြိမ်ဖြစ် ပစ္စည်းတရား)

### အာသေဝနဟူသည်

ရှေးဦးစွာ လိမ်းကျံအပ်သောနံ့သာသည် နောက်ထပ်လိမ်းကျံအပ်သော နံ့သာတို့အား အလွန်မွှေးကြိုင်သောနံ့သာကို ဖြစ်စေသကဲ့သို့၊ ရှေးဦးစွာ လေ့ကျက်အပ်သောစာသည် နောက်ထပ်ကျက်အပ်သောစာကို လွယ်ကူစွာ ရစေသကဲ့သို့၊ အကြိမ်ကြိမ် ပစ္စယုပ္ပန်တရားတို့အား မိမိနှင့်တူအောင် အကြိမ်ကြိမ် ထုံခြင်း၊ဖြစ်စေခြင်းသဘောဖြင့် ကျေးဇူးပြုမှုသည် အာသေဝန မည်၏။

### အာသေဝနကျေးဇူးပြုပုံ

| | |
|---|---|
| ရှေးရှေး-လောကီဇော(၄၇)၊စေ(၅၂) | နောက်ဇော-(၅၁) |

### အာသေဝနပစ္စည်းဆိုရိုး

(အဆုံးဇောကြဉ်သော) ရှေးရှေးသော လောကီဇော(၄၇)၊စေတသိက်(၅၂) အကြောင်း ပစ္စည်းတရားတို့သည် (ပထမဇော၊ဖိုလ်ဇောကြဉ်) နောက်နောက်သော ဇောစိတ် (၅၁)၊စေတသိက်(၅၂)အကျိုးပစ္စယုပ္ပန်တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၁၃။ကမ္မပစ္စယော

(အကြောင်းကံ ပစ္စည်းတရား)

### ကမ္မဟူသည်

မျိုးစေ့သည် သစ်ပင်အား အညွန့်၊အခက်၊အရွက်၊အသီးများ ဖြစ်စေရန် ကျေးဇူးပြုသကဲ့သို့၊ အထူးထူးသောခဏနှင့်ယှဉ်သော ဝိပါက်၊ကမ္မဇရုပ်တို့ဖြစ်ပေါ်စေရန် ကျေးဇူးပြုမှုသည် နာနာက္ခဏိကကမ္မ မည်၏။

သစ်မြစ်သည် သစ်ပင်နှင့်အတူဖြစ်၍ ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စေရန်ကျေးဇူးပြုသကဲ့သို့၊ အတူဖြစ်ဖက်တရားတို့အား လှုံ့ဆော်ခြင်းသဘောဖြင့် ကျေးဇူးပြုမှုသည် သဟဇာတကမ္မ မည်၏။

http://www.dhammadownload.com



**ကမ္မပစ္စည်းကျေးဇူးပြုပုံ**

| | |
|---|---|
| အတိတ် ကု+အကု(၃၃)<br>စိတ်(၈၉)၌ရှိသော စေတနာ | ဝိပါက်စိတ်(၃၆)၊စေတသိက်(၃၈)<br>စိတ်(၈၉)စေကြဉ်စေ(၅၁)၊စိတ္တဇရုပ်၊ကမ္မဇရုပ် |

### ကမ္မပစ္စည်းဆိုရိုး

၁။ကုသိုလ်စိတ်(၂၁)ပါး၊အကုသိုလ်စိတ် (၁၂)ပါးတို့၌ရှိသော နာနာက္ခဏိက စေတနာ (၃၃)ပါး၊ အကြောင်းပစ္စည်းတရားတို့က ဝိပါက်စိတ် (၃၆)၊ စေတသိက် (၃၈)ပါးနှင့် ကမ္မဇရုပ် အကျိုး ပစ္စယုပ္ပန်နာမ်ခန္ဓာတို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။စိတ်(၈၉)၌ရှိသော စေတနာ(၈၉)ပါးတို့တွင် တစ်ပါးပါး၌ရှိသော စေတနာ အကြောင်းပစ္စည်းတရားသည် တကွဖြစ်ဖက် စိတ်(၈၉)၊စေတနာကြဉ် စေတသိက်(၅၁)၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၁၄။ ဝိပါကပစ္စယော

(အကျိုးဝိပါက် ပစ္စည်းတရား)

### ဝိပါကဟူသည်

မှည့်ရင့်ခြင်းသို့ရောက်သော သစ်သီးတို့သည် အရှိန်အစွမ်း ကုန်ခန်းသဖြင့် ဗျာပါရ မရှိဘဲ သိမ်မွေ့ ငြိမ်သက်သော သဘောသို့ ရောက်ရသကဲ့သို့၊ ကံကြောင့်ဖြစ်သော အကျိုးဝိပါက်တို့သည် ဗျာပါရမရှိဘဲ သိမ်မွေ့ ငြိမ်သက်စွာ ဖြစ်ခြင်းဖြင့် ကျေးဇူးပြုမှုသည် 'ဝိပါက' မည်၏။

**ဝိပါကပစ္စည်းကျေးဇူးပြုပုံ**

| | |
|---|---|
| ဝိပါက်(၃၆)စေ(၃၈) | ဝိပါက်(၃၆)စေ(၃၈)<br>ဝိညတ်ဒွေကြဉ် စိတ္တဇရုပ်၊ပဋိ-ကမ္မဇရုပ် |

### ဝိပါကပစ္စည်းဆိုရိုး

ဝိပါက်စိတ် (၃၆)ပါး၊ စေတသိက် (၃၈)ပါးဟူသော အကြောင်းပစ္စည်း

http://www.dhammadownload.com



တရားသည် ဝိပါက်စိတ် (၃၆)ပါး၊ စေတသိက်(၃၈)ပါး၊ဝိညတ်ဒွေကြဉ် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ဟူသော ပစ္စယုပ္ပန်တရားတို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြု၏။

## ၁၅။ အာဟာရပစ္စယော

(ထောက်ပံ့ခိုင်စေမှု ပစ္စည်းတရား)

### အာဟာရဟူသည်

အိမ်အိုတို့အား ယိမ်းယိုင်ပြိုလဲမကျအောင် ထောက်တိုင်တို့ဖြင့် ထောက်ပံ့ခိုင်စေသကဲ့သို့ အကျိုးရုပ်နာမ်တရားတို့အား ထောက်ပံ့ခိုင်စေခြင်းဖြင့် ကျေးဇူးပြုမှုသဘောသည် အာဟာရ မည်၏။

### အာဟာရပစ္စည်းကျေးဇူးပြုပုံ

| | |
|---|---|
| ဩဇာရုပ် | စတုသမုဋ္ဌာန် ရုပ်(၂၈) |
| ဖဿ၊စေတနာ၊ဝိညာဏ် | စိတ်(၈၉)၊စေ(၅၂)စိတ္တဇ၊ကမ္မဇရုပ် |

### (၁)ရုပ်အာဟာရပစ္စည်းဆိုရိုး

ကဗဠီကာရအာဟာရဟုဆိုအပ်သော စားဖွယ်တို့၌တည်ရှိသော ဗဟိဒ္ဓဩဇာရုပ် အကြောင်းပစ္စည်းတရားသည် စတုဇကာယရုပ်အကျိုးပစ္စယုပ္ပန် တရားတို့အား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

### (၂)နာမ်အာဟာရပစ္စည်းဆိုရိုး

ဖဿ,စေတနာ,ဝိညာဏ်ဟူသော နာမ်အာဟာရတရားသုံးပါး အကြောင်းပစ္စည်းတရားတို့သည် စိတ်(၈၉)၊ စေတသိက်(၅၂)၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၁၆။ ဣန္ဒြိယပစ္စယော

(အစိုးရမှု ပစ္စည်းတရား)

### ဣန္ဒြိယဟူသည်

မိမိဆိုင်ရာကိစ္စတို့၌ အစိုးရလျက် ပစ္စယုပ္ပန်တရားတို့အား မိမိသို့အစဉ်လိုက်စေခြင်းဖြင့် ကျေးဇူးပြုမှုသဘောသည် ဣန္ဒြိယ မည်၏။

http://www.dhammadownload.com



(၁)ပုရေဇာတိန္ဒြိယ(ရှေးဦးစွာဖြစ်+အစိုးရ)
(၂)ရူပဇီဝိတိန္ဒြိယ (ရုပ်ဇီဝိတ+အစိုးရ)
(၃)သဟဇာတိန္ဒြိယ(သဟဇာတ+အစိုးရ)

## ဣန္ဒြိယပစ္စည်းကျေးဇူးပြုပုံ

| | |
|---|---|
| (၁)ပဉ္စဝတ္ထု(ပသာဒရုပ်)-၅ | ပဉ္စဝိညာဏ်(ဒွေပဉ္စဝိညာဏ်)-၁၀ |
| (၂)ရုပ်ဇီဝိတိန္ဒြေ-၁ | (ရုပ်ဇီဝိတိန္ဒြေကြဉ်)ကမ္မဇရုပ်-၉ |
| (၃)ဇီဝိတ၊စိတ်၊ဝေဒနာ၊သဒ္ဓါ၊ဝီရိယ၊ | စိတ်(၈၉)၊စေ(၅၂) |
| သတိ၊ကေဂ္ဂတာ၊ပညာနာမ်ဣန္ဒြေ(၈)ပါး | စိတ္တဇရုပ်၊ကမ္မဇရုပ် |

## ၁၇။ ဈာနပစ္စယော
(ရှုးစိုက်ရှုမှု ပစ္စည်းတရား)

### ဈာနဟူသည်

ကသိုဏ်းဝန်းစသော ပညတ်အာရုံ၊ အနိစ္စစသောလက္ခဏာအာရုံတို့ကို ကပ်၍ ရှုခြင်း၊ကြံစည်ခြင်းသဘောသည် ဈာန် မည်၏။

## ဈာနပစ္စည်းကျေးဇူးပြုပုံ

| | |
|---|---|
| ဈာနင်တရားကိုယ်(၅)ပါး | ဒွေပဉ္စ(၁၀)ကြဉ်-စိတ်(၇၉၊စေ(၅၂)<br>စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် |

### ဈာနပစ္စည်းဆိုရိုး

ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ကေဂ္ဂတာဟူသော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရားတို့သည် ဒွေပဉ္စဝိညာဏ်(၁၀)ကြဉ်-စိတ်(၇၉)ပါး၊ စေတသိက် (၅၂)ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



## ၁၈။ မဂ္ဂပစ္စယော
(ရောက်စေခြင်း ပစ္စည်းတရား)

### မဂ္ဂဟူသည်

သုဂတိဘဝ၊ဒုဂ္ဂတိဘဝ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်ကြောင်း လမ်းခရီး သဘောသတ္တိဖြင့် ကျေးဇူးပြုမှုသည် မဂ္ဂ မည်၏။

### မဂ္ဂပစ္စည်းကျေးဇူးပြုပုံ

| | |
|---|---|
| မဂ္ဂင်တရားကိုယ်(၉)ပါး | သဟိတ်စိတ်(၇၁)၊စေ(၅၂)<br>သဟိတ်စိတ္တဇရုပ်၊သဟိတ်ကမ္မဇရုပ် |

### မဂ္ဂပစ္စည်းဆိုးရိုး

ပညာ၊ဝိတက်၊ဝိရတီ(၃)ပါး၊ ဝီရိယ၊သတိ၊ဧကဂ္ဂတာ၊ဒိဋ္ဌိဟူသော မဂ္ဂင်တရား ကိုယ်(၉)ပါး ပစ္စည်းတရားတို့သည် သဟိတ်စိတ်(၇၁)ပါး၊ စေတသိက်(၅၂)ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြု၏။

## ၁၉။ သမ္ပယုတ္တပစ္စယော
(ယှဉ်စေခြင်း ပစ္စည်းတရား)

### သမ္ပယုတ္တဟူသည်

နာမ်ခန္ဓာလေးပါးတို့သည် ပရမတ်သဘောအားဖြင့် ကွဲပြားကုန်သော်လည်း တူသည့်၏အဖြစ်သို့ ရောက်စေလျက် အချင်းချင်း ယှဉ်စေခြင်းဖြင့် ကျေးဇူးပြုမှု သဘောသည် သမ္ပယုတ္တ မည်၏။

### သမ္ပယုတ္တပစ္စည်းကျေးဇူးပြုပုံ

| | |
|---|---|
| စိတ်(၈၉)၊စေ(၅၂)၊ | စိတ်(၈၉)၊စေ(၅၂) |

http://www.dhammadownload.com



### သမ္ပယုတ္တပစ္စည်းဆိုရိုး

၁။ စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဟူသော နာမ်ခန္ဓာလေးပါး ပစ္စည်းတရားတို့သည် စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဟူသော နာမ်ခန္ဓာလေးပါး အချင်းချင်း ပစ္စယုပ္ပန်တရားတို့အား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၂၀။ ဝိပ္ပယုတ္တပစ္စယော

(မယှဉ်စေခြင်း ပစ္စည်းတရား)

### ဝိပ္ပယုတ္တဟူသည်

နာမ်နှင့်ရုပ်တို့သည် အတူတကွဖြစ်ကုန်သော်လည်း အချင်းချင်း မယှဉ်စေခြင်းဖြင့် ကျေးဇူးပြုမှုသဘောသည် ဝိပ္ပယုတ္တ မည်၏။

၁။ သဟဇာတဝိပ္ပယုတ်

၂။ ပုရေဇာတဝိပ္ပယုတ်(ပုရေဇာတနှင့်တူ)

၃။ ပစ္ဆာဇာတဝိပ္ပယုတ်(ပစ္ဆာဇာတနှင့်တူ)

### သဟဇာတဝိပ္ပယုတ်ကျေးဇူးပြုပုံ

| | |
|---|---|
| စိတ်(၇၅)၊စေ(၅၂)<br>ပဋိသန္ဓေ-ဟဒယဝတ္ထု | စိတ္တဇရုပ်၊ကမ္မဇရုပ်<br>အချင်းချင်း |

### သဟဇာတဝိပ္ပယုတ္တဆိုရိုး

ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် (အရူပဝိပါက်စိတ် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့စုတိကြဉ်) ရုပ်ကိုဖြစ်စေသော စိတ်(၇၅)ပါး၊ စေတသိက်(၅၂) ပါးဟူသော နာမ်ခန္ဓာလေးပါးပစ္စည်းတရားတို့သည် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း၊ပဉ္စဝေါကာရပဋိသန္ဓေနာမ်ခန္ဓာ ဟဒယဝတ္ထုပစ္စည်းတရားတို့သည် အချင်းချင်းပစ္စယုပ္ပန်တရားတို့အား၊ တကွဖြစ်လျက် ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

## ၂၁။ အတ္ထိပစ္စယော

(ရှိခြင်း ပစ္စည်းတရား)

### အတ္ထိဟူသည်

မြင်းမိုရ်တောင်,မြေကြီးတို့သည် မိမိတို့ထင်ရှားရှိခိုက် ဆိုင်ရာမျိုးစေ့ကြောင့်

http://www.dhammadownload.com



ပေါက်ရောက်သော သစ်ပင်ကြီးငယ်တို့အား စိမ်းလန်းရှင်သန်အောင် ထောက်ပံ့ ကျေးဇူးပြုသကဲ့သို့ ရုပ်နာမ်တရားတို့သည် ပရမတ်အရှိသတ္တိဖြင့် ကျေးဇူးပြုခြင်း သဘောသည် အတ္ထိ မည်၏။

၁။သဟဇာတတ္ထိ(သဟဇာတနှင့်တူ၏)
၂။ပုရေဇာတတ္ထိ(ပုရေဇာတနှင့်တူ၏)
၃။ပစ္ဆာဇာတတ္ထိ(ပစ္ဆာဇာတနှင့်တူ၏)
၄။အာဟာရတ္ထိ(အာဟာရနှင့်တူ၏)
၅။ဣန္ဒြိယတ္ထိ(ဣန္ဒြိယနှင့်တူ၏)

## ၂၂။ နတ္ထိပစ္စယော
(မရှိခြင်း ပစ္စည်းတရား)

### နတ္ထိဟူသည်

မီးရောင်၏ချုပ်ငြိမ်းမှုသည် အမှောင်ဖြစ်ရန်အတွက် ကျေးဇူးပြုသကဲ့သို့၊ မိမိအခြားမဲ့၌ ဖြစ်လတ္တံ့သောစိတ်စေတသိက်တို့အား ဖြစ်ခွင့်ပေးသောအားဖြင့် မရှိခြင်းသတ္တိဖြင့် ကျေးဇူးပြုမှုသဘောသည် နတ္ထိ မည်၏။

မှတ်ချက်။ အနန္တရနှင့် အားလုံးတူ၏။

## ၂၃။ ဝိဂတပစ္စယော
(ကင်းခြင်း ပစ္စည်းတရား)

### ဝိဂတဟူသည်

နေဝင်ခြင်းသည် လထွက်ရန်အတွက် ကျေးဇူးပြုသကဲ့သို့၊ မိမိအခြားမဲ့၌ ဖြစ်လတ္တံ့သောစိတ်စေတသိက်တို့အား ဖြစ်ခွင့်ပေးသောအားဖြင့် ကင်းခြင်းသတ္တိဖြင့် ကျေးဇူးပြုသောသဘောသည် ဝိဂတ မည်၏။

မှတ်ချက်။ အနန္တရနှင့် အားလုံးတူ၏။

### နတ္ထိနှင့် ဝိဂတအထူး

ချုပ်သည်၏အခြားမဲ့၌ ကင်းဆိတ်သည်၏အဖြစ်သည် နတ္ထိ မည်၏။ ချုပ်ခြင်း ဘင်သို့ ရောက်သည်၏အဖြစ်သည် ဝိဂတ မည်၏။

http://www.dhammadownload.com



## ၂၄။ အဝိဂတပစ္စယော
(မကင်းခြင်း ပစ္စည်းတရား)

### အဝိဂတဟူသည်

မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍ဖြစ်ကုန်သော ငါးလိပ်စသည်တို့အား မိမိ မကင်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ မိမိမကင်းချုပ်ဘဲ ပစ္စုပ္ပန်ဖြစ်ဆဲအားဖြင့် ကျေးဇူးပြုမှုသဘောသည် အဝိဂတ မည်၏။

မှတ်ချက်။ အတ္ထိနှင့် အားလုံးတူ၏။

### အတ္ထိနှင့် အဝိဂတအထူး

မိမိထင်ရှားရှိမှုနှင့် ပြည့်စုံသည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုသဘောသည် အတ္ထိ မည်၏။ ချုပ်ခြင်းဘင်သို့ မရောက်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုသဘောသည် အဝိဂတ မည်၏။

♦ ♦ ♦

## (၂၄)ပစ္စည်း ကျေးဇူးပြုပုံ(၆)မျိုး

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ | |
|---|---|---|---|
| ၁။နာမ်သည် | နာမ်အား | အနန္တရ၊သမနန္တရ၊နတ္ထိ၊ဝိဂတ၊ အာသေဝန၊သမ္ပယုတ္တ၊ | (၆) |
| ၂။နာမ်သည် | နာမ်+ရုပ်အား | ဟေတု၊ဈာန၊မဂ္ဂ၊ကမ္မ၊ဝိပါက | (၅) |
| ၃။နာမ်သည် | ရုပ်အား | ပစ္ဆာဇာတ | (၁) |
| ၄။ရုပ်သည် | နာမ်အား | ပုရေဇာတ | (၁) |
| ၅။ပညတ်+ နာမ်+ရုပ် | နာမ်အား | အာရမ္မဏ၊ ဥပနိဿယ | (၂) |
| ၆။နာမ်+ရုပ် | နာမ်+ရုပ်အား | အဓိပတိ၊သဟဇာတ၊အညမည၊နိဿယ၊ အာဟာရ၊ဣန္ဒြိယ၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ၊ | (၉) |

http://www.dhammadownload.com



## ၂၄-ပစ္စည်း၏ အကျဉ်းချုပ်(၄)ပစ္စည်း

၁။ အတ္ထိပစ္စည်း၊

၂။ ဥပနိဿယပစ္စည်း၊

၃။ အာရမ္မဏပစ္စည်း၊

၄။ ကမ္မပစ္စည်း၊

## (၂၄)ပစ္စည်းကို ကာလ(၃)ပါး ခွဲခြားပုံ

၁။ ပစ္စုပ္ပန်ကာလ၌ ဖြစ်သောပစ္စည်းများမှာ- ဟေတု၊သဟဇာတ၊အညမည၊ နိဿယ၊ ပုရေဇာတ၊ပစ္ဆာဇာတ၊ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၁၅)ပစ္စည်း။

၂။ အတိတ်ကာလ၌ ဖြစ်သောပစ္စည်းများမှာ- အနန္တရ၊သမနန္တရ၊အာသေဝန၊ နတ္ထိ၊ ဝိဂတ (၅)ပစ္စည်း။

၃။အတိတ်+ပစ္စုပ္ပန်ကာလ(၂)ပါး၌ ဖြစ်သောပစ္စည်းများမှာ- ကမ္မ(၁)ပစ္စည်း။

၄။ကာလ(၃)ပါးနှင့် ကာလဝိမုတ်ပစ္စည်းများမှာ- အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ(၃)ပစ္စည်း။

## တေကာလိကနှင့် ကာလဝိမုတ္တအခွဲ

၁။ စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် ကာလ(၃)ပါးလုံး၌ ဖြစ်သောကြောင့် 'တေကာလိကတရား' မည်၏။

၂။ နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလ(၃)ပါးမှ အလွတ်ဖြစ်သောကြောင့် 'ကာလဝိမုတ္တတရား' မည်၏။

## သင်္ခတနှင့် အသင်္ခတအခွဲ

၁။ စိတ်၊ စေတသိက်၊ ရုပ်တို့သည် အကြောင်းတရားတို့ ပြုပြင်စီရင်ခံအပ်သောကြောင့် 'သင်္ခတတရား' မည်၏။

၂။ နိဗ္ဗာန်နှင့် ပညတ်တို့သည် အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သောကြောင့် 'အသင်္ခတတရား' မည်၏။

◆ ◆ ◆

http://www.dhammadownload.com



**ရုပ်နာမ်ပညတ်ခွဲပုံ**

၁။ စိတ်၊စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးနှင့်နိဗ္ဗာန်တို့သည် 'နာမ်'မည်၏။

၂။ ရုပ်(၂၈)ပါးဟူသော ရူပက္ခန္ဓာသည် 'ရုပ်' မည်၏။

၃။ နာမ်နှင့်ရုပ်တို့မှတစ်ပါးသော တရားများသည် 'ပညတ်'မည်၏။

## ပညတ်(၂)မျိုးအကြောင်း

**၁။အတ္ထပညတ်-** အမည်နာမအမျိုးမျိုးတို့ဖြင့် ခေါ်ဝေါ်အပ်၊ သိစေအပ်သော အနက်ဒြပ်ဝတ္ထုမျိုးသည် 'အတ္ထပညတ်' မည်၏။

**၂။သဒ္ဒပညတ်-** အနက်ဒြပ်ဝတ္ထုမျိုးတို့ကို သိစေတတ်သော၊ သိကြောင်းဖြစ်သော ခေါ်ဝေါ်၊ပြောဆိုသည့် အမည်နာမဟူသမျှသည် 'သဒ္ဒပညတ်' မည်၏။

**ဥပမာ-** လူ၊နတ်၊ဗြဟ္မာ၊ မြေ၊တောင်၊ရေ၊လေစသည်တို့သည် မြန်မာသဒ္ဒါလို ဖြစ်စေ၊ ပါဠိသဒ္ဒါလိုဖြစ်စေ လူ၊နတ်စသော ပုံစံအနက်အဓိပ္ပါယ်ကို သိကြောင်းဖြစ်သောကြောင့် သဒ္ဒပညတ် ဖြစ်၏။

လူ၊နတ်၊ဗြဟ္မာ၊ မြေ၊တောင်တို့၏ အနက်အဓိပ္ပါယ်တို့သည်ကား သဒ္ဒပညတ်ဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ် ဖြစ်၏။ ဘူမိသည် သဒ္ဒပညတ်ဖြစ်လျှင် မြေကြီးသည် အတ္ထပညတ် ဖြစ်၏။ မြေကြီးသည် သဒ္ဒပညတ်ဖြစ်လျှင် ကျယ်ပြန့် စိုထိုင်း သောအရာသည် အတ္ထပညတ် ဖြစ်၏။

## အတ္ထပညတ်များ

(အပြားအားဖြင့် သိစေအပ်)

၁။ ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သောအခြင်းအရာကို စွဲ၍ပညတ်အပ်သော မြေ၊တောင်၊လူ၊နတ်စသည့် ပုံစံအမျိုးမျိုးတို့သည် သဏ္ဌာနပညတ်မည်၏။

၂။သစ်၊မြေ၊စိုင်၊ချည်စသည်တို့၏ အစုအဝေးကို စွဲ၍ ပညတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုး၊ လုံချည်စသည် အစုအပေါင်းတို့သည် သမူဟ ပညတ် မည်၏။

၃။ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ်ခြင်းကို စွဲ၍ ပညတ်အပ်သော ယောကျ်ား၊ မိန်းမ၊ လူ၊ ရှင်၊ရဟန်း၊ပုဂ္ဂိုလ်၊သတ္တဝါစသည်တို့သည် ဥပါဒါပညတ်၊(ဇာတိပညတ်၊ သတ္တ

http://www.dhammadownload.com



ပညတ်) မည်၏။

၄။နေလနက္ခတ်တို့၏ ဝင်၊ထွက်မှုတို့ကို အစွဲပြု၍ ပညတ်အပ်သော အရှေ့၊ အနောက် စသည်တို့သည် ဒိသာ ပညတ်၊ နေ့၊ရက်၊အချိန်နာရီတို့သည် ကာလပညတ် မည်၏။

၅။တွေ့ထိ၍ မရကောင်းသော ဟင်းလင်းပြင်(အကာသ)ကို စွဲ၍ပညတ်အပ်သော တွင်း၊ လိုဏ်၊ အပေါက်စသည်တို့သည် အာကာသပညတ် မည်၏။

၆။ပွားများအပ်သော ဘာဝနာအစဉ်ဖြင့် ထင်လာမှုကို အစွဲပြု၍ ပညတ်အပ်သော ကသိုဏ်းနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ အသုဘနိမိတ်စသည်တို့သည် နိမိတ်ပညတ် မည်၏။

## သဒ္ဒပညတ်များ

(အပြားအားဖြင့် သိစေတတ်)

၁။ အနက်သို့ ညွတ်သောအမည်ဖြစ်သောကြောင့် 'နာမ' မည်၏။

၂။ အနက်သို့ ညွတ်၍ ပြုအပ်၊မှတ်ခေါ်အပ်သောအမည်ဖြစ်သောကြောင့် နာမကမ္မ မည်၏။

၃။ ထိုအမည်သည် ရှေးပညာရှိတို့ ဆောင်ထားအပ်သောကြောင့် နာမဓေယျ မည်၏။

၄။ မရွတ်ဆိုမီ တိမ်မြုပ်နေသောအဖြစ်မှ ထုတ်ဖော်ရွတ်ဆိုအပ်သောကြောင့် နိရုတ္တိ မည်၏။

၅။ အနက်ကို ထင်ရှားပြတတ်သောကြောင့် ဗျဉ္ဇန မည်၏။

၆။ အနက်သို့ ရှေးရှု ရွတ်ဆိုအပ်သောကြောင့် အဘိလာပ မည်၏။

## သဒ္ဒပညတ်(၆)မျိုး

၁။ ပရမတ်အားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနသဒ္ဒပညတ်။ ဥပမာ- ဖဿ၊ဝေဒနာစသည်။

၂။ ပရမတ်အားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနသဒ္ဒပညတ်။ ဥပမာ- ဘူမိ၊ ပဗ္ဗတ၊ မြေ၊တောင်စသည်။

၃။ ပရမတ်အားဖြင့် ထင်ရှားရှိ+ထင်ရှားမရှိသောကြောင့် ဝိဇ္ဇမာနေန+ ဝိဇ္ဇမာန သဒ္ဒပညတ်။ ဥပမာ- ဆဠဘိညော-အဘိညာဉ်ခြောက်ပါး ရရှိသူစသည်။

http://www.dhammadownload.com



၄။ ပရမတ်အားဖြင့် ထင်ရှားမရှိ+ထင်ရှားရှိသောကြောင့် အဝိဇ္ဇမာနေန+ ဝိဇ္ဇမာနသဒ္ဒပညတ်။ ဥပမာ- ဣတ္ထိသဒ္ဒေါ-မိန်းမ၏ အသံစသည်။

၅။ ပရမတ်အားဖြင့် ထင်ရှားရှိ+ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနေန+ ဝိဇ္ဇမာန သဒ္ဒပညတ်။ ဥပမာ- စက္ခုဝိညာဏ် စသည်။

၆။ ပရမတ်အားဖြင့် ထင်ရှားမရှိ+ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေန+ အဝိဇ္ဇမာနသဒ္ဒပညတ်။ ဥပမာ- ရာဇပုတ္တော-မင်း၏ သားစသည်။

## ပညတ်(၂)မျိုးကို သိပုံ

ဂေါဟူသော အသံတစ်ခုကို ကြားရာတွင်..

၁။ ထိုစကားသံ(ပစ္စုပ္ပန်သဒ္ဒါရုံ)ကို အာရုံပြု၍ "သောတဝိညာဏဝီထိ" ဖြစ်၏။

၂။ ထိုအသံ(အတိတ်သဒ္ဒါရုံ)ကို အာရုံပြု၍ ရှေးဝီထိနောက်သို့ အစဉ်လိုက်၍ ဖြစ်သော "တဒနုဝတ္တက-မနောဒွါရဝီထိ" ဖြစ်၏။

၃။ထိုဝီထိတို့၏အခြားမဲ့၌ အမည်နာမ၊(သဒ္ဒပညတ်)ကို အာရုံပြု၍ သိသော "နာမဂ္ဂဟာဏ-မနောဒွါရဝီထိ" ဖြစ်၏။

၄။ ထိုနောက် သဒ္ဒပညတ်မှ သိစေတတ်သောကြောင့် အနက်ဒြပ်(အတ္ထပညတ်) ကို အာရုံပြု၍သိသော "အတ္ထဂ္ဂဟာဏ-မနောဒွါရဝီထိ" ဖြစ်၏။

## လက်တွေ့အသုံးချပုံ

အသံတစ်မျိုးမျိုးကို ကြားသိရာ၌ အထက်ပါ(၄)ဝီထိ ဖြစ်ရာတွင် သောတ ဝိညာဏ(၁)ဝီထိ၊ တဒနုဝတ္တက မနောဒွါရ(၁)ဝီထိ၊ ဤ(၂)ဝီထိဖြင့် အသံသာမည ပရမတ်(သဒ္ဒရုပ်)မျှကိုသာ သိ၏။

တတိယ မနောဒွါရဝီထိဖြင့် နာမပညတ်ခေါ် သဒ္ဒပညတ်ကိုလည်းကောင်း၊ စတုတ္ထ မနောဒွါရဝီထိဖြင့် အနက်ဒြပ်ဖြစ်သော အတ္ထပညတ်ကိုလည်းကောင်း သိ၏။

ထို့ကြောင့် ဝိပဿနာရှုပွားသော ယောဂီများအား ကမ္မဋ္ဌာန်းပြဆရာတို့က ပစ္စုပ္ပန်ဖြစ်ဆဲ တည့်တည့်ကျအောင် ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းအတိုင်း ရှုခိုင်းရခြင်းသည် ပရမတ်ကို သိမြင်ဖို့ရည်ရွယ်ရင်းပင် ဖြစ်၏။

မြင်လျှင်မြင်ဆဲ၊ ကြားလျှင်ကြားဆဲစသည်ဖြင့် ချက်ချင်းလက်ငင်း ရှုကြည့် ခြင်းအားဖြင့် ဘာဝနာအား ကောင်းလာသည်နှင့်အမျှ ပညတ်အရိပ်နိမိတ်တို့ရောက်

http://www.dhammadownload.com



အောင် သွားရောက်ကြံစည်နေခြင်းမျိုးလည်း မရှိတော့ဘဲ ပရမတ်သဘောဓမ္မာရဲ့ သက်သက်ကိုသာ ရှုမြင်သိလိုက်မှုသည် ဝိပဿနာဘာဝနာ အထမြောက်ပေသည်။

## နာမည်ပညတ် ဖြစ်ပေါ်လာပုံ

ကမ္ဘာတည်စတွင် လူသားများ ဖြစ်ပေါ်လာသောအခါ ထိုထိုအရာဝတ္ထုဟူသော အတ္ထပညတ်များသာ ရှိသေး၏။ ထိုအရာဝတ္ထုတို့ကို ပြောဆိုခေါ်ဝေါ်ဖို့ရန် စကားလုံး၊ နာမည်ပညတ်များ မရှိသေးပေ။ ထိုအခါ ပညာရှင်တို့က မြေသားဒြပ်ကို စိတ်ဖြင့် အာရုံပြု၍ ဘူမိဟူသော စကားလုံး သဒ္ဒပညတ်ကို စတင်တီထွင် လိုက်၏။ ထိုအခါမှ စ၍ 'ဘူမိ'သဒ္ဒါသည် မြေကြီးဟု သိဖို့ရန် အမှတ်အသား စကားလုံးတစ်ခု ဖြစ်ပေါ် လာခဲ့၏။ ဤသို့ ရှေးပညာရှင်များက နာမည်တပ် ပညတ်အမျိုးမျိုးကို မှည့်ခေါ်လာခဲ့ ကြရာ လောက၌ နာမပညတ်များ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

## သစ္စာ(၂)မျိုး

(၁) **ပရမတ္ထသစ္စာ**- စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်ဟူသော ပရမတ်တရားတို့၏ မိမိတို့သဘောတရား၌ မဖောက်မပြန် အမှန်ဖြစ်မှုသည် 'ပရမတ္ထသစ္စာ' မည်၏။

**ဥပမာ**- လောကုတ္တရာတရားကို မျက်မှောက်ပြုဖို့အတွက် အသုံးချရာ၌ ပရမတ္ထ သစ္စာကို သုံး၏။ ပုဂ္ဂိုလ်သတ္တဝါသည် မရှိတရား။ ရုပ်နာမ်ခန္ဓာသည် အရှိတရား။

၂။ **သမုတိသစ္စာ**- ရှေးပညာရှိသူ လူအပေါင်းတို့က သောင်းသောင်းဖြဖြ ပြောဆိုသမုတ်ကြ၊ မှည့်ခေါ်ဝေါ်ကြသော ပညတ်တရားတို့သည် လောကဝေါဟာရ အနေဖြင့် အမှန်ဖြစ်မှုသည် 'သမုတိသစ္စာ' မည်၏။

**ဥပမာ**-လောကရေးရာကိစ္စများကို ပြုလုပ်ဆောင်ရွက်ကြရာ၌ ပုဂ္ဂိုလ်၊သတ္တဝါ၊ ယောက်ျား၊မိန်းမ၊အဖေ၊အမေစသောပညတ်တရားတို့ဖြင့် သမုတိသစ္စာကို သုံး၏။ ပရမတ္ထသစ္စာဖြင့် သုံးစရာမလို။ ထိုသို့ သူ့နေရာနှင့်သူ အသုံးတည့်သဖြင့် ဘုရားက သစ္စာကို (၂)ပါး ခွဲခြား ဟောကြားတော်မူသည်။

ပစ္စည်းပိုင်း ပြီး၏။

♦♦♦♦♦

http://www.dhammadownload.com

# (၉)ကမ္မဋ္ဌာန်းပိုင်း

(တရားအလုပ်-အားထုတ်ခြင်း)

♦ ♦ ♦

## ကမ္မဋ္ဌာန်းဟူသည်

သမထအလုပ်၊ ဝိပဿနာအလုပ်(၂)မျိုးတို့ကို ပြဆိုရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းပိုင်းဟု ခေါ်သည်။

သမထဘာဝနာ၊ဝိပဿနာဘာဝနာအမှုတို့၏ ဖြစ်တည်ရာ ပထဝီကသိုဏ်း စသောပညတ်အာရုံများနှင့် ရုပ်နာမ်ဟူသောပရမတ်အာရုံတို့သည်‘ကမ္မဋ္ဌာန်း’ မည်၏။

## သမထ-ဘာဝနာ

ကိလေသာနီဝရဏတရားများကို ငြိမ်းစေတတ်သော ပွားများအားထုတ်မှု အလုပ်ကို ‘သမထဘာဝနာ’ဟု ခေါ်၏။

ထိုသမထအလုပ်သည် အာရုံတစ်မျိုးထဲ၌ စိတ်ကို ငြိမ်အောင်ထားရ၏။ သမထ၏အရ- မဟာကုသိုလ်၊မဟာကြိယာစိတ်တို့၌ရှိသော သမာဓိခေါ် ‘ဧကဂ္ဂတာ စေတသိက်’ကို ရ၏။ ထိုသမထ၏အာရုံနိမိတ်တို့မှာ ‘ပညတ်’သာတည်း။

သမထဘာဝနာကို ပွားခြင်းဖြင့် ဉပစာရသမာဓိမှ မဟဂ္ဂုတ်ဈာန်များအထိ ရရှိနိုင်၏။ ကိလေသာနီဝရဏတို့ကို ဝိက္ခမ္ဘနပဟာန်သတ္တိဖြင့် ကြာကြာငြိမ်းနေအောင် ထိန်းထားနိုင်စွမ်းရှိသည်။

**မှတ်ချက်။** ပထမဈာန်သမာဓိသည် နီဝရဏတို့ကို ငြိမ်းစေ၏။ ဒုတိယဈာန်သမာဓိစသည် တို့သည် ဝိတက်စသည်တို့ကို ငြိမ်းစေ၏။

## ဝိပဿနာ-ဘာဝနာ

ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်တရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု အထူးထူး အပြားပြားရှုတတ်သော ပွားများအားထုတ်မှုအလုပ်ကို‘ဝိပဿနာဘာဝနာ’ဟု ခေါ်၏။

http://www.dhammadownload.com



ထိုဝိပဿနာအလုပ်သည် အာရုံ၏သဘောအမှန်ကို သိအောင်လုပ်ရ၏။ ဝိပဿနာ၏အရ- မဟာကုသိုလ်၊မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်တို့၌ရှိသော 'ပညာ စေတသိက်'ကို ရ၏။ ဝိပဿနာ၏အာရုံမှာ ပရမတ်သာတည်း။

ဝိပဿနာဘာဝနာကို ပွားခြင်းဖြင့် ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့အထိ ရရှိနိုင်၏။ ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်သတ္တိမှ သမုစ္ဆေဒပဟာန်သတ္တိဆိုက်သည့်အထိ အမြစ်ပြတ် ပယ်သတ်နိုင်စွမ်းရှိသည်။

## သမထနှင့် ဝိပဿနာတန်ဖိုး

သမထ၏တန်ဖိုးမှာ 'သမာဓိ'ဖြစ်၏။ ဝိပဿနာ၏တန်ဖိုးမှာ 'ပညာ'ဖြစ်၏။ သမထကို ပွားခြင်းဖြင့် ကာမာဝစရသမာဓိ၊ရူပါဝစရသမာဓိ၊အရူပါဝစရသမာဓိတို့ ရရှိနိုင်၏။ ထိုတွင် ရူပသမာဓိနှင့် အရူပသမာဓိတို့ကို ဈာန်အဘိညာဏ်ဖြစ်အောင် ပွားနိုင်လျှင် ကိလေသာတို့ကို ကြာကြည်ငြိမ်းစေနိုင်ရုံမျှမက မြေလျှိုးမိုးပျံစသော တန်ခိုးအမျိုးမျိုးတို့နှင့်လည်း ပြည့်စုံနိုင်၏။ သို့သော် ထိုဈာန်အဘိညာဏ်တန်ခိုးတို့သည် လောကီသာဖြစ်သဖြင့် မတည်မြဲနိုင်ပေ။ ပရိယုဋ္ဌာနအဆင့်ရှိ ကိလေသာတို့ကို သမာဓိအစွမ်းဖြင့် ကြာကြာချိုးနှိမ်ထားရုံမျှသာ စွမ်းနိုင်ပေ၏။

**ဥပမာ**-ဈာန်အဘိညာဏ်ရသော ကိုရင်လေးတစ်ပါးသည် ယက်ကန်းသည် မလေး၏ သီချင်းသံကြား၍ ဈာန်လျှောကျကာ အကန်းမနှင့် ညားခဲ့ဖူး၏။ ဘုရားအလောင်း ဟရိတစရသေ့သည် မုဒုလက္ခဏာဒေဝီ မိဖုရားကြီး၏ အတွေ့အာရုံကြောင့် ဈာန်လျှောကျကာ ဒုက္ခရောက်ရဖူး၏။ ရှင်ဒေဝဒတ်သည်လည်း ဈာန်အဘိညာဏ်ရ ရဟန်းတစ်ပါးပင်ဖြစ်စေကာမူ ဘုရားအပေါ်၌ ဣဿာပွား၍ ဈာန်လျှောကျကာ အဝီစိငရဲရောက်နေရသည်။

ဝိပဿနာကို ပွားခြင်းဖြင့်ကား လောကီမဟာကုသိုလ်ပညာမှစ၍ မဂ်ပညာ၊ ဖိုလ်ပညာတို့တိုင်အောင် အထောက်ပံ့ပြု၍ အနုသယအဆင့်ရှိ ကိလေသာတို့ကို အမြစ်ပြတ် ပယ်သတ်နိုင်၏။ ရဟန္တာအဖြစ်သို့ ရောက်ရှိပါက ဘဝသံသရာဇာတ်ထာဝရငြိမ်းပြတ်နိုင်စွမ်းရှိ၏။ ထို့ကြောင့် စွမ်းနိုင်လျှင် သမထကိုလည်း ပွား၍ သမာဓိအရှိန်ရလာလျှင် ဝိပဿနာသို့လည်း တက်ကာ ပွားများအားထုတ်သင့်၏။

♦ ♦ ♦

http://www.dhammadownload.com



## သမထကမ္မဋ္ဌာန်းနည်း

(စိတ်ငြိမ်းအောင် လေ့ကျင့်နည်း)

◆ ◆ ◆

### သမထဟူသည်

ပုထုဇဉ်တို့၏စိတ်သည် လောဘစသော ကိလေသာမီးတို့ ရှို့မြှိုက်ခံရသဖြင့် တောက်လောင်နေ၏။ ထိုကိလေသာမီးတို့ အရှို့မြှိုက်မခံရအောင်၊ ကိလေသာတို့ ငြိမ်သက်နေရအောင် စိတ်ကို ငြိမ်းအေးစေသော ဘာဝနာအလုပ်ကို 'ကိလေသေ သမေတီတိ သမထော'နှင့်အညီ 'သမထ'ဟု ခေါ်သည်။

### ကမ္မဋ္ဌာန်း(၄၀)ရေတွက်ပုံ

၁။ ကသိုဏ်း(၁၀)ပါး

၂။ အသုဘ(၁၀)ပါး

၃။ အနုဿတိ(၁၀)ပါး

၄။ အပ္ပမညာ(၄)ပါး

၅။ သညာ(၁)ပါး

၆။ ဝဝတ္ထာန်(၁)ပါး

၇။ အာရုပ္ပ(၄)ပါး

### ကသိုဏ်း(၁၀)ပါး

ကသိဏ-ဟူသည် အလုံးစုံဟူသော အနက်အဓိပ္ပါယ် ဖြစ်၏။

ပထဝီ(မြေသားဒြပ်ဝိုင်း)စသော အာရုံတို့သည် တစ်စိတ်တစ်ဒေသ၌ မတည် စေဘဲ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံသောအရပ်၌ ထင်မြင်အောင် ရှုဆင်ခြင် အပ်သောအာရုံကို 'ကသိုဏ်း' ဟု ခေါ်သည်။

၁။ပထဝီ-ကသိုဏ်း(မြေကသိုဏ်း)

၂။အာပေါ-ကသိုဏ်း(ရေ)

၃။တေဇော- ။(မီး)

၄။ဝါယော- ။(လေ)

၅။နီလ- ။(အညိုရောင်)

၆။ပီတ- ။(ရွှေရောင်)

http://www.dhammadownload.com



၇။လောဟိတ- ။(အနီရောင်)
၈။ဩဒါတ- ။(အဖြူရောင်)
၉။အာကာသ- ။(ကောင်းကင်)
၁၀။အာလောက- ။(အလင်း)

## ကသိုဏ်းဝန်းပြု၍ ရှုပုံ

မြေအဝန်းဝိုင်း၊ ရေမျက်နှာပြင်စသည်တို့ကို အသေးဆုံး တစ်ပေခန့်၊ အကြီးဆုံး ကောက်နယ်တလင်းခန့်(စရိုက်နှင့်အညီ)ပြု၍ အနီးနားမှာ ထိုင်လျက် စိတ်မပျံ့လွင့်စေဘဲ 'မြေ၊မြေ'၊'ရေ၊ရေ'စသည်ဖြင့် စူးစူးစိုက်စိုက် ကြည့်ရှုနှလုံးသွင်းနေရမည်။

ကသိုဏ်းယောဂီ၏ စိတ်သည် မြေတစ်စိတ်၊ရေတစ်စိတ်စသည်မထင်စေဘဲ မြေအဝန်းတစ်ခုလုံး၊ ရေအဝန်းတစ်ခုလုံးကို အဆုံးမရှိ ပြန့်နှံ့စေလျက် အာရုံယူရ၏။ ကြာလာ၍ သမာဓိရလာသည်နှင့်မျှ ယောဂီ၏စိတ်သည် ထိုကသိုဏ်းဝန်းအာရုံနှင့် နှစ်ခုမခြားဘဲ တစ်သားတည်း ဖြစ်တည်၍ လာ၏။

လေကသိုဏ်းကို ရှုသူတို့မှာ အဝန်းအဝိုင်း ပြုစရာမလို။ လေတိုက်ခြင်း၊ သစ်ရွက်လှုပ်ခြင်းစသည်တို့ကို ကြည့်၍ လေကိုအသိအမှတ်ပြုကာ ကသိုဏ်းဝန်းအာရုံအဖြစ်ပြုလျက် ရှုရ၏။

## အသုဘ(၁၀)ပါး

မတင့်မတယ် ရွံရှာစက်ဆုပ်ဖွယ် အာရုံတရားတို့သည် 'အသုဘ' မည်၏။

၁။ဥဒ္ဓုမာတက- သေသည်မှနောက်၌ နှစ်ရက်၊သုံးရက်လွန်သဖြင့် ဖူးဖူးရောင်ထနေသော သူသေကောင်။

၂။ဝိနီလက-ဖြူနီရော၍ ညိုမည်းစွဲနေသော စက်ဆုပ်ဖွယ် သူသေကောင်။

၃။ဝိပုဗ္ဗက-ပြည်ယိုစီးနေသော စက်ဆုပ်ဖွယ် သူသေကောင်။

၄။ဝိစ္ဆိဒ္ဒက-နှစ်ပိုင်းဖြတ်အပ်သော စက်ဆုပ်ဖွယ် သူသေကောင်။

၅။ဝိက္ခာယိတက-ခွေးစသည်တို့ခဲအပ်သော စက်ဆုပ်ဖွယ် သူသေကောင်။

၆။ဝိက္ခိတ္တက-ထိုထိုအရပ်၌ ပစ်ကြဲထားအပ်သော စက်ဆုပ်ဖွယ်သူသေကောင်။

http://www.dhammadownload.com


၇။**ဟတဝိက္ခိတ္တက**-ဓားဖြင့်ခွမ်း၍ ထိုထိုအရပ်၌ ပစ်ကြဲထားအပ်သော စက်ဆုပ်ဖွယ် သူသေကောင်။

၈။**လောဟိတက**-သွေးယိုစီးလျက် စက်ဆုပ်ဖွယ် သူသေကောင်။

၉။**ပုဠုဝက**-ပိုးလောက်ထလျက် စက်ဆုပ်ဖွယ် သူသေကောင်။

၁၀။**အဋ္ဌိက**-အရိုးစုမျှသာကျန်လျက် စက်ဆုပ်ဖွယ် သူသေကောင်။

## လက်တွေ့အသုံးချပုံ

ရာဂစရိုက်အားကြီးသူ၊ မာနကြီးသူတို့သည် မိမိတို့၏ ရာဂ၊မာနကိလေသာတို့ကို ချိုးနှိမ်ရန်အတွက် အသုဘကမ္မဋ္ဌာန်း စီးဖြန်းရ၏။ ယခုခေတ်၌ကား အသုဘရှုသည်ဟု ဆိုကြသည်။ အသုဘဘာဝနာဟုလည်း ဆိုသည်။

အသုဘဘာဝနာ ပွားလိုသူသည် အသုဘအာရုံ(၁၀)မျိုးတွင် တစ်မျိုးမျိုးကို တွေ့အောင်ရှာရ၏။ ထိုအသုဘအလောင်းကောင်၏ မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်ကို စူးစူးစိုက်စိုက် ကြည့်ရှုကာ 'အသုဘ၊အသုဘ'ဟု အကြိမ်ကြိမ် နှလုံးသွင်းဆင်ခြင် ရှုမြင်နေရ၏။

အသုဘအလောင်းကောင်ကို မျက်စိဖြင့် ကြည့်၍ ရှုဖန်များလာသော စိတ်၌ ထင်ရှားစွာ အသုဘနိမိတ်များ ပေါ်လာ၏။ ထိုအခါ မိမိ၏ခန္ဓာကိုယ်ကို ကြည့်၍ 'ဧဝံ ဓာတိ' ဤသို့ ဖြစ်တတ်၏ဟုလည်းကောင်း၊ 'ဧဝံ ဓမ္မော' ဤသို့ သဘောရှိ၏ဟုလည်းကောင်း၊ 'ဧဝံ အနတီတော'ငါ၏ခန္ဓာသည်လည်း ဤအသုဘသဘောကို မလွန်ဆန်နိုင်ပါတကားဟုလည်းကောင်း အကြိမ်ကြိမ်နှလုံးသွင်း ဆင်ခြင်ရသည်။ အသုဘရှုခြင်းဖြင့် လက်ငင်းပင် ရာဂနှင့်၊ဒေါသ၊မာနတို့ လျော့ပါးလာခြင်း၊ စိတ်အေးချမ်းမြမှုရရှိခြင်း၊ ပထမဈာန်နှင့် သံဝေဂဉာဏ်များ ဖြစ်ပေါ်ခြင်း အကျိုးရှိ၏။

## အနုဿတိ(၁၀)ပါး

အကြိမ်ကြိမ် အောက်မေ့ဆင်ခြင် ပွားများမှုသည် 'အနုဿတိ' မည်၏။

၁။**ဗုဒ္ဓါနုဿတိ**-ဘုရားရှင်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၂။**ဓမ္မာနုဿတိ**-တရားတော်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၃။**သံဃာနုဿတိ**-သံဃာတော်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၄။**သီလာနုဿတိ**-မိမိစောင့်ထိန်းအပ်သောသီလ၏ မကျိုး၊မပေါက်၊မပျောက်၊မကြားခြင်းသီလဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

http://www.dhammadownload.com



၅။**စာဂါနုဿတိ**-မိမိစွန့်လွှတ် လှူဒါန်းခြင်းဒါနဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၆။**ဒေဝတာနုဿတိ**-နတ်တို့ကို သက်သေအရာ၌ထားလျက် နတ်တို့၏သဒ္ဓါစသောဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါစသောဂုဏ်တို့ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၇။**ဥပသမာနုဿတိ**-နိဗ္ဗာန်၏ ငြိမ်းအေးခြင်းဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၈။**မရဏာနုဿတိ**-သေခြင်းသဘောကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၉။**ကာယဂတာနုဿတိ**-ဆံပင်စသော(၃၂)ကောဋ္ဌာသကို အောက်မေ့ဆင်ခြင်သော သတိတရား။

၁၀။**အာနာပါနုဿတိ**-ထွက်လေဝင်လေကို အောက်မေ့ဆင်ခြင်မှုသတိ။

## လက်တွေ့အသုံးချပုံ

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုသူသည် ဘုရားရှင်၏ ကြည်ညိုဖွယ်သပ္ပါယ်သော ပုံတော်တစ်မျိုးမျိုးကို ရှာရ၏။ ထိုပုံတော်ကို ကြည့်၍ စိတ်ဖြင့်အာရုံယူ၏။ ထိုပုံတော်အာရုံပြု၍ ဤသို့သော ဘုရားရှင်အား ဤသို့'အရဟံ'စသောဂုဏ်တော်များ အထင်အရှား ရှိနေပါတကားဟု ဂုဏ်တော်(၉)ပါးကို တစ်ပါးချင်း အကြိမ်ကြိမ်နှလုံးသွင်း ဆင်ခြင်နေရသည်။

ကြာလာသော် ယောဂီ၏စိတ်၌ ပုံတော်ပျောက်၍ ဂုဏ်တော်ရောက်လာသည်။ ထိုဂုဏ်တော်ကို ဆင်ခြင်ပွားများနေသမျှ စိတ်နှလုံးကြည်လင် ချမ်းမြေ့နေရသည်။ ပီတိ၊ပဿဒ္ဓိတို့လည်း တစ်စတစ်စ တိုးပွားဖြစ်ပေါ်၍ လာသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းလည်း အလျှင်းမရှိတော့ပေ။

ထို့ကြောင့် မြတ်စွာဘုရားက ဓဇဂ္ဂသုတ်တွင် ရတနာမြတ်သုံးပါး၏ ဂုဏ်တော်တို့သည် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့အဖို့ ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်းသတ္တိကို ပေးစွမ်းနိုင်သော 'သာသနာ့တံခွန်'အဖြစ် ဟောကြားတော်မူသည်။

## အာနာပါနကမ္မဋ္ဌာန်း

ယခုခေတ်တွင် လူတိုင်းလိုလိုပင် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းဖူးကြသည်။ အာနာပါနဟူသည် ထွက်လေနှင့်ဝင်လေ၊ (သို့မဟုတ်) ဝင်လေထွက်လေ ဖြစ်၏။

http://www.dhammadownload.com



ထိုလေကို အာရုံပြုလျက် (၁)သတိမြဲရာ ပထမာ၊ (၂)ဒုမှာ ရှည်တိုသိ၊ (၃)အလုံးစုံလင်းရာ တတိယာ၊ (၄)စမှာ ငြိမ်းစေဘိ'ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ လင်္ကာအတိုင်း စိတ်ကို ထိန်းပါများလေငြိမ်လေ ဖြစ်၏။ စိတ်ငြိမ်လျှင် ကိလေသာ နီဝရဏတို့လည်း ကြာကြာငြိမ်းနေပေတော့သည်။ ငြိမ်းလိုလျှင် အရင်ဆုံး ငြိမ်အောင် ထိန်းရ၏။ ငြိမ်မှ ငြိမ်း၏။ အာရုံကို ထိန်းမှုသည် ပဓာနမဟုတ်။ စိတ်ကို ထိန်းမှုသာ ပဓာနဖြစ်၏။ စိတ်ကို ထိန်းသဖြင့် အာရုံတို့၏သက်ရောက်မှုလည်း ငြိမ်းပျောက်ရတော့သည်။

## အပ္ပမညာ(၄)ပါး

တစ်ယောက်တည်းပင်ဖြစ်စေ၊ အများပင်ဖြစ်စေ ဤ၍ဤမျှဟု အတိုင်းအရှည် ပမာဏမထားဘဲ သတ္တဝါပညတ်အာရုံ၌ ဖြစ်သောသဘောသည် 'အပ္ပမညာ' မည်၏။

၁။**မေတ္တာ**-အတိုင်းမသိသော သတ္တဝါပညတ်ကိုအာရုံပြု၍ ကောင်းစေလိုခြင်း၊ ချစ်မြတ်နိုးခြင်းသဘော။

၂။**ကရုဏာ**-အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ ကောင်းစေလိုခြင်း၊ ချစ်မြတ်နိုးခြင်းသဘော။

၃။**မုဒိတာ**-အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

၄။**ဥပေက္ခာ**-အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းသဘော။

ဤလေးပါးသောတရားတို့ကို ကျင့်သုံးခြင်းသည် ဗြဟ္မာကြီးတို့နှင့် တူစွာ မြင့်မြတ်သောနေခြင်း ဖြစ်သောကြောင့် 'ဗြဟ္မဝိဟာရ'ဟုလည်းကောင်း၊ 'ဗြဟ္မစိုရ်' တရားဟုလည်းကောင်း ခေါ်၏။

## (၅၂၈)သွယ်မေတ္တာ ပွားပုံ

၁။ အနောဒိသပုဂ္ဂိုလ်(မရည်စူးသူ) (၅)ယောက်၊

၂။ ဩဒိသပုဂ္ဂိုလ်(ရည်စူးသူ) (၇)ယောက် ပေါင်း(၁၂)ယောက်ကို တည်၍၊

(၁)အဝေရာ ဟောန္တု၊(၂)အဗျာပဇ္ဇာ ဟောန္တု၊ (၃) အနီဃာ ဟောန္တု၊ (၄) **သုခီအတ္တာနံ ပရိဟရန္တု**ဟူသော ပွားခြင်း(၄)မျိုးဖြင့် မြောက်ပွားပါက(၁၂×၄) မေတ္တာ

http://www.dhammadownload.com



(၄၈)မျိုး ဖြစ်၏။

ယင်း(၄၈)ကို အရပ်ဆယ်မျက်နှာဖြင့် မြှောက်ပွားပါက(၄၈×၁၀) မေတ္တာ (၄၈၀)မျိုး ဖြစ်၏။

ယင်း(၄၈၀)ကို အရပ်ဆယ်မျက်နှာဖြင့်မပွားအပ်သော မေတ္တာ(၄၈)မျိုးဖြင့် ထပ်ပေါင်းပါက (၄၈၀+၄၈) မေတ္တာ (၅၂၈)သွယ် ဖြစ်၏။

## လက်တွေ့အသုံးချပုံ

ဗြဟ္မစိုရ်တရား ထွန်းကားဖို့အရေးမှာ ဗြဟ္မဝိဟာရတရား(၄)ပါးကို လူတိုင်း အတတ်နိုင်ဆုံး ကျင့်သုံးပွားများဖို့ လို၏။ ဗြဟ္မစိုရ်တရား(၄)ပါးတွင် မေတ္တာသည် အဝင်တံခါး ဖြစ်၏။ ဥပေက္ခာသည် လမ်းဆုံးပန်းတိုင်တည်း။ ယောဂီ၏စိတ်သည် မေတ္တာမှဝင်လျက် ဥပေက္ခာမှ ထွက်နိုင်လျက် ဗြဟ္မာကြီးတွေအလား မြင့်မြတ်လူသား ဖြစ်တော့၏။

မေတ္တာသည် သတ္တဝါတိုင်းကို အာရုံပြုလျက် ကျောသားရင်သား မခွဲခြားဘဲ ကောင်းကျိုးလိုလားလျက် ချစ်ခင်စောင့်ရှောက်စိတ်ကို ထား၍ပွားများနေခြင်း ဖြစ်၏။

ကရုဏာသည် ဒုက္ခရနေသော သတ္တဝါတိုင်းကို အာရုံပြုလျက် ဒုက္ခလွတ် လိုလျက် သနားစောင့်ရှောက်စိတ်ကို ထား၍ပွားများနေခြင်း ဖြစ်၏။

မုဒိတာသည် သုခရနေသော သတ္တဝါတိုင်းကို အာရုံပြုလျက် ချမ်းသာမြဲစေလို လျက် ဝမ်းသာစောင့်ရှောက်စိတ်ကို ထား၍ပွားများနေခြင်း ဖြစ်၏။

ဥပေက္ခာသည် သတ္တဝါတိုင်းကို အာရုံပြုလျက် ဒုက္ခ၊သုခနှစ်ဝလုံးကို အရေး မယူဘဲ ကံကိုနှလုံးသွင်းကာ လျစ်လျူရှုစိတ်ကို ထား၍ပွားများနေခြင်း ဖြစ်၏။

## အာဟာရေ ပဋိကူလ သညာ(၁)ပါး

စားသောက်ဖွယ်ရာ အစားအစာတို့၌ စက်ဆုပ်ရွံရှာဖွယ် ထင်မြင်အောင် နှလုံးသွင်း မှတ်သားခြင်းသည် 'အာဟာရေ ပဋိကူလ သညာ' မည်၏။

## စတုဓာတု ဝဝတ္ထာန်(၁)ပါး

ဤကိုယ်၌ ပထဝီ၊အာပေါ၊တေဇော၊ဝါယော ဟူသော ဓာတ်ကြီးလေးပါးကို ပိုင်းခြားမှတ်သား ဆင်ခြင်ခြင်းသည် 'စတုဓာတု ဝဝတ္ထာန်' မည်၏။

http://www.dhammadownload.com



**အာရုပ္ပ(၄)ပါး**

၁။**အာကာသာနဉ္စာယတန**-ကသိုဏ်း(၉)ပါးကိုခွာ၍ ပေါ်လာသော အဆုံးအပိုင်းအခြားမရှိသည့် ကောင်းကင်ပညတ်အာရုံ။

၂။**ဝိညာဏဉ္စာယတန**- အဆုံးအပိုင်းအခြားမရှိသော ပထမာရုပ္ပဝိညာဏ် အာရုံ။ ၁၀၁

၃။**အာကိဉ္စညာယတန**-ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းအနည်းငယ်မျှမရှိခြင်းဟူသော နတ္ထိဘောပညတ်အာရုံ။

၄။**နေဝသညာနာသညာယတန**-ရုန့်ရင်းသောသညာမရှိ၊ သိမ်မွေ့သောသညာရှိသော တတိယာရုပ္ပဝိညာဏ်အာရုံ။

## ပညတ်ကမ္မဋ္ဌာန်း(၂၈) ပရမတ်ကမ္မဋ္ဌာန်း(၁၂)

ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကာယဂတာသ(၁)၊ အာနာပါန(၁)၊ အပ္ပမညာ(၄)၊ အာရုပ္ပထဲမှ- ကောင်းကင်နှင့် နတ္ထိဘောပညတ်(၂)ပါး၊ပေါင်း(၂၈)။

ကျန်သောအနုဿတိ(၈)ပါး၊ သညာ၊ ဝဝတ္ထာန်၊ အာရုပ္ပ(၂)ပါး၊ပေါင်း(၁၂)။

## အာရုံကမ္မဋ္ဌာန်းနှင့် အာရမ္မဏိက ကမ္မဋ္ဌာန်းခွဲပုံ

ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါးတို့သည် 'အာရုံကမ္မဋ္ဌာန်း' ဖြစ်၏။

အနုဿတိ(၁၀)ပါး၊အပ္ပမညာ(၄)ပါး၊သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ အာရုပ္ပ(၄)ပါးတို့သည် 'အာရမ္မဏိက ကမ္မဋ္ဌာန်း' မည်၏။

## ကမ္မဋ္ဌာန်း(၄၀)ကို ဘုံအားဖြင့် ခွဲပုံ

၁။ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ သညာ(၁)ပါး ပေါင်း (၁၂)ပါးတို့ကို နတ်ပြည်၌ မရ။ ကျန်(၂၈)ပါးသာ ရ၏။

၂။ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ သညာ(၁)ပါး၊ အာနာပါန (၁)ပါး၊ ပေါင်း (၁၃)ပါးတို့ကို ရူပဗြဟ္မာ့ပြည်မှာ မရ။ ကျန်(၂၇)ပါးသာ ရ၏။

၃။ အရူပဘုံကား အာရုပ္ပ(၄)ပါးသာ ရ၏။

၄။ ကာမဘုံ၌ကား ကမ္မဋ္ဌာန်း (၄၀)လုံးကို ရ၏။

◆ ◆ ◆

http://www.dhammadownload.com



## သပ္ပါယဘေဒ

(စရိုက်နှင့် သင့်လျော်ရာ ကမ္မဋ္ဌာန်း)

### စရိုက်(၆)ပါး

မိမိအတွင်းသန္တာန်၌ အလွန်အကဲ မပြတ်မလပ် ဖြစ်လေ့ရှိသော (အဖြစ်များသော) ပင်ကိုယ်သဘောများကို 'စရိုက်'ဟု ခေါ်၏။

၁။**ရာဂစရိုက်**- လောဘလွန်ကဲ အားကြီးမှု။(လိုချင်၊နှစ်သက်၊ချစ်ကြိုက်မှု)

၂။**ဒေါသစရိုက်**-ဒေါသလွန်ကဲ အားကြီးမှု။(မလိုချင်၊မနှစ်သက်၊မုန်းတီးမှု)

၃။**မောဟစရိုက်**-မောဟလွန်ကဲအားကြီးမှု။(တွေဝေ၊ထုံထိုင်း၊နုံအမှိုင်ကျမြည်း)

၄။**သဒ္ဓါစရိုက်**-သဒ္ဓါလွန်ကဲ အားကြီးမှု။(ယုံကြည်၊ပေးစွန့်၊ကူညီ၊သနား)

၅။**ဗုဒ္ဓိစရိုက်**-ပညာလွန်ကဲ အားကြီးမှု။(သိမြင်၊တတ်ကျွမ်း၊လေ့လာ၊စုံစမ်း)

၆။**ဝိတက်စရိုက်**-ဝိတက်လွန်ကဲ အားကြီးမှု(တွေးခေါ်၊မြော်မြင်၊ဆင်ခြင်နှိုင်းဆ)

### လက်တွေ့အသုံးချပုံ

စရိုက်(၆)ပါးတွင် ရာဂ၊ဒေါသ၊မောဟ၊ဝိတက်စရိုက်တို့သည် စရိုက်ဆိုးများ ဖြစ်၏။ ထိုစရိုက်တို့ လျော့ပါးဖို့အတွက် ဆန့်ကျင်ဘက်ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းခြင်း ပြုရ၏။ သဒ္ဓါ၊ဗုဒ္ဓိစရိုက်တို့သည် စရိုက်ကောင်းများ ဖြစ်၏။ ထိုစရိုက်များ တိုးပွားလာဖို့အတွက် စရိုက်အကြိုက်ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းခြင်း ပြုရ၏။

**ဥပမာ**-အာရုံတစ်မျိုးမျိုးနှင့် ဆုံတွေ့ရသည့်အခါ၌ ရာဂစရိုက်ရှိသူမှာ ထိုအာရုံအပေါ် နှစ်သက်စိတ်သာ အဖြစ်များ၏။(မနှစ်သက်မှုနှင့်ယှဉ်ကြည့်ပါ) ဒေါသစရိုက်ရှိသူမှာ မနှစ်သက်စိတ်သာ အဖြစ်များ၏။ မောဟစရိုက်ရှိသူမှာ တွေဝေနေမှုသာ အဖြစ်များ၏။ ဝိတက်စရိုက်ရှိသူမှာ တွေးကြံနေမှုသာ အဖြစ်များ၏။ သဒ္ဓါစရိုက်ရှိသူမှာ ထိုအာရုံနှင့် မဆန့်ကျင်စွာ ဆက်ဆံ၏။ ဗုဒ္ဓိစရိုက်ရှိသူမှာ ထိုအာရုံကို အလေးဂရုပြုလေ့ရှိ၏။ ထို့ကြောင့် စရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို အသုံးချသင့်၏။

### စရိုက်ကောင်းနှင့် စရိုက်ဆိုး တွဲ၍ သဘောတူဖြစ်ပုံ

၁။ ရာဂစရိုက်နှင့် သဒ္ဓါစရိုက်သည် သဘောတူစွာ တွဲ၍ ဖြစ်တတ်၏။

၂။ ဒေါသစရိုက်နှင့် ပညာစရိုက်သည် သဘောတူစွာ တွဲ၍ ဖြစ်တတ်၏။

၃။ မောဟစရိုက်နှင့် ဝိတက်စရိုက်သည် သဘောတူစွာ တွဲ၍ ဖြစ်တတ်၏။

http://www.dhammadownload.com


## စရိုက်နှင့် ကမ္မဋ္ဌာန်း တွဲပုံဇယား

| စရိုက် | ကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|
| ရာဂ | အသုဘ(၁၀)ကာယဂတာသတိ(၁) | ၁၁ |
| ဒေါသ | အပ္ပမညာ(၄)၊နီ၊ပီ၊လော၊သြ(၄) | ၈ |
| မော/ဝိ | အာနာပါန(၁) | ၁ |
| သဒ္ဓါ | ဗုဒ်၊ဓမ်၊သံ၊သီ၊စာ၊ဒေဝတာနုဿတိ(၆) | ၆ |
| ပညာ | မရဏ(၁)၊ဥပသမ(၁)၊သညာ(၁)၊ဝဝတ္ထာန်(၁) | ၄ |
| အားလုံး | ပ၊အာ၊တေ၊ဝါ၊ အာကာသ၊ အာလောက၊အာရုပ္ပ(၄) | ၁၀ |

## လက်တွေ့အသုံးချပုံများ

၁။ ရာဂစရိုက်ရှိသူတို့သည် တင့်တယ်လှပသောအာရုံတို့၌ ရာဂအဖြစ်များ တက်၍ မတင့်တယ်မလှပသော အသုဘအာရုံမျိုးတို့တွင် စိတ်ကို ထားခြင်းဖြင့် ရာဂစိတ်များ လျော့ပါးလာနိုင်၏။

၂။ဒေါသစရိုက်ရှိသူတို့ကား မလိုလားဖွယ်အာရုံတို့၌ ဒေါသပိုတိုးလာတတ်၍ စိတ်ကြည်လင်ဖွယ်ဖြစ်သော သတ္တဝါပညတ်အာရုံ၊အရောင်အဆင်းအာရုံတို့တွင် စိတ်ကို ထားခြင်းဖြင့် ဒေါသစိတ်များ လျော့ပါးလာနိုင်၏။

၃။မောဟစရိုက်ရှိသူသည် အာရုံ၌ တွေဝေနေသဖြင့် စိတ်ပျံ့လွင့်တုန်လှုပ်၏။ ဝိတက်စရိုက်ရှိသူသည်လည်း အာရုံ၌ အကြံများနေသဖြင့် စိတ်ပျံ့လွင့်တုန်လှုပ်၏။ ထို့ကြောင့် အာနာပါန-ထွက်သက်ဝင်သက်အာရုံတစ်ခုတည်း၌ စိတ်ကို ငြိမ်အောင်ထားခြင်းဖြင့် မောဟနှင့်ဝိတက်များ လျော့ပါးလာအောင် ကိန်းချုပ်ထားနိုင်၏။

မှတ်ချက်။ စရိုက်နှင့်ကိုက်သောကမ္မဋ္ဌာန်းဟူသည်မှာ ပုဂ္ဂိုလ်နှင့်အထူးလျောက်ပတ်သော ကမ္မဋ္ဌာန်းကို ရွေးချယ်မှုဖြစ်၏။ စင်စစ်မှာ မည်သည့်ကမ္မဋ္ဌာန်းမဆို စရိုက်ဆိုးတို့ကို ပယ်ရှား၍၊ စရိုက်ကောင်းတို့ကို တိုးပွားစေနိုင်စွမ်း ရှိပေ၏။(ဋီကာ)

## စရိုက်နှင့်လိုက်၍ နှလုံးသွေးအရောင်ပြောင်းလဲနိုင်ပုံ

ရာဂစရိုက်ကြီးသူ၏ နှလုံးသွေးသည် နီမြန်း၏။ ဒေါသစရိုက်ကြီးသူ၏ နှလုံးသွေးသည် မည်းနက်၏။ မောဟစရိုက်ကြီးသူ၏ နှလုံးသွေးသည် သားဆေးရေ

http://www.dhammadownload.com



ပမာ နီရောင်သမ်း၏။ ဝိတက်စရိုက်ကြီးသူ၏ နှလုံးသွေးသည် ပဲပြုတ်ရည်ကဲ့သို့ ပျစ်ချွဲ၏။ သဒ္ဓါစရိုက်ရှိသူ၏ နှလုံးသွေးသည် ဝါ၏။ ပညာစရိုက်ကြီးသူ၏ နှလုံး သွေးသည် ပြိုးပြိုးပြက် အရောင်ထွက်၏။

**လင်္ကာ**။ နီမြန်း-ရာဂ၊ မည်း-ဒေါသနှင့်၊ မောဟတွက်ပေ၊ သားဆေးရေစု၊ မှတ်လေပျစ်ချွဲ၊ ဝိတက်ပဲဟု၊ ဝါမြဲ-သဒ္ဓါ၊ ပညာမှာမူ၊ ရောင်ဝါပြိုးပြက်၊ ထွက်သတည်း။

## မောဟနှင့်ဝိတက်အတွက် ကသိုဏ်းဝန်းစီစဉ်ပုံ

မောဟစရိုက်ရှိသူသည် ကျဉ်းမြောင်းသောကသိုဏ်းဝန်း၌ မောဟပိုများလာ တတ်သဖြင့် ကောက်နယ်တလင်းခန့် ကျယ်ဝန်းသောကသိုဏ်းဝန်းကို ပြု၍ ပွားများ ရမည်။ ဝိတက်စရိုက်ရှိသူကား ကျယ်သောကသိုဏ်းဝန်း၌ ဝိတက်ပိုမိုများပြားလာ နိုင်သဖြင့် ခွက်ငယ်၊စကောငယ်ခန့် ကျဉ်းသောကသိုဏ်းဝန်းကို ပြု၍ ပွားများရပါမည်။

## ရာဂနှင့်သဒ္ဓါစရိုက်

ရာဂစရိုက်၊ ရှိသူ့ဦးလျှင်၊ ယာပိုက်လေးထွေ၊ ယဉ်ကျေးလေ၏။ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနစေလတ်၊ လွန်သေသပ်၏။ လေးမြတ်ဖွယ်ရေး၊ ဘောဇဉ်ရွေးက၊ ချိုမွေးဆိမ့်အိမ့်၊ လွန်နှစ်သိမ့်၏။ မစိမ့်လောက်တုံ၊ ကာမဂုဏ်ကြောင့်၊ အာရုံစွဲကာ၊ ခွဲမခွာတည်း။ မာယာဗလဝ၊ သာဌေယျနှင့်၊ မာနဖိစီး၊ အလိုကြီး၏။ ထိုနည်းသဒ္ဓါ၊ စရိုက်မှာမူ၊ မာယာစသော၊ ပြစ်မနှောဘဲ၊ လှူပေးကမ်းလျက်၊ ရဟန်းတော်ပေါင်း၊ ထေရ်ရှင် ကောင်းနှင့်၊ ဝတ်ကောင်းဘုရား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ လွန်ကြည်ဖြူသည်၊ ဤသူ မွန်မြတ်ပေတကား။ (ကိုယ်ကျင့်အဘိဓမ္မာ)

## ဒေါသနှင့်ပညာစရိုက်

ဒေါသစရိုက်၊ရှိသူ့ဦးကား၊ ယာပိုက်လေးထွေ၊ ကြမ်းပာမ်းလေ၏။ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနမဖွယ်၊ မတင့်တယ်တည်း။ စားဖွယ်ငန်ချဉ်၊ စပ်ခါးမင်၏။ ငါးအင်အာရုံ၊ မဖွယ်ကြုံလျှင်၊ ယမ်းပုံမီးကျ၊ စိတ်တိုလှ၍၊ ကောဓထေန်သည်း၊ ရန်ငြိုးကြီးလျက်၊ ဖိစီးက္လသာ၊ မစ္ဆေရနှင့်၊ မက္ခာ,ပဠာသ၊ ဒုဗ္ဗစတို့၊ မုချဆစ်ပွား၊ အဖြစ်များ၏။ တရားပညာ၊ စရိုက်မှာမူ၊ ရှေ့လာအားလုံး၊ နည်းယူသုံးလည်း၊ လုံးလုံးကောဓ၊ စသည်ဆိတ်ကွယ်၊ ဆုံးမလွယ်၏။ စားဖွယ်ကသိုဏ်း၊ တွေ့ကြုံတိုင်းလည်း၊ နိုင်းနိုင်းချိန်ချိန်၊ သုခမိန်တည်း၊ ကြိမ်ကြိမ်နှောင်လာ၊ သံသရာကို၊ ပညာသတိ၊ မျှော်ခေါ်ညှိ၍၊ ဂတိနှောင်လျှင်၊ ကောင်း

http://www.dhammadownload.com



အောင်ပြင်သည်၊ လူတွင်သူမြတ်ပေတကား။

## မောဟနှင့်ဝိတက်စရိုက်

မောဟစရိုက်၊ ရှိသူ့ဩကား၊ ယာပိုက်လေးထွေ၊ ရှုပ်ပွေပွေနှင့်၊ ထွေထွေကိစ္စ၊ ရှုပ်ထွေးစွတည်း။ ဘောဇနေအရာ၊ စားသောက်ပါလည်း၊ ဘယ်ဟာမိမိ၊ မြဲမရှိခဲ့။ ကိုယ်၏ အစွမ်း၊ စုံထောက်လှမ်း၍၊ အဆန်းအရိုး၊ ကြောင်းအကျိုးဟု၊ ကောင်းဆိုးယုတ်မြတ်၊ မသိတတ်သဖြင့်၊အရပ်ရပ်မှာ၊ နောက်လိုက်သာတည်း။ ပညာသတိ၊ ကင်းကွာဘိ၍၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကာလကုန်ဆုံး၊ အချိန်ဖြုန်း၏။ ထိုနည်းမခြား၊ ဝိတက်များလည်း၊ စကားထွေပေါ၊ ကိစ္စမျောလျက်၊ ကောင်းသောလုပ်ငန်း၊ ကုသိုလ်လမ်းမှူ၊ အစွမ်းမရှိ၊ ပျင်းရိရိတည်း။ မိမိတို့တမ်း၊ လူ့ပေါက်ပန်းနှင့်၊ ရောပြွမ်းပျော်ပါး၊ အကြံများသည်၊ လူအားလူပိုတွေတကား။

## စရိုက်ရှိသူတို့၏သဘောများ

ရာဂစရိုက်နှင့် သဒ္ဓါစရိုက်ရှိသူတို့သည် အာရုံတို့ကို အလွန်ခံမင်လိုက်စား၏။ အပျော်အပါး၊ အပေါင်းအသင်း ခံမင်တတ်၏။ ကောင်းမွန်သော အစားအစာတို့ကို သဘောကျ၏။ အဝတ်အစားတို့ကို သန့်ရှင်းသေသပ်စွာ ဝတ်ရုံ၏။ ဘာသာတရား လိုက်စား၏။ စာအုပ်စာပေတို့ကို နှစ်သက်၏။ အယုံလွယ်တတ်၏။ အပြော အဆို ချိုသာ၏။ အထူးမှာကား ရာဂစရိုက်အားကြီးသူသည် ကာမဂုဏ်ဘက်ကို ဦးစားပေး တတ်၏။ သဒ္ဓါအားကြီးသူ တို့မှာ တရားဓမ္မဘက်ကို ဦးစားပေးတတ်၏။

ထို့ကြောင့် ရာဂစရိုက်ကြီးသူသည် ရာဂကင်းငြိမ်းကြောင်းဖြစ်သော အသုဘ ကမ္မဋ္ဌာန်းစသည်ကို ပွားသင့်၏။ သဒ္ဓါစရိုက်အားကြီးသူသည် သဒ္ဓါတိုးပွားကြောင်း ဖြစ်သော ဗုဒ္ဓါနုဿတိစသည်ကို ပွားသင့်၏။

ဒေါသစရိုက်နှင့် ပညာစရိုက်ရှိသူတို့သည် အာရုံကို ငြိုငြင်တတ်၏။ အပေါင်း အသင်းတို့ကို ရွေးချယ်ပေါင်းသင်း၏။ အစားအသောက် အဝတ်အထည်တို့ကို ရွေးချယ် ချေးများတတ်၏။ ဘာသာတရားနှင့် စာပေကို ရွေးချယ်ပြီးမှ သဘောကျ၏။ အယုံ မလွယ်တတ်။ အပြောအဆို ကြမ်းတတ်၏။ စိတ်ဆိုးလွယ်၏။ အထူးမှာကား ဒေါသသမားသည် အရာရာကို မချင့်ချိန်နိုင်။ ပညာသမားမှာ အရာရာကို ချင့်ချိန်တိုင်းထွာ တတ်၏။ ထို့ကြောင့် ထိုစရိုက်ရှိသူတို့သည် မိမိစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းတို့ကို ပွားများပေးသင့်၏။

မောဟစရိုက်နှင့်ဝိတက်စရိုက်ရှိသူတို့မှာ အာရုံတို့၌ ရှုပ်ပွေနေတတ်၏။ အစား

http://www.dhammadownload.com



အစာ၌ အကြိုက်မရှိ။ ကြုံရာနှိုက်လေ့ရှိ၏။ အကြောင်းအကျိုး၊ အကောင်းအဆိုးကို မခွဲခြားနိုင်။ အရာရာ၌ ပြောသမျှ နားထောင်၊ခေါင်းငြိမ့်ကာ သဘောကျလေ့ရှိတတ်၏။ အလုပ်အကိုင်တို့၌ လေးလံထိုင်းမှိုင်းလျက် ပျင်းရိတတ်၏။ ထိနမိဒ္ဓတို့ဖြင့်သာ အချိန်ဖြုန်းလေ့ရှိသည်။ ဝိတက်စရိုက်သမားမှာ စကားပိုများ၏။ အချိန်တိုင်းမှာ တွေးကြံနေမှုနှင့်သာ မျောနေတတ်၏။ ထို့ကြောင့် ထိုစရိုက်ရှိသူတို့ကို လူအားလူပိုဟု ဆိုကြသည်။

♦ ♦ ♦

## ဓမ္မဓိဌာန်များ

၁။ ကာမဂုဏ်ကို အလွန်လိုက်စားသူများ ပွားများအားထုတ်သင့်သော ကမ္မဋ္ဌာန်းများကို ဖော်ပြပါ။

၂။ ဒေါသကြီးသူတို့အတွက် သင့်လျော်သောကမ္မဋ္ဌာန်းများကို ဖော်ပြပါ။

၃။ အတွေးသမားတို့အတွက် သင့်လျော်သောကမ္မဋ္ဌာန်းနှင့် ဉာဏ်ထိုင်းသူတို့ ပွားများသင့်သော ကမ္မဋ္ဌာန်းများကို ဖော်ပြပါ။

၄။ဉာဏ်ကြီးရှင်များအား လျောက်ပတ်သောကမ္မဋ္ဌာန်းနှင့် သဒ္ဓါအားကောင်းသူတို့အတွက် ပွားများသင့်သောကမ္မဋ္ဌာန်းများကို ဖော်ပြပါ။

၅။ အများဆိုင်ကမ္မဋ္ဌာန်းနှင့် တစ်ယောက်စီသာဆိုင်သော ကမ္မဋ္ဌာန်းများကို ခွဲခြား ဖော်ပြပါ။

♦ ♦ ♦

## ဘာဝနာဘေဒ

(ဘာဝနာ(၃)ပါးနှင့် ကမ္မဋ္ဌာန်းများ)

### ဘာဝနာ(၃)ပါး

၁။ အထက်အထက်ဖြစ်သော ဘာဝနာကို ပြုစီရင်ပေးတတ် သောကြောင့် **'ပရိကမ္မဘာဝနာ'** မည်၏။

ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြု၍ နှုတ်ဖြင့် ရွတ်ဆို၍သော်လည်းကောင်း၊ စိတ်ဖြင့် နှလုံးသွင်း၍သော်လည်းကောင်း ရှေးဦးစွာ ပြုစီရင်မှု၊ပွားများမှုကို ပရိကမ္မဘာဝနာဟု ခေါ်သည်။ (အပ္ပနာ၏ ရှေးအဖို့၌ဖြစ်သော ဘာဝနာ)

http://www.dhammadownload.com


၂။ဈာန်မဂ်ဖိုလ်တို့၏ အနီးအပါး၌ဖြစ်သော ဘာဝနာကို **'ဥပစာရဘာဝနာ'** မည်၏။ (အပ္ပနာ၏ အနီးဝန်းကျင်၌ဖြစ်သော ဘာဝနာ)

၃။ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာ သက်ဝင်တည်နေသော ဈာန်၊မဂ်၊ဖိုလ်တရားများသည် **'အပ္ပနာဘာဝနာ'** မည်၏။

## ဘာဝနာနှင့် ကမ္မဋ္ဌာန်းတွဲပုံ

၁။ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ(၂)မျိုးသည် ကမ္မဋ္ဌာန်း(၄၀)လုံး၌ ပွားများရရှိနိုင်သည်။

၂။ အပ္ပနာဘာဝနာသည် ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာနာပါန(၁)ပါး၊ အပ္ပမညာ(၄)ပါး၊ အာရုပ္ပ(၄)ပါးဟူသော ကမ္မဋ္ဌာန်း(၃၀)တို့၌ ပွားများရရှိနိုင်ပါသည်။

၃။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိ(၈)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါးအားဖြင့် (၁၀)ပါးသောကမ္မဋ္ဌာန်းတို့သည် အပ္ပနာဘာဝနာ မရနိုင်ပါ။ ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာသာ ရရှိနိုင်သည်။

## ဘုရားဂုဏ်စသည်တို့ အပ္ပနာမရနိုင်ခြင်း

ဘုရားဂုဏ်စသည်တို့သည် အသချေ်မက အလွန်များပြားသောကြောင့်လည်းကောင်း၊ နက်နဲသော ပရမတ်တရားဖြစ်သောကြောင့်လည်းကောင်း အပ္ပနာသို့ မရောက်နိုင်ပါ။

နက်နဲသောပရမတ်အာရုံဖြစ်သော နိဗ္ဗာန်နှင့် အာရုပ္ပတရားတို့ကား ဝိသုဒ္ဓိအစဉ်အားဖြင့်လည်းကောင်း၊ ဉာဏ်စဉ်အားဖြင့်လည်းကောင်း အဆင့်ဆင့်တက်ရောက်သော ဘာဝနာသည် လွန်စွာအားရှိသဖြင့် အပ္ပနာသို့ ရောက်နိုင်သည်။

## ဘုရားဂုဏ်စသည်ကို ပွားများခြင်း အကျိုး

'အရဟံ၊သမ္မာသမ္ဗုဒ္ဓေါ' စသည်ဖြင့်ဘုရားဂုဏ်တို့ကို ပွားများအားထုတ်သဖြင့် အပ္ပနာသို့ မရောက်ရှိနိုင်သော်လည်း ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ဖြင့် ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာတို့သို့ ရောက်ရှိသဖြင့် စိတ်သည် အာရုံ၌ ကောင်းစွာစွဲမြဲ တည်ကြည် လာခြင်းကြောင့် ဥပစာရသမာဓိသည် ဖြစ်၏။

http://www.dhammadownload.com



ဥပစာရသမာဓိဖြစ်သဖြင့် နီဝရဏတို့လည်း ကင်းကွာလျက် စိတ်အေးငြိမ်း ချမ်းသာမှုကိုရရှိနိုင်သည်။

ထို့ပြင် ရရှိပြီးသော ဥပစာရသမာဓိကို အခြေခံပြု၍ ဝိပဿနာသို့ ဆက်လက်ပွားများအားထုတ်သည်ရှိသော် မဂ်၊ဖိုလ်စသော လောကုတ္တရာအပွနာတို့သို့ တက်ရောက်နိုင်ပေသည်။

## ကမ္မဋ္ဌာန်းနှင့် ဈာန်တွဲစပ်ပုံ

၁။ ကသိုဏ်း(၁၀)ပါး၊ အာနာပါန(၁)ပါး ပေါင်း(၁၁)ပါးတို့သည် ပဉ္စမဈာန်အထိ ရရှိနိုင်သည်။

၂။ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ ပေါင်း (၁၁)ပါးတို့သည် ပထမဈာန်(၁)ပါးသာ ရရှိနိုင်သည်။

၃။ မေတ္တာ၊ကရုဏာ၊မုဒိတာ(၃)ပါးတို့သည် စတုတ္ထဈာန်အထိ ရရှိနိုင်သည်။

၄။ ဥပေက္ခာသည် ပဉ္စမဈာန်(၁)ပါးသာ ရရှိနိုင်သည်။

၅။ အာရုပ္ပ(၄)ပါးသည် အရူပဈာန်(၄)မျိုးကို ရရှိနိုင်သည်။

♦ ♦ ♦

## ဓမ္မဝိဋ္ဌာန်များ

၁။ ထွက်လေ၊ဝင်လေ ရှုပွားနေရုံမျှဖြင့် မဂ်ဖိုလ်ရနိုင်/မရနိုင် ဖြေပါ။

၂။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဟု ဆိုလေ့ရှိကြရာ မသာတစ်ခေါက်သွား၍ အသုဘရှုခြင်းကြောင့် ရရှိသောအကျိုးကို ဖြေဆိုပါ။

၃။ အားလုံးများစွာ သတ္တဝါ ချမ်းသာကြပါစေဟု မေတ္တာပို့မှုပြုကြလေရာ ယင်းမေတ္တာ၏ အကျိုးစွမ်းအားကို ဖော်ပြပါ။

၄။ 'သဗ္ဗေသတ္တာ ကမ္မဿကာ' သတ္တဝါအားလုံးဟာ ကိုယ့်ကံနဲ့ကိုယ်ပါလို့ ပြောတတ်ကြလေရာ ကံကို ပဓာနပြု၍ ဓနီး၊ခင်ပွန်းစသူများတို့အား ဥပေက္ခာပြု၍ ရှုပွားမှုသည် မေတ္တာပွားမှုနှင့် မည်သည့်ကုသိုလ်က ပိုအကျိုးများပါသနည်း။

♦ ♦ ♦

http://www.dhammadownload.com



## ဂေါစရဘေဒ
(အာရုံသုံးပါးနှင့် ကမ္မဋ္ဌာန်းများ)

### အာရုံနိမိတ်(၃)ပါး

၁။ရှေးဦးစွာ ပွားများအားထုတ်မှု ပရိကမ္မဘာဝနာ၏ ပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ်တို့သည် 'ပရိကမ္မနိမိတ်' မည်၏။

၂။ပရိကမ္မဘာဝနာ ရင့်သန်လာလတ်သော် မျက်စိဖြင့် မြင်ရသကဲ့သို့ စိတ်၌ စွဲမြဲထင်ရှားနေသော ပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ်တို့သည် 'ဥဂ္ဂဟနိမိတ်' မည်၏။

၃။ထိုပရိကမ္မဘာဝနာသမာဓိဖြင့်ပင် ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ လွန်စွာ တည်ကြည်နေသောယောဂီအား ကြာလာသောအခါ ဥဂ္ဂဟနိမိတ်နှင့် အသွင်ပုံစံတူစွာ ဘာဝနာ၏အစွမ်းဖြင့် ပေါ်လာသော ပညတ်အာရုံမျိုးတို့သည် 'ပဋိဘာဂနိမိတ်' မည်၏။

### အာရုံနိမိတ်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

၁။ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်း(၄၀)လုံးတို့၌ ပရိယာယ် အားဖြင့်သာ ရ၏။

၂။ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကောဋ္ဌာသ(၁)ပါး၊ အာနာပါန(၁)ပါးဟူသော (၂၂)ပါးတို့၌ကား မုချ ရအပ်၏။

၃။ ထို(၂၂)ပါးတို့၌ ပဋိဘာဂနိမိတ်ကိုလည်း ရအပ်၏။ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့လည်း ဖြစ်၏။

မှတ်ချက်။ ဗုဒ္ဓါနုဿတိစသည်တို့ကို စတင်ပွားများသည်ရှိသော် အဘယ်အခိုက်မှာ ပရိကမ္မနိမိတ်၊ အဘယ်အခိုက်မှာ ဥဂ္ဂဟနိမိတ်ဟု အတိအကျ ခွဲခြား၍မရနိုင်။ အမှန်းအဆအနေဖြင့်သာ ခွဲခြားနိုင်သဖြင့် ပရိယာယ်ဟု ဆိုသည်။

♦ ♦ ♦

http://www.dhammadownload.com



## အာရုံနိမိတ်နှင့် ဘာဝနာတွဲစပ်ပုံ

### ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ

၁။ ကမ္မဋ္ဌာန်းကို စတင်စီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်းစသည်ကို မျက်စိဖြင့် ကြည့်၍ အဖန်ဖန် ပွားရ၏။ ထိုသို့ ပွားများသော ပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ်တို့သည် ပရိကမ္မနိမိတ် မည်၏။

ထိုပရိကမ္မနိမိတ်ကို အာရုံပြု၍ ပွားများမှုဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။

### ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ

၂။ ထိုပရိကမ္မအာရုံနိမိတ်သည် ပွားများဖန်များလတ်သော် ယောဂီပုဂ္ဂိုလ်၏ စိတ်၌ မျက်စိဖြင့် မြင်ရသကဲ့သို့ စွဲမြဲထင်ရှားလာ၏။ ထိုသို့ စွဲမြဲထင်ရှားလာသော ပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ်တို့သည် ဥဂ္ဂဟနိမိတ် မည်၏။

ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ပွားများမှုဘာဝနာသည်လည်း ပရိကမ္မဘာဝနာ မည်၏။

### ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ

၃။ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာဖြင့် ပွားများဖန်များလတ်ပြန်သော် ယောဂီပုဂ္ဂိုလ်၏စိတ်၌ ဥဂ္ဂဟနိမိတ်နှင့် အလားသဏ္ဌာန်တူသော်လည်း ပို၍ ကြည်လင်သန့်ရှင်သော၊ ပရမတ်မဟုတ်သည့် ကသိုဏ်းဝန်းအပြစ်တို့မှကင်းစင်သော ဘာဝနာကြောင့်ဖြစ်ပေါ်လာသည့် ပညတ်အာရုံတစ်မျိုးမျိုးသည် ကောင်းမွန်ငြိမ်သက်စွာ ထင်ရှားစွာ ဖြစ်တည်လာ၏။ ထိုသို့ထင်ရှားစွာ ဖြစ်တည်လာသော အာရုံနိမိတ်မျိုးတို့သည် ပဋိဘာဂနိမိတ် မည်၏။

ထိုပဋိဘာဂနိမိတ်တင်သည်မှစ၍ ကာမာဝစရသမာဓိဖြစ်သော ဥပစာရဘာဝနာသည် ဖြစ်ပေါ်၏။ ကာမစ္ဆန္ဒစသော နီဝရဏအပြစ်တို့သည်လည်း ကင်းစင်လွင့်ပျောက်ကုန်၏။

### ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ

၄။ဥပစာရဘာဝနာဖြစ်ပြီးသော ယောဂီသည် ထိုဥပစာရဘာဝနာသမာဓိဖြင့်

http://www.dhammadownload.com



ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ကောင်းစွာမှီဲ အားထုတ်ဖန်များလတ်သော် ထိုပဋိဘာဂနိမိတ်အာရုံ၌ အချိုးအစားညီမျှစွာ ပြုလုပ်ထားဘိသကဲ့သို့ အလွန်တည်ငြိမ်သော လွန်စွာစူးစိုက်သည့် စိတ်အစွမ်းတစ်မျိုး ဖြစ်ပေါ်လာ၏။ ထိုစိတ်တွင် အလွန်ထင်ရှားသည့် စွမ်းအား(၅)မျိုး ပါဝင်လာသည်။ ထို(၅)မျိုးမှာ 'ဝိတက်အစ၊ ဧကဂ္ဂတာအဆုံး'ရှိသော ဈာန်အင်္ဂါများ ဖြစ်၏။ ထိုအင်္ဂါ(၅)မျိုးနှင့် တွဲယှဉ်နေသော စိတ်သည်ပင် ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ရူပါဝစရ- ပထမဈာန် အပ္ပနာဘာဝနာ မည်ပေ၏။

## ဒုတိယဈာန်စသည် ဖြစ်ပုံ

၅။ ပထမဈာန်ကို ရရှိပြီးသော ယောဂီသည် မိမိရရှိပြီးသောဈာန်ကိုပင် ဝသီဘော်ငါးပါးတို့ဖြင့် အစွမ်းသတ္တိရရှိအောင် အဖန်ဖန်ဝင်စား၍ 'ဝိတက်စသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှါလည်းကောင်း၊ ဝိစာရစသော သိမ်မွေ့သောဈာန်အင်္ဂါကို ဖြစ်ခြင်းငှါလည်းကောင်း'အဖန်ဖန် ပွားများအားထုတ်သည်ရှိသော် အစဉ်အတိုင်း ဒုတိယဈာန်စသည်တို့သည် အပ္ပနာဘာဝနာ၏အစွမ်းဖြင့် ဖြစ်၏။

## ဝသီဘော်(၅)ပါး

၁။ဈာန်အင်္ဂါအသီးသီးကို လျင်မြန်စွာ ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် 'အာဝဇ္ဇနဝသီဘော်' မည်၏။ (မနောဒွါရာဝဇ္ဇန်းစိတ်၏အစွမ်း)

၂။ဈာန်ဝင်စားလိုသော် လျင်မြန်စွာ ဝင်စားခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် 'သမာပဇ္ဇနဝသီဘော်'မည်၏။

၃။မိမိအလိုရှိသမျှကာလကြာအောင် ဈာန်အစဉ်ကို စိတ်၌ထားခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် 'အဓိဋ္ဌာနဝသီဘော်'မည်၏။

၄။မိမိအလိုရှိသော အချိန်၌ ဈာန်မှထခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် 'ဝုဋ္ဌာနဝသီဘော်'မည်၏။

၅။မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဈာန်အင်္ဂါတို့ကို ဇောစိတ်ဖြင့် လျင်မြန်စွာ ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် 'ပစ္စဝေက္ခဏာဝသီဘော်' မည်၏။

http://www.dhammadownload.com


## နိမိတ်+ဘာဝနာ+ကမ္မဋ္ဌာန်းတွဲပုံဇယား

| နိမိတ်(၃) | ဘာဝနာ(၃) | ကမ္မဋ္ဌာန်း(၄၀) |
|---|---|---|
| ပရိကမ္မ-နိ | ပရိကမ္မ-ဘာ | ကမ္မဋ္ဌာန်း-၄၀ |
| ဥဂ္ဂဟ-နိ | ပရိကမ္မ-ဘာ | ကမ္မဋ္ဌာန်း-၄၀ |
| ဥဂ္ဂဟ-နိ | ဥပစာရ-ဘာ | ဗုဒ္ဓါနုဿတိစသည် ၈၊သညာ၊ဝဝတ္ထာန် (၈) |
| ဥဂ္ဂဟ-နိ | ဥပစာရ-အပ္ပနာ | အပ္ပမညာ ၄၊အာရုပ္ပ ၄ (၈) |
| ပဋိဘာဂ-နိ | ဥပစာရ-အပ္ပနာ | ကသိုဏ်း၁၀၊အသုဘ ၁၀၊ကာယ၊အာနာပါန(၂၂) |

**မှတ်ချက်**။ အပ္ပနာသို့ရောက်သော်လည်း ပဋိဘာဂနိမိတ်ကို မရအပ်သော အပ္ပမညာနှင့် အာရုပ္ပဈာန်တို့၌ ဥဂ္ဂဟနိမိတ်ကိုသာအာရုံပြုရသည်။ အပ္ပမညာတို့မှာ သတ္တဝါပညတ်ကို အာရုံပြု၏။

### အရူပဈာန်(၄)ပါး၏အာရုံများ

၁။အာကာသာနဉ္စာယတနဈာန်သည် ကောင်းကင်(အာကာသ)ပညတ်ကို အာရုံ ပြု၏။

၂။ဝိညာဏဉ္စာယတနဈာန်သည် ပထမအရူပဈာန်(ဝိညာဏ်)ကို အာရုံပြု၏။

၃။အာကိဉ္စညာယတနဈာန်သည် နတ္ထိဘောပညတ်ကို အာရုံပြု၏။

၄။နေဝသညာနာသညာယတနဈာန်သည် တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၏။

**မှတ်ချက်**။ အာကာနှင့်အာကိ သည် ပညတ်အာရုံ၊ ဝိညာနှင့်နေဝသည် မဟဂ္ဂုတ်အာရုံ။

### အရူပဈာန်(၄)ပါးဖြစ်အောင် ပွားများပုံ

၁။ရူပပဉ္စမဈာန်ကို ရရှိပြီးယောဂီသည် အာကာသ ကသိုဏ်းမှ တစ်ပါးသော ကသိုဏ်း(၉)ပါးတွင် တစ်ပါးပါးကို နှလုံးမသွင်းဘဲ ပယ်ခွာလိုက်သဖြင့် ရအပ်သော ဟင်းလင်းပြင် (မူလကသိုဏ်းနေရာတွင် အစားဝင်လာသော) ကောင်းကင်ပညတ် သည် ပေါ်လာ၏။

ယင်းကောင်းကင်ပညတ်အာရုံကိုပင် "ဥပါဒ်၊ဌီ၊ဘင်၊ အဆုံးအပိုင်းအခြား မရှိသော ဟင်းလင်းပြင်"ဟု နှလုံးသွင်း၍ စီးဖြန်းပွားများခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား (ပထမအရူပ) အာကာသာနဉ္စာယတနဈာန်(ယင်းဟင်းလင်းပြင်၌ ရပ်တည်ရာရရှိ သွားသောစိတ်ဝိညာဏ်)သည် အပ္ပနာဘာဝနာအစွမ်းဖြင့် ဖြစ်၏။

http://www.dhammadownload.com



### အာကာသပညတ်ဖြစ်ပုံ

အာကာသ ကောင်းကင်ပညတ်သည် (၁)မူလဟင်းလင်းအပြင်ဖြစ်နေသော မိုးကောင်းကင် အာကာသ၊ (၂)ကသိုဏ်းပဋိဘာဂနိမိတ်ကို ပယ်ခွာသဖြင့် ဖြစ်ပေါ်၍ လာသော ဟင်းလင်းအပြင် အာကာသဟု (၂)မျိုး ရှိ၏။ ထို(၂)မျိုးလုံးကိုပင် (န+အ+ကသ) ရေးခြစ်၍ မရကောင်းသောအရပ်ဖြစ်၍ 'အာကာသ'ကောင်းကင် ပညတ်ဟု ခေါ်၏။ မူလဟင်းလင်းပြင် အာကာသကိုကား လူတိုင်းအာရုံပြုနိုင်၏။ ကသိုဏ်းနိမိတ်ကိုခွာသဖြင့် ဖြစ်ပေါ်လာသော အာကာသကိုကား ပဋိဘာဂနိမိတ်ရရှိပြီး ပြန်ခွာနိုင်သူတို့သာ အာရုံပြုနိုင်၏။

ကသိုဏ်း(၁၀)ပါးရှိရာတွင် အာကာသကသိုဏ်းသည် ပြန်၍ ခွာနေစရာ မလိုသောကြောင့် ကျန်ကသိုဏ်း(၉)ပါးကိုသာ နှစ်သက်ရာတစ်ပါးပါး၏ ပဋိဘာဂ နိမိတ်ကို နှလုံးမသွင်းခြင်းအားဖြင့် ပယ်ခွာမှု ပြုရ၏။ ထိုသို့ ကသိုဏ်းကို ခွာသဖြင့် ဖြစ်ပေါ်ရရှိလာသော ကောင်းကင်ပညတ်မျိုးသည် ဆီးနှင်း၊မြူတိမ်စသော အညစ် အကြေးမရှိ အလွန်ကြည်လင်သန့်ရှင်းပေ၏။ ယင်းကောင်းကင်ပညတ်အာရုံကိုပင် "ဥပါဒ်၊ဌီ၊ဘင်ဟူသော အဆုံးအပိုင်းအခြားမရှိအောင်" အကြိမ်ကြိမ် နှလုံးသွင်း၍ စီးဖြန်းပွားများရသည်။

၂။ယင်းပထမအရူပဈာန်ကိုပင် အာရုံပြု၍ 'အဆုံးမရှိသော ကောင်းကင် ပညတ်ကိုအာရုံပြုသော အဆုံးမရှိ ကျယ်ပြန့်သော စိတ်ဝိညာဏ်'ဟု အဖန်တလဲလဲ စီးဖြန်းပွားများသော ယောဂီအား (ဒုတိယအရူပ)ဝိညာဏဉ္စာယတနဈာန်သည် ဖြစ်၏။

၃။ထိုပထမအရူပဈာန်၏ မရှိတော့ခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြု၍ 'နတ္ထိ ကိဉ္စိ'ဟု အဖန်တလဲလဲ စီးဖြန်းပွားများသော ယောဂီအား (တတိယ အရူပ) အာကိဉ္စညာယတနဈာန်သည် ဖြစ်၏။

၄။တတိယအရူပဈာန်ကိုအာရုံပြု၍ 'သန္တမေတံ၊ပဏီတမေတံ' (ဤဝိညာဏ် သည် ငြိမ်သက်လှပေ၏။ မွန်မြတ်လှပေ၏) ဟု အဖန်တလဲလဲ စီးဖြန်းပွားများသော ယောဂီအား (စတုတ္ထ အရူပ) နေဝသညာနာသညာယတနဈာန်သည် ဖြစ်၏။

♦ ♦ ♦

http://www.dhammadownload.com



## အဘိညာဏ်အကြောင်း

(အသိထူးတရား)

အလွန်အကျူး အထူးသိမှုသဘောတရားသည် 'အဘိညာဏ်' မည်၏။ ထိုအဘိညာဏ်ကို ရရှိလိုသောယောဂီသည် ရှေဦးစွာ ရူပဈာန်(၅)ပါး၊အရူပဈာန်(၄)ပါး တို့ကို ရရှိထားသူ ဖြစ်ရမည်။

အဘိညာဏ်၏အရမှာ- ရူပ-ပဉ္စမဈာန်ကုသိုလ်၊ကြိယာစိတ်ကို ရ၏။

## အဘိညာဏ်ဖြစ်အောင် အားထုတ်ပုံ

၁။ အဘိညာဏ်ရရှိလိုသောယောဂီသည် ရှေးဦးစွာ အဘိညာဏ်၏အခြေခံ ဖြစ်သော ရူပါဝစရပဉ္စမဈာန်ကို ဝင်စားရ၏။

၂။ထိုဈာန်မှထ၍ အဘိညာဏ်ဆိုင်ရာ အာရုံတစ်ခုခုကို ရည်ရွယ်လျက် 'သတံ ဟောမိ-ငါသည် လူတစ်ရာဖန်ဆင်းလို၏၊ သဟဿံ ဟောမိ-ငါသည် လူတစ်ထောင် ဖန်ဆင်းလို၏' စသည်ဖြင့် အဓိဋ္ဌာန်၍အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံအမှုကို ပြုရ၏။

၃။ထို့နောင် ရူပါဝစရပဉ္စမဈာန်ကို တစ်ဖန် ပြန်ဝင်စားရ၏။

၄။ထို့နောင် ပရိကံပြုထားသော လူတစ်ရာစသော အာရုံကို အာရုံပြု၍ ရူပါဝစရကုသိုလ်၊ကြိယာပဉ္စမဈာန်စိတ်သည် အဘိညာဏ်ဝီထိအဖြစ်ကျကာ အပ္ပနာသို့ ရောက်၏။ အဘိညာဏ်ဇောကျသည်နှင့်တစ်ပြိုင်နက် အဓိဋ္ဌာန်ထားသောအရာတို့သည် လည်း ဖြစ်လာတော့၏။

## အဘိညာဏ်ဝီထိစဉ်ပုံစံ

| | |
|---|---|
| န၊ ဒ၊ မ၊ ပ၊ဥ၊နု၊ဂေါ၊ | အဘိညာဏ်ဇော (၁)ကြိမ်၊ ဘဝင်။ |

## ကောင်းကင်ပျံသောဈာန်နှင့် မပျံသောဈာန်

ရူပါဝစရဈာန်(၅)ပါး၊ အရူပါဝစရဈာန်(၄)တို့ကို ရရှိသော ယောဂီတို့အား ဈာန်ရတိုင်း ကောင်းကင်ပျံ၊ မြေငုပ်စသော တန်ခိုးအမျိုးမျိုးတို့ မရရှိနိုင်။ ရူပါဝစရ ပဉ္စမဈာန်သို့ ရောက်ရှိပြီးယောဂီတို့သည် အဘိညာဏ်အဆင့်သို့ ရောက်အောင် ပွား များအားထုတ်မှုပရိကံပြုမှသာ ကောင်းကင်ပျံ၊ မြေငုပ်စသော တန်ခိုးအမျိုးမျိုးတို့ ရရှိနိုင်သည်။

http://www.dhammadownload.com



**အဘိညာဏ်(၅/၆/၇)ပါး**

၁။**ဣဒ္ဓိဝိဓ**-တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဏ်။

၂။**ဒိဗ္ဗစက္ခု**-နတ်တို့၏ မျက်စိကဲ့သို့ဝေးသောအဆင်း၊ သေးငယ်သော အဆင်းတို့ကို မြင်နိုင်သော အဘိညာဏ်။

၃။**ဒိဗ္ဗသောတ**-နတ်တို့၏ နားကဲ့သို့ဝေးသောအသံ၊ တိုးသောအသံတို့ကို ကြားနိုင်သော အဘိညာဏ်။

၄။**ပရစိတ္တဝိဇာနန**-သူတစ်ပါးတို့စိတ်ကို သိနိုင်သော အဘိညာဏ်။

၅။**ပုဗ္ဗေနိဝါသာနုဿတိ**-ရှေးကဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်ပြောင်း အောက်မေ့နိုင်သော အဘိညာဏ်။

၆။**ယထာကမ္မူပဂ**-ကံအားလျော်စွာ ထိုထိုဘုံဘဝ၌ ဖြစ်ရသူများကို မြင်နိုင် သောအဘိညာဏ်။

၇။**အနာဂတံသ**-နောင်အနာဂတ်၌ ဖြစ်လတ္တံ့အကြောင်းအရာများကို သိမြင်နိုင်သော အဘိညာဏ်။

**မှတ်ချက်**။ အဘိညာဏ်(၅)ပါးဟု ဆိုလျှင် ယထာကမ္မူပဂနှင့် အနာဂတံသတို့ကို ဒိဗ္ဗစက္ခုနှင့် မကင်းနိုင်သောကြောင့် ဒိဗ္ဗစက္ခု၌သွင်းယူရမည်။ အဘိညာဏ်(၆)ပါးဟု ဆိုလျှင် ယင်း(၅)ပါးအပြင် လောကုတ္တရာအဘိညာဏ်ဖြစ်သော အာသဝက္ခယ ဉာဏ်ကို ထည့်သွင်းရေတွက်ရမည်။

**ကမ္မဋ္ဌာန်း(၄၀)နှင့် ဖြစ်ရာဘုံ**

၁။လူ့ဘုံ၌ ကမ္မဋ္ဌာန်း(၄၀)လုံး ရ၏။ နတ်ဘုံတို့၌ အသုဘ(၁၀)ပါး၊ ကာယ ဂတာသတိ(၁)ပါး၊ အာဟာ(၁)ပါးကြဉ်သော ကျန်ကမ္မဋ္ဌာန်း(၂၈)ပါး ရ၏။ ရူပဗြဟ္မာ ပြည်တို့၌ နတ်ပြည်ရ(၂၈)ပါးတွင် အာနာပါနကြဉ်သော ကျန်(၂၇)ပါး ရ၏။ အရူပ ဗြဟ္မာပြည်တို့၌ အရုပ္ပ(၄)ပါးသာ ရ၏။ အသညသတ်ဘုံ၌ ရသောကမ္မဋ္ဌာန်း မရှိ။

သမထကမ္မဋ္ဌာန်းနည်း ပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ဝိပဿနာကမ္မဋ္ဌာန်းနည်း

(အထူးအားဖြင့် ကြည့်ရှုခြင်း)

♦ ♦ ♦

### ဝိပဿနာဟူသည်

နေ့စဉ်တွေ့ကြုံနေရသော အာရုံမြင်ကွင်းများကို မြင်တွေ့နေကျအတိုင်း မဟုတ်ဘဲ ထိုအသိများထဲမှ အမှန်တကယ် ရှိနေသော ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်သဘောတို့ကို (မမြဲ၊ဆင်းရဲ၊အစိုးမရခြင်းတို့ကို) သိမြင်အောင် အထူးကြည့်ရှုခြင်းဖြစ်၍ 'ပညတ္တိံ ဌပေတွာ၊ ဝိဝိဓ ပဿတီတိ ဝိပဿနာ' နှင့်အညီ 'ဝိပဿနာ' ဟု ခေါ်၏။

ဝိပဿနာကမ္မဋ္ဌာန်းနည်း၌ ပါဝင်သောတရားများမှာ- ဝိသုဒ္ဓိ(၇)ပါး၊ လက္ခဏာ(၃)ပါး၊ အနုပဿနာ(၃)ပါး၊ ဝိပဿနာဉာဏ်(၁၀)ပါး၊ ဝိမောက္ခ(၃)ပါး၊ ဝိမောက္ခမုခ(၃)ပါးတို့ ဖြစ်၏။

### ဝိသုဒ္ဓိ(၇)ပါး

(အထူးစင်ကြယ်ကြောင်းတရား)

၁။**သီလဝိသုဒ္ဓိ**- သီလဟူသော အထူးစင်ကြယ်ကြောင်းတရား။

၂။**စိတ္တဝိသုဒ္ဓိ**-စိတ်အထူးစင်ကြယ်ကြောင်းတရား။

၃။**ဒိဋ္ဌိဝိသုဒ္ဓိ**-အယူ အထူးစင်ကြယ်ကြောင်းတရား။

၄။**ကင်္ခါဝိတရဏဝိသုဒ္ဓိ**-ယုံမှားမှု(၁၆)ပါးမှအထူးစင်ကြယ်ကြောင်းတရား။

၅။**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**-လမ်းမှန်လမ်းမှားသိမှု ဉာဏ်အမြင် အထူးစင်ကြယ်ကြောင်းတရား။

၆။**ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ**-မဂ်သို့ရောက်ကြောင်းကျင့်စဉ်ဟူသော ဉာဏ်အမြင် အထူးစင်ကြယ်ကြောင်းတရား။

၇။**ဉာဏဒဿနဝိသုဒ္ဓိ**-မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ကြောင်းတရား။

### လက္ခဏာ(၃)ပါး

(သင်္ခါရတို့၏ အမှတ်အသားများ)

၁။ **အနိစ္စလက္ခဏာ**- မမြဲခြင်းဟူသော သင်္ခါရတို့၏အမှတ်အသား။

၂။ **ဒုက္ခလက္ခဏာ**- ဆင်းရဲခြင်းဟူသော သင်္ခါရတို့၏အမှတ်အသား။

၁။ **အနတ္တလက္ခဏာ**- အစိုးမရခြင်းဟူသော သင်္ခါရတို့၏အမှတ်အသား။

http://www.dhammadownload.com



## အနုပဿနာ(၃)ပါး

(အကြိမ်ကြိမ် ရှုပွားကြောင်းဉာဏ်)

၁။ **အနိစ္စာနုပဿနာ**- သင်္ခါရတို့သည် မမြဲဟူ၍ အဖန်ဖန်ရှုမှုဉာဏ်။

၂။ **ဒုက္ခာနုပဿနာ**- သင်္ခါရတို့သည် ဆင်းရဲဟူ၍ အဖန်ဖန်ရှုမှုဉာဏ်။

၃။ **အနတ္တာနုပဿနာ**- သင်္ခါရတို့သည် အစိုးမရဟူ၍ အဖန်ဖန်ရှုမှုဉာဏ်။

## ဝိပဿနာဉာဏ်(၁၀)ပါး

(အထူးထူးအပြားပြား ရှုမှုဉာဏ်များ)

သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်။

## ဝိမောက္ခ(၃)ပါး

ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်တရားကို ဝိမောက္ခဟု ခေါ်၏။

၁။သုညတ ဝိမောက္ခ၊ ၂။ အနိမိတ္တ ဝိမောက္ခ၊ ၃။ အပ္ပဏိဟိတဝိမောက္ခ။

## ဝိမောက္ခမုခ(၃)ပါး

ဝိမောက္ခ(၃)ပါးသို့ ဝင်ရောက်ရာ တံခါးပေါက်သဖွယ်ဖြစ်သော တရားများကို ဝိမောက္ခမုခ ဟု ခေါ်၏။

၁။သုညတာနုပဿနာ၊ ၂။ အနိမိတ္တာနုပဿနာ၊ ၃။ အပ္ပဏိဟိတာနုပဿနာ။

♦♦♦

### လက်တွေ့အသုံးချပုံ

ဝိပဿနာရှုရာ၌ လိုရင်းပဓာန(၂)ချက်သာ ရှိ၏။ ပထမတစ်ချက်မှာ ပညတ်ကို ဖယ်ခွာ၍ ပရမတ်ကို သိအောင်ကြည့်မှုဖြစ်၏။ ဒုတိယတစ်ချက်မှာ ထိုသဘောပရမတ်ထဲ၌ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောအချက်(၃)မျိုးကို သိအောင် ကြည့်မှုဖြစ်၏။

ဥပမာ- မီးတောက်တစ်ခုထွန်းငြိမှု၌ မီးဟူသော အမည်ပညတ်ကို ဖယ်ခွာ၍ ပူခြင်းသဘောလက္ခဏာကို သိအောင် ဉာဏ်ဖြင့် ကြည့်သကဲ့သို့ ဖြစ်၏။ မီးတောက်ဖြစ်မှုနှင့်အတူ အလင်းရောင်ပေါ်၍၊ မီးတောက်သေခြင်းနှင့်အတူ အလင်းရောင်ကုန်ခြင်းကဲ့သို့ ပူခြင်းသဘော၏ မမြဲခြင်းစသည်ကို ကြည့်ရှုရပေ၏။

http://www.dhammadownload.com



# ဝိသုဒ္ဓိ(၇)ပါးအကြောင်း

◈ ◈ ◈

## ၁။သီလဝိသုဒ္ဓိ

ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဟူသော သီလ(၄)မျိုးတို့ဖြင့် ပြည့်စုံခြင်းသည် သီလဝိသုဒ္ဓိ မည်၏။

## ပါတိမောက္ခသံဝရသီလ၊

စောင့်ထိန်းသူကို အပါယ်စသည်တို့မှ လွတ်မြောက်စေသော ကာယကံ၊ ဝစီကံတို့ကို ကောင်းစွာထားကြောင်း သီလသည် 'ပါတိမောက္ခ သံဝရသီလ' မည်၏။

ရဟန်းတော်များအတွက် ဝိနည်းပိဋကတ်၌ ပညတ်အပ်သော သိက္ခာပုဒ်(၂၂၇) တို့ကို စောင့်ထိန်းခြင်း၊ လူများအတွက် ငါးပါးသီလစသည်တို့ကို စောင့်ထိန်းခြင်းများကို 'ပါတိမောက္ခသံဝရသီလ'ဟု ဆိုသည်။ (သဒ္ဓါပြဓာန်းသော စေတနာ။)

## ဣန္ဒြိယသံဝရသီလ၊

စက္ခုစသော ဣန္ဒြေ(၆)ပါးတို့၌ အကုသိုလ်ဝင်မလာနိုင်အောင် စောင့်စည်းခြင်းသည် 'ဣန္ဒြိယသံဝရသီလ' မည်၏။ (သတိပြဓာန်းသော ပညာ။)

## အာဇီဝပါရိသုဒ္ဓိသီလ

အသက်မွေးဝမ်းကျောင်းမှု စင်ကြယ်အောင် စောင့်ထိန်းကြောင်းသည် 'အာဇီဝပါရိသုဒ္ဓိသီလ' မည်၏။ (ရဟန်းများအတွက် ကုလဒူသန-ပန်းပေးမှု၊ သစ်သီးပေးမှု စသည်များ၊ အနေသန-အထင်ကြီးအောင်ပြုမှုစသည်များမှ ရှောင်ခြင်း၊ လူများအတွက် ကာယဒုစရိုက်၊ဝစီဒုစရိုက်တို့မှ ရှောင်ခြင်းများတည်း။ ဝီရိယပြဓာန်းသော ဝိရတီ။)

## ပစ္စယ သန္နိဿိတသီလ

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် ပစ္စယ သန္နိဿိတသီလ မည်၏။ (ပညာပြဓာန်းသော စေတနာ)

http://www.dhammadownload.com



### ပစ္စယ သန္နိဿိတသီလ ဆင်ခြင်ပုံ

အသက်ရှည်ရှာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မြော်ထောက်တွေး၍၊ ဤဆေးဤဆွမ်း၊ ဤသင်္ကန်းနှင့်၊ ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို၊ မှီအောင်းသုံးစွဲပါသတည်း။ (အခြေပြုသင်္ဂြိုဟ်)

### ၂။ စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှစ်မျိုးနှင့် ယှဉ်သော နီဝရဏအညစ်အကြေးတို့မှ ကင်းဝေးသန့်စင်သောစိတ်သည် 'စိတ္တဝိသုဒ္ဓိ' မည်၏။

စိတ္တဝိသုဒ္ဓိဖြစ်လိုသူသည် သမထကမ္မဋ္ဌာန်း(၄၀)တို့တွင် မိမိစရိုက်နှင့် လိုက်လျောမှုရှိသော ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို အနည်းဆုံး ဥပစာရဘာဝနာဖြင့် ဥပစာရသမာဓိရရှိသည့်အထိ ပွားများအားထုတ်ရမည် ဖြစ်သည်။ စိတ္တဝိသုဒ္ဓိမဖြစ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိစသော အထက်ဝိသုဒ္ဓိတို့လည်း ဖြစ်ရန်မလွယ်ကူပေ။

### ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

ရုပ်နာမ်တရားတို့ကို လက္ခဏာ၊ ရသစသည်တို့၏အစွမ်းဖြင့် ပိုင်းခြားသိမြင်ခြင်းဉာဏ်ကြောင့် ငါ၊သူတစ်ပါးစသော အယူမှားအတ္တဒိဋ္ဌိများမှ ကင်းလွတ်စင်ကြယ်မှုသည် 'ဒိဋ္ဌိဝိသုဒ္ဓိ' မည်၏။

ထိုစင်ကြယ်မှု ဉာဏ်အမြင်ကိုပင် နာမ်ရုပ်တို့ကို အမှန်အတိုင်း ပိုင်းခြားသိမြင်ခြင်းကြောင့် နာမရူပပရိစ္ဆေဒဉာဏ်၊(နာမရူပပရိဂ္ဂဟဉာဏ်)ဟု ခေါ်သည်။

### ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ်တို့ကို ဖြစ်ကြောင်းတရားနှင့်တကွ သိမ်းဆည်းသိမြင်မှုဉာဏ်အမြင်သည် ငါ၊သူတစ်ပါးစသော ယုံမှားသံသယတို့မှ ကင်းစင်လွင့်ပျောက်သောကြောင့် 'ကင်္ခါ ဝိတရဏဝိသုဒ္ဓိ' မည်၏။

ထိုစင်ကြယ်မှု ဉာဏ်အမြင်ကိုပင် နာမ်ရုပ်တို့၏ ဖြစ်ကြောင်းကို ပိုင်းခြားသိမြင်ခြင်းကြောင့် 'ပစ္စယပရိဂ္ဂဟဉာဏ်'ဟု ခေါ်သည်။

http://www.dhammadownload.com



**ယုံမှားခြင်း(၈)ပါး**

၁။ဘုရား၌ ယုံမှားခြင်း၊
၂။တရား၌ ယုံမှားခြင်း၊
၃။သံဃာ၌ ယုံမှားခြင်း၊
၄။သိက္ခာသုံးပါး၌ ယုံမှားခြင်း၊
၅။အတိတ်ခန္ဓာ၌ ယုံမှားခြင်း၊
၆။အနာဂတ်ခန္ဓာ၌ ယုံမှားခြင်း၊
၇။အတိတ်၊အနာဂတ်နှစ်ပါး၌ ယုံမှားခြင်း၊
၈။ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း

**၅။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**

နာမ်ရုပ်တရားတို့ကို ဖြစ်ကြောင်းတရားနှင့်တကွ သိမ်းဆည်းသိမြင်ပြီးသော ယောဂီသည် အတိတ်စသော (၁၁)ပါးသောအခြင်းအရာတို့ဖြင့် သင်္ခါရတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု လက္ခဏာယဉ်သုံးချက်တင်ကာ သုံးသပ်ဆင်ခြင် ပွားရ၏။

ဤသို့ နာမ်ရုပ်တို့ကို လက္ခဏာယဉ်သုံးချက်ဖြင့် ဆင်ခြင်သုံးသပ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

**အတိတ်စသော အခြင်းအရာ(၁၁)ပါး**

အတိတ်ခန္ဓာ၊ အနာဂတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ၊ အဇ္ဈတ္တခန္ဓာ၊ ဗဟိဒ္ဓခန္ဓာ၊ ဩဠာရိကခန္ဓာ၊ သုခုမခန္ဓာ၊ ဟီနခန္ဓာ၊ ပဏီတခန္ဓာ၊ သန္တိကေခန္ဓာ၊ဒူရေခန္ဓာ။

လင်္ကာ။ ယခု၊ရှေး၊နောင်လျှင်၊ တွင်း-ပြင်၊ ကြမ်း-နု၊ နှစ်ခုယုတ်-မြတ်၊ နီးကပ်-ဝေးကွာ၊
ဆယ့်တစ်ဖြာ၊ ခန္ဓာဘေဒပြား။

**လက္ခဏာယဉ်(၃)ချက်တင်ပုံ**

၁။ ရုပ်နာမ်ခန္ဓာတို့သည် ကုန်ပျက်တတ်သောသဘောကြောင့် အနိစ္စ၊
၂။ ရုပ်နာမ်ခန္ဓာတို့သည် ကြောက်မက်ဖွယ်သဘောကြောင့် ဒုက္ခ၊
၃။ အနှစ်သာရ(အတ္တ)မရှိသော သဘောကြောင့် အနတ္တ။

**သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်**

ရုပ်နာမ်တရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော လက္ခဏာ(၃)ပါးဖြင့် သုံး

http://www.dhammadownload.com



သပ်ဆင်ခြင်သောဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်သည်။

ရုပ်နာမ်တရားတို့ကို ဖြစ်ခြင်း၊ပျက်ခြင်း(ဥပါဒ်+ဘင်)ကို ထင်မြင်အောင် ဆင်ခြင်သောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်သည်။

## သမ္မသနနည်း(၄)မျိုး

၁။**ကလာပ သမ္မသန**= ခန္ဓာတစ်ခုခုကို အပေါင်းအစုပြု၍ သုံးသပ်နည်း။

၂။**အဒ္ဓါန သမ္မသန**= အတိတ်၌ဖြစ်ခဲ့သော ခန္ဓာ၊ ပစ္စုပ္ပန်ဖြစ်ဆဲခန္ဓာစသည်ဖြင့် ဘဝခွဲခြား၍ ကာလအားဖြင့် သုံးသပ်နည်း။

၃။**သန္တတိ သမ္မသန**= အအေးရုပ်အစဉ်၊ အပူရုပ်အစဉ်စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုး ခွဲခြား၍ သုံးသပ်နည်း။

၄။**ခဏ သမ္မသန**= ရုပ်အစဉ်တစ်မျိုးတည်း၌ပင် ဥပါဒ်၊ဌီ၊ဘင်ဟူသော ခဏအားဖြင့် ခွဲခြား၍ သုံးသပ်နည်း။

## ကလာပသမ္မသနနည်း ရှုပုံ

ရုပ်ဟူသမျှသည် ကုန်းခမ်းခြင်းအနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ(အစိုးရမှုသဘော)ရှာမရသော အနက်သဘောကြောင့် အနတ္တပါတကားဟု (ခန္ဓာငါးပါးလုံးကို) သုံးသပ်ရှုပွား ရ၏။

## အဒ္ဓါသမ္မသနနည်းဖြင့် သုံးသပ်ရှုပွားပုံ

အတိတ်ဘဝ၌ဖြစ်သော ရုပ်သည် ထိုအတိတ်ဘဝ၌ပင် ချုပ်လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်လာနိုင်ပေ။ ပစ္စုပ္ပန်ဘဝ၌ ဖြစ်သောရုပ်သည်လည်း ဖြစ်ဆဲပစ္စုပ္ပန်၌သာချုပ်လေပြီ၊ အနာဂတ်ဘဝသို့ မသွားရောက်နိုင်ပေ။

ဤသို့ ကုန်းခမ်းခြင်းအနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ(အစိုးရမှုသဘော)ရှာမရသော အနက်သဘောကြောင့် အနတ္တပါတကားဟု (ခန္ဓာငါးပါးလုံးကို) သုံးသပ်ရှုပွား ရ၏။

http://www.dhammadownload.com



## သန္တတိသမ္မသနနည်းဖြင့် သုံးသပ်ရှုပွားပုံ

အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်။ အပူရုပ်အစဉ်၌ပင် ချုပ်ပျောက်လေပြီ။ အအေးရုပ်အစဉ်သည်လည်း အပူရုပ်အစဉ်သို့မရောက်။ အအေးရုပ်အစဉ်၌ပင် ချုပ်ပျောက်လေပြီ။

ဤသို့ ကုန်းခမ်းခြင်းအနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ (အစိုးရမှုသဘော)ရှာမရသော အနက်သဘောကြောင့် အနတ္တပါတကားဟု (ခန္ဓာငါးပါးလုံးကို) သုံးသပ်ရှုပွား ရ၏။

## ခဏသမ္မသနနည်းဖြင့် သုံးသပ်ရှုပွားပုံ

အတိတ်ခဏ၌ ဖြစ်သောရုပ်သည် ထိုအတိတ်ခဏ၌ပင် ချုပ်လေပြီ၊ ဤပစ္စုပ္ပန်ခဏသို့ မရောက်။ သွားဆဲခဏ၌ဖြစ်သောရုပ် ထိုသွားဆဲခဏ၌ပင် ချုပ်လေပြီ၊ ထိုင်ဆဲခဏသို့မရောက်။ (စက္ခုဝိညာဏ်စိတ်သည် ထိုဝိညာဏ်ခဏ၌ပင် ချုပ်လေပြီ၊ သမ္ပဋိစ္ဆိုင်းစိတ်ခဏသို့ မရောက်စသည်၊)

ဤသို့ ကုန်းခမ်းခြင်းအနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ် သာရ(အစိုးရမှုသဘော)ရှာမရသော အနက်သဘောကြောင့် အနတ္တပါတကားဟု (ခန္ဓာငါးပါးလုံးကို) သုံးသပ်ရှုပွား ရ၏။

## ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ

ဤသို့ သမ္မသနနည်း(၄)မျိုးတို့ အဖန်တလဲလဲ သုံးသပ်ပွားများဖန်များသော ယောဂီအား··

(၁)**ပစ္စယသမနုပဿနာ**-အကြောင်းနှင့်စပ်၍ သုံးသပ်ပွားများခြင်းနည်းဖြင့်သော်လည်းကောင်း၊

(၂)**ခဏသမနုပဿနာ**-ဥပါဒ်ခဏ၊ဘင်ခဏနှင့်စပ်၍ သုံးသပ်ပွားများခြင်းနည်း ဖြင့်သော်လည်းကောင်း၊

သင်္ခါရတရားတို့၏ ဖြစ်ခြင်း၊ပျက်ခြင်းကို လက်ငင်းဒိဋ္ဌ သိမြင်ခွင့်ရလာမှု ဉာဏ်အမြင်သည် ဖြစ်ပေါ်၏။ ထိုဉာဏ်အမြင်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်၏။

http://www.dhammadownload.com



**ပစ္စယ သမနုပဿနာနည်း၌ အကြောင်းများ**

ရုပ်တို့၏အကြောင်းမှာ- အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ၊
စေတသိက်၏အကြောင်းမှာ-အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ
စိတ်၏အကြောင်းမှာ-အဝိဇ္ဇာ၊တဏှာ၊ကံ၊နာမ်ရုပ်၊

**ကမ္မဋ္ဌာန်းယောဂီ၏ဘေးရန်(၂)မျိုး**

(၁)သမထ၏ဘေးရန်မှာ- နီဝရဏတရားငါးပါး ဖြစ်၏။
(၂)ဝိပဿနာ၏ဘေးရန်မှာ-ညစ်ညူးကြောင်းတရား(၁၀)ပါး ဖြစ်၏။

**ဝိပဿနာညစ်ညူးကြောင်း(၁၀)ပါး**

၁။**ဩဘာသ**-ဝိပဿနာစိတ်အစွမ်းကြောင့် အရောင်အလင်းထွန်းပခြင်း၊
၂။**ပီတိ**-ဝိပဿနာဉာဏ်နှင့်ယှဉ်သော အလွန်ကျေနပ်မှုသဘောပီတိ၊
၃။**ပဿဒ္ဓိ**-ကိုယ်နှင့်စိတ်ငြိမ်းအေးမှု-ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ၊
၄။**အဓိမောက္ခ**-ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်မှုသဒ္ဓါ။
၅။**ပဂ္ဂဟ**-ဝိပဿနာစိတ်ကို နောက်မဆုတ်အောင် အားပေးချီးမြှောက်မှုဝီရိယ၊
၆။**သုခ**-အလွန်ချမ်းမြသော သုခဝေဒနာ။
၇။**ဉာဏ**-ထက်မြက်လျင်မြန်သော ဝိပဿနာဉာဏ်။
၈။**ဥပဋ္ဌာန**-ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိ။
၉။**ဥပေက္ခာ**-အသင့်အားဖြင့်ရှုမှု- တတြမဇ္ဈတ္တုပေက္ခာ၊အာဝဇ္ဇနုပေက္ခာ။
၁၀။**နိကန္တိ**-နှစ်သက်သာယာမှု-သိမ်မွေ့သောတဏှာ။

ထို(၁၀)ပါးတွင် ရှေ့(၉)ပါးသည် အကုသိုလ်တရားမဟုတ်၍ မုချအားဖြင့် ဝိပဿနာအန္တရာယ်ဟု မဆိုရ။ နိကန္တိသည်သာ အကုသိုလ်တရားဖြစ်၍ မုချဝိပဿနာအန္တရာယ်ဖြစ်၏။

**မဂ္ဂါမဂ္ဂ-အမည်ရပုံ**

ဩဘာသစသော (၁၀)ပါးသောတရားတို့သည် တဏှာ၊မာန၊ဒိဋ္ဌိတို့၏တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သောဘေးရန်ဖြစ်၍ မဂ်ဖိုလ်၏လမ်းမှန်မဟုတ်သောကြောင့် လမ်းမှား'အမဂ္ဂ' မည်ပါသည်။

http://www.dhammadownload.com



ထို(၁၀)ပါးမှ လွတ်သော ဝိပဿနာဉာဏ်စဉ်အတိုင်း ဆက်၍ တိုးတက် အားထုတ်မှုသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းမှန်ဖြစ်သောကြောင့် 'မဂ္ဂ' မည်ပါသည်။

ထိုသို့ လမ်းမှန်ဟုတ်သည်၊ မဟုတ်သည်ကို ထင်ရှားစွာ သိမြင်တတ်သော စင်ကြယ်သော ဉာဏ်အမြင်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

## (၆)ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မဂ်သို့ရောက်ကြောင်း စင်ကြယ်သောဉာဏ်အမြင်သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏။ ထိုစင်ကြယ်သော ဉာဏ်အမြင်ဟူသည်မှာ-

၁-ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်မှုပျက်မှုကိုရှုသော ဥဒယဗ္ဗယဉာဏ်။

၂-ရုပ်နာမ်တို့၏ဖြစ်ခြင်းကိုလွတ်၍ ပျက်ခြင်းကိုရှုသော ဘင်ဉာဏ်။

၃-ခြင်္သေ့စသည်တို့ကို ကြောက်စရာအခြင်းအရာရှုသကဲ့သို့ ဘင်၏အစွမ်း ဖြင့်ထင်သောသင်္ခါရတရားတို့ကို ကြောက်မက်ဖွယ်အခြင်းအရာရှုသော ဘယဉာဏ်။

၄-မီးလောင်သောအိမ်ရှင်သည် မီးလောင်အိမ်၌ အပြစ်ကိုရှုသကဲ့သို့ ဘယဉာဏ်ဖြင့် ရှုအပ်သောသင်္ခါရတရားတို့၌ အပြစ်ကို အဖန်တလဲလဲ ရှုတတ်သော အာဒီနဝဉာဏ်။

၅-အပြစ်မြင်ပြီးသောသင်္ခါရတရားတို့၌ ငြီးငွေ့သည်၏အစွမ်းဖြင့်ရှုသော နိဗ္ဗိဒါဉာဏ်။

၆-ငါးစသည်တို့သည် ပိုက်ကွန်မှ လွတ်လိုသကဲ့သို့ တေဘူမကသင်္ခါရ တရားတို့မှ လွတ်ခြင်းငှါအလိုရှိသည်၏အစွမ်းဖြင့် ဖြစ်သော မုဉ္စိတုကမျတာဉာဏ်။

၇-တေဘူမကသင်္ခါရတရားတို့မှ လွတ်ခြင်း၏အကြောင်းကို ပြည့်စုံစေ ခြင်းငှါ မြင်အပ်ပြီးသော အပြစ်ရှိကုန်သောသင်္ခါရတရားတို့၌ သမုဒ္ဒရာရေကို ငုံ့ကြည့် သော ကျီးမကဲ့သို့ အဖန်တလဲလဲ သုံးသပ်သည့်အစွမ်းဖြင့် ဖြစ်သော ပဋိသင်္ခါဉာဏ်။

၈-မယားကို စွန့်ပစ်သောယောကျ်ားသည် ထိုမယားကို လျစ်လျူရှုသကဲ့သို့ အပြစ်မြင် အပ်ပြီးသောသင်္ခါရတရားတို့၌ လျစ်လျူရှုသောအခြင်းအရာဖြင့်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်။

၉-အနိစ္စစသောလက္ခဏာကို ရှုသဖြင့် အောက်၌ဖြစ်သော (၈)ပါးသော ဝိပဿနာဉာဏ်အားလည်းကောင်း၊ အထက်မဂ်ခဏ၌ရအပ်သော ဗောဓိပက္ခိယတရား (၃၇)ပါးတို့အားလည်းကောင်း လျော်စွာဖြစ်သော အနုလောမဉာဏ်။

http://www.dhammadownload.com



ဤဉာဏ်(၉)ပါး အဆင့်ဆင့်ရင့်သန်အောင် အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော လက္ခဏာယာဉ်တင်၍ အဖန်တလဲလဲရှုမြင်အပ်သော ယင်းဝိပဿနာဉာဏ်သည် ယောဂီ၏မဂ်ဟူသော ဉာဏ်အမြင် စင်ကြယ်ခြင်းအကျင့်ဖြစ်သောကြောင့်လည်းကောင်း၊ လက္ခဏာရေး(၃)ပါးကို မျက်မှောက်ထင်ထင် သိမြင်သဖြင့် ဆန့်ကျင်ဘက်ကိလေသာတို့မှ စင်ကြယ်သောကြောင့်လည်းကောင်း ပဋိပဒါ ဉာဏ ဒဿနဝိသုဒ္ဓိမည်ပါသည်။

**လင်္ကာ**။ ဥဒယဉာဏ်၊ တစ်ဖန်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊စခန်းထွင်၍၊ အမြင်လင်းဘိ၊ ထိုးထွင်းသိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

**မှတ်ချက်**။ သမ္မသနဉာဏ်မှအနုလောမဉာဏ်အထိ(၁၀)ပါးကို ဝိပဿနာဉာဏ်(၁၀)ပါးဟု ခေါ်သည်။

## ရင့်သော ဝိပဿနာ

'ဝိပဿနာပရိပါကာနိ' အရ-ရင့်သော ဝိပဿနာဉာဏ်ဟူသည်မှာ သင်္ခါရုပေက္ခာဉာဏ်ကို ဆိုလိုပါသည်။

ဝိပဿနာစိတ်ဟူသည်မှာ-'ဥပစာရသမာဓိဇော' ဟုခေါ်သော မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်(၈)ပါးကို ဆိုလိုသည်။

## ဝုဋ္ဌာနဂါမိနီဝိပဿနာဟူသည်

အနုလောမဉာဏ်နှင့် ဝိပဿနာအထွတ်အထိပ်သို့ရောက်ရှိနေသော သင်္ခါရုပေက္ခာဉာဏ်(၂)ပါးကို 'အပါယ်စသည်မှလည်းကောင်း၊ သင်္ခါရနိမိတ်တို့မှလည်းကောင်း နိုးထ၍'ဝုဋ္ဌာန'မည်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် 'ဝုဋ္ဌာန-ဂါမိနီဝိပဿနာ'ဉာဏ်ဟု ခေါ်သည်။

## ဂေါတြဘူစိတ်ဖြစ်ပုံ

ပရိကံ၊ဥပစာ၊အနုလုံဟူသော အနုလောမဉာဏ်၏နောက်တွင် ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုလျက်၊ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနိုပ်စက်၊ အရိယာအနွယ်သို့ သက်ရောက်စေလျက် ဖြစ်ပေါ်လာပါသည်။

http://www.dhammadownload.com



## ဂေါတြဘုစိတ်၏ဖွင့်ရှင်း

ဂေါတြဘုစိတ်သည် မဂ်၏ရှေ့ပြေးအဖြစ်ဖြင့် နိဗ္ဗာန်ကို ညွှန်ပြတတ်သော ကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူ၍ အာဝဇ္ဇန်းတု ဟုလည်း ခေါ်ကြသည်။

ပုထုဇဉ်ဘဝ၏ အဆုံးသတ်စိတ်ဖြစ်သကဲ့သို့၊ ပုထုဇဉ်နှင့် အရိယာအဖြစ်ကို ခွဲခြားသတ်မှတ်ပေးထားသော နယ်နိမိတ်ခြားမှတ်တိုင် ဖြစ်၏။

## အနုလောမနှင့် ဂေါတြဘု အထူး

အနုလောမဉာဏ်(ပရိကံ၊ဥပစာ၊အနုလုံ)သည် အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော လက္ခဏာသုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

ဂေါတြဘုကား နိဗ္ဗာန်ကို အာရုံပြု၏။

## ဝီထိ(၁)ခုတည်း၌ပင် အာရုံကွဲပြားမှုဖြစ်နိုင်ခြင်း

မဂ္ဂဝီထိ၌ မနောဒွါရာဝဇ္ဇန်းမှစ၍ အနုလုံတိုင်အောင်သော ဝီထိစိတ်များသည် အနိစ္စစသော လက္ခဏာသုံးပါးကို အာရုံပြုကြလျက်၊ ဂေါတြဘုနှင့်၊မဂ်၊ ဖိုလ်တို့

သည်ကား နိဗ္ဗာန်ကို အာရုံပြုကြသောကြောင့် (၁)ဝီထိ၌ အာရုံကွဲပြားမှု ဖြစ်နိုင်ပါသည်။

## သောတာပတ္တိမဂ်စိတ်ဖြစ်ပုံ

ဂေါတြဘုစိတ်၏ အခြားမဲ့၌ သောတာပတ္တိမဂ်စိတ်သည် ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေ(ဆောင်ရွက်)လျက် ဖြစ်ပေါ်လာသည်။

ဥပမာ-ဆီမီးသည် မီးစာကို လောင်ခြင်း၊ အမှောင်ကို ခွင်းခြင်း၊ အလင်းကို ဆောင်ခြင်း၊ ဆီကို ကုန်စေခြင်းဟူသော ကိစ္စလေးပါးကို တစ်ပြိုင်နက်ဆောင်ရွက်သကဲ့သို့ ဖြစ်၏။

ထို့အတူ မဂ်စိတ်တို့သည်လည်း ဒုက္ခသစ္စာကို ပိုင်းခြားသိမှု၊ သမုဒယသစ္စာကို ပယ်မှု၊ နိရောဓသစ္စာကို ဆိုက်ရောက်မှု၊ မဂ္ဂသစ္စာကို ပွားများမှုဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေ(ဆောင်ရွက်)လျက် ဖြစ်ပေါ်လာ၏။

မှတ်ချက်။ မဂ်(၁)ပါး၌ ကိစ္စ(၄)ပါးရှိရာ မဂ်(၄)ပါး၌ ကိစ္စ(၁၆)ချက် ဖြစ်၏။

http://www.dhammadownload.com


## မဂ်စိတ်နောင် ဖိုလ်စိတ်ဖြစ်ပုံ

မဂ်စိတ်ဖြစ်ပြီးသည်၏ အခြားမဲ့၌ မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်သည် (၂)ကြိမ်၊ (၃)ကြိမ် ဆက်၍ ဖြစ်၏။ ထို့နောင် ဘဝင်ကျ၏။

## သောတာပတ္တိမဂ္ဂဝီထိပုံစံ

| သင်္ခါရအာရုံပြု | | နိဗ္ဗာန်အာရုံပြု |
|---|---|---|
| နှ၊ ဒ၊ မ၊ ပ၊ဥ၊နု၊ | ဂေါ | မဂ်၊ဖိုလ်၊ဖိုလ်၊ ဘဝင်။ |
| အနုလောမဉာဏ် | | မဂ်ဉာဏ်၊ဖိုလ်ဉာဏ် |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | | ဉာဏဒဿနဝိသုဒ္ဓိ |
| ပုထုဇဉ်အနွယ်မှ | | အရိယာအနွယ်သို့ |

## (၇)ဉာဏဒဿနဝိသုဒ္ဓိ

သီလဝိသုဒ္ဓိမှ အစပြု၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအထိ (၆)ပါးသော ဝိသုဒ္ဓိအစဉ်ဖြင့် ပွား၍ ရအပ်သော မဂ်ဉာဏ်(၄)ပါးသည်ပင် သစ္စာလေးပါးကို သိလျက် နိဗ္ဗာန်ကို မြင်တတ်သောကြောင့် 'ဉာဏဒဿနဝိသုဒ္ဓိ' မည်၏။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

မဂ္ဂဝီထိကျအပြီး၌ ဘဝင်ကျ၍ ဘဝင်ပြတ်သည်နှင့်၊ (သို့မဟုတ်) ထိုဘဝင်ကို ဖြတ်လျက် မိမိရသည့်မဂ်၊ဖိုလ်စသည်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဖြစ်၏။ ယင်းဝီထိ၌ ပါဝင်ဆင်ခြင်သော မဟာကုသိုလ်၊မဟာကြိယာဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်သော ဉာဏ်ကိုပင် 'ပစ္စဝေက္ခဏာဉာဏ်'ဟု ခေါ်၏။

## ပစ္စဝေက္ခဏာဝီထိ(၁၉)မျိုး

၁။ ရအပ်ပြီးသော မဂ်ကို ဆင်ခြင်သော ဝီထိ
၂။ ရအပ်ပြီးသော ဖိုလ်ကို ဆင်ခြင်သော ဝီထိ
၃။ ရအပ်ပြီးသော နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ
၄။ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သောဝီထိ

http://www.dhammadownload.com



၅။ ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သောဝီထိ

သောတာပန်၊သကဒါဂါမ်၊အနာဂါမ်တို့အား အထက်ပါအတိုင်း (၅)ဝီထိစီ ဖြစ်သော်လည်း ရဟန္တာတို့အား ကြွင်းကျန်သောကိလေသာမရှိရကား (၅)ခုမြောက်ဝီထိ မရပါ။ ထို့ကြောင့် ပစ္စဝေက္ခဏာဝီထိ(၁၉)မျိုး ဖြစ်၏။

## ဝိသုဒ္ဓိ(၇)ပါး ခွဲခြားပုံ

၁။ သီလဝိသုဒ္ဓိနှင့်စိတ္တဝိသုဒ္ဓိတို့သည် အရင်းမူလဖြစ်၍ 'မူလဝိသုဒ္ဓိ' မည်၏။

၂။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိတို့သည် ကိုယ်သဖွယ်ဖြစ်၍ 'သရီရဝိသုဒ္ဓိ' မည်၏။

၃။ ဉာဏဒဿနဝိသုဒ္ဓိသည် ဦးခေါင်းသဖွယ်ဖြစ်၍ 'သီသဝိသုဒ္ဓိ' မည်၏။

## ဝိမောက္ခအကြောင်း

၁။ ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်သောကြောင့် မဂ်၊ဖိုလ်တို့သည် 'ဝိမောက္ခ' မည်၏။

၂။ ဝိမောက္ခသို့ ရောက်ကြောင်းတံခါးသဖွယ်ဖြစ်သောကြောင့် သုညတာ နုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿာ(၃)ပါးတို့သည် 'ဝိမောက္ခမုခ' မည်၏။

### ၁။သုညတာနုပဿနာ

ရုပ်နာမ်ခန္ဓာတို့အား အနတ္တအားဖြင့်ရှုသော အနတ္တာနုပဿနာသည် အတ္တရှိ၏ဟု စွဲလမ်းမှုကို စွန့်လွှတ်နိုင်ခြင်းကြောင့် 'သုညာတာနုပဿနာ' မည်၏။

### ၂။အနိမိတ္တာနုပဿနာ

ရုပ်နာမ်ခန္ဓာတို့အား အနိစ္စအားဖြင့်ရှုသော အနိစ္စာနုပဿနာသည် သညာ၊ စိတ္တ၊ဒိဋ္ဌိအားဖြင့်စွဲသော ဝိပလာသနိမိတ်ကို စွန့်လွှတ်နိုင်ခြင်းကြောင့် 'အနိမိတ္တာ-နုပဿနာ' မည်၏။

### ၃။အပ္ပဏိဟိတာနုပဿနာ

ရုပ်နာမ်ခန္ဓာတို့အားဒုက္ခအားဖြင့်ရှုသော ဒုက္ခာနုပဿနာသည် တောင့်တတတ်

http://www.dhammadownload.com



သော တဏှာကို စွန့်လွှတ်နိုင်ခြင်းကြောင့် အပ္ပဏိဟိတာနုပဿနာ မည်၏။

## အတ္တကင်းအောင် ရှုနည်း

၁။ ပုထုဇဉ်တို့သည် ခန္ဓာကိုယ်တွင်း၌ စီမံချယ်လှယ်ပေးနေသော အတ္တခေါ် အထည်ကိုယ်အနှစ်တစ်မျိုး ရှိ၏ဟု ထင်မှားစွဲလမ်းလေ့ရှိကြသည်။ ထိုအတ္တအစွဲကိုပင် ငါ၊သူ၊ယောကျ်ား၊မိန်းမစသည်ဖြင့် သုံးနှုန်းနေကြသည်။

ခန္ဓာကိုယ်၌ ကြောင်းကျိုးစုံလင်စွာဖြင့် ငါ၊သူ၊ယောကျ်ား၊မိန်းမစသည် မရှိမှု၊ အနတ္တသဘောကို ရှုကြည့်လေသောအခါ ဘာမျှမရှိမှု-သုညတအဖြစ်သာ တွေ့ရ၏။

ထိုသို့ အနတ္တကိုရှုသော ဝိပဿနာဉာဏ်သည်ပင် အတ္တကင်းအောင်၊ သုညတ ဆိုက်အောင်ရှုမှုဖြစ်၍ သုညာနုပဿနာ-ဝိပဿနာဉာဏ် မည်၏။

## နိမိတ်ကင်းအောင် ရှုနည်း

၁။ ပုထုဇဉ်တို့သည် ရုပ်နာမ်အပေါင်းကို အတုံးအခဲ၊ တစ်လုံးတစ်စုထဲ ပုံသဏ္ဌာန်၊ အစိုင်အခဲအနေဖြင့် ထင်မှားနေတတ်ကြသည်။ ထိုသို့ထင်မှားမှု ဝိပလာသ နိမိတ်ကို အနိစ္စာနုပဿနာဖြင့် ပုံသဏ္ဌာန်၊အစိုင်အခဲပြိုကွဲအောင် ရှုလေသောအခါ ယခုဖြစ်၊ယခုပျက်ကိုသာ တွေ့ရ၏။ ပုံသဏ္ဌာန်၊အစိုင်အခဲဖြစ်လောက်အောင် ကြာရှည်စွာ မတည်နိုင်။ ထိုသို့ အနိစ္စကိုရှုသော ဝိပဿနာဉာဏ်သည်ပင် ပုံသဏ္ဌာန်၊ အစိုင်အခဲနိမိတ်ကင်းအောင်ရှုမှုဖြစ်၍ အနိမိတ္တာနုပဿနာ-ဝိပဿနာဉာဏ် မည်၏။

## မဂ်ဖိုလ်တို့၏ အမည်(၃)မျိုး

**(၁)ဝိပဿနာဂမနဝသေန**-မဂ်သို့ရောက်ကြောင်းဝုဋ္ဌာနဂါမိနီဝိပဿနာသည်

၁။ အနတ္တအားဖြင့်ရှု၍ မဂ်ရပါက မဂ်နှင့်ဖိုလ်တို့သည် သုညတဝိမောက္ခ မည်၏။

၂။အနိစ္စအားဖြင့်ရှု၍ မဂ်ရပါက မဂ်နှင့်ဖိုလ်တို့သည် အနိမိတ္တဝိမောက္ခ မည်၏။

၃။ဒုက္ခအားဖြင့်ရှု၍ မဂ်ရပါက မဂ်နှင့်ဖိုလ်တို့သည် အပ္ပဏိဟိတဝိမောက္ခ မည်၏။

**(၂)အာရမ္မဏဝသေန**- မဂ်သို့ရောက်ကြောင်း ဝုဋ္ဌာနဂါမိနီဝိပဿနာသည်

မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် သုညတ၊ အနိမိတ္တ၊အပ္ပဏိဟိတ ဖြစ်သောကြောင့် မဂ်ဖိုလ်တို့သည်လည်း သုညတ၊အနိမိတ္တ၊အပ္ပဏိဟိတ မည်၏။

http://www.dhammadownload.com



(၃)သရသ ဝသေန- မဂ်သို့ရောက်ကြောင်း ဝုဋ္ဌာနဂါမိနီဝိပဿနာသည်- မဂ်ဖိုလ်တို့အာရုံဖြစ်သော နိဗ္ဗာန်သည် သုညတ၊ အနိမိတ္တ၊အပ္ပဏိဟိတ ဖြစ်သောကြောင့် မဂ်ဖိုလ်တို့သည်လည်း သုညတ၊အနိမိတ္တ၊အပ္ပဏိဟိတ မည်၏။

## အရိယာပုဂ္ဂိုလ်များအကြောင်း

### ၁။သောတာပန်

သောတ-အရိယာမဂ်ဟူသော ရေအလျဉ်သို့၊ အာပန္န-ရောက်သူကို၊ သောတာပန္န-သောတာပန်ဟု ခေါ်၏။ (နိဗ္ဗာန်သည် ပင်လယ်၊ အရိယာမဂ်သည် ရေအလျဉ်)

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ၊ဝိစိကိစ္ဆာဟူသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့် အပါယ်(၄)ပါးသို့ ကျရောက်ရခြင်းမှ ထာဝရကင်းလွတ်သဖြင့် ကာမဘုံ၌ အလွန်ဆုံး(၇)ကြိမ်သာ ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်၏။ (ရူပ+အရူပတို့၌ကား(၇)ဘဝထက် ပို၍လည်း နေနိုင်သည်။)

### သောတာပန်(၃)မျိုး

(၁)**ဧကဗီဇသောတာပန်**- ကာမဘုံ၌(၁)ကြိမ်သာ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်သူ။

(၂)**ကောလံကောလသောတာပန်**- ကာမဘုံ၌(၂-၆)ကြိမ် ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်သူ။

(၃)**သတ္တက္ခတ္တုပရမသောတာပန်**- ကာမဘုံ၌(၇)ကြိမ် ပဋိသန္ဓေနေပြီး ရဟန္တာ ဖြစ်သူ။

### သောတာပန်ပယ်သော အကုသိုလ်

သောတာပန်တို့သည် ကိလေသာ(၁၀)ပါးတွင် ဒိဋ္ဌိ၊ဝိစိကိစ္ဆာ(၂)ပါးကိုသာ အကြွင်းမဲ့ပယ်၏။ ဥဒ္ဓစ္စမှတစ်ပါး ကျန်ကိလေသာတို့ကိုကား အပါယ်သို့ရောက်စေသော ကြမ်းသောသတ္တိလောက်ကိုသာ ပယ်နိုင်၏။

ထို့ကြောင့် အကုသိုလ်စိတ်(၁၂)ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါးအားဖြင့် (၅)ပါးသော အကုသိုလ်စိတ်တို့ကို ပယ်သည်။

http://www.dhammadownload.com



၂။သကဒါဂါမိ

သကိံ -တစ်ကြိမ်၊ အာဂါမ-ကာမဘုံသို့ လာရောက်ခြင်းရှိသူကို သကဒါဂါမိ ဟု ခေါ်၏။

သကဒါဂါမိမဂ်ဖြင့် ရာဂ၊ဒေါသတို့ကို ခေါင်းပါးအောင် ပြုနိုင်သောကြောင့် ကာမဘုံသို့ (၁)ကြိမ်သာ ပဋိသန္ဓေတည်နေခြင်းရှိ၏။

၃။အနာဂါမိ

အန-အာဂမ-ကာမဘုံသို့ လုံးဝလာရောက်ခြင်းမရှိတော့သူကို အနာဂါမိဟု ခေါ်၏။

အနာဂါမိမဂ်ဖြင့် ကာမရာဂ၊ဒေါသတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်သောကြောင့် ကာမဘုံသို့ လုံးဝပဋိသန္ဓေတည်နေခြင်း မရှိတော့ပေ။

၄။ရဟန္တာ

ကိလေသာအားလုံးကို အမြစ်ပြတ် ပယ်သတ်နိုင်သဖြင့် လောက၌ မြတ်သော အလှူကို ခံယူထိုက်ခြင်းဂုဏ်နှင့်ပြည့်စုံသူကို ရဟန္တာဟု ခေါ်သည်။

အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးကို အကြွင်းမဲ့ပယ်သတ်နိုင်သောကြောင့် (၃၁)ဘုံလုံး၌ လုံးဝပဋိသန္ဓေတည်နေခြင်း မရှိတော့ပေ။

♦ ♦ ♦

## သမာပတ်အကြောင်း

♦ ♦ ♦

### သမာပတ်(၃)မျိုး

၁။မိမိရရှိပြီးသော ဈာန်တစ်မျိုးမျိုးသို့ ရောက်ရှိဝင်စားနေခြင်းကို 'ဈာန' သမာပတ်ဟု ခေါ်၏။

၂။အရိယာပုဂ္ဂိုလ်တို့သည် မိမိဆိုင်ရာဖိုလ်စိတ်များကို အလိုရှိသလောက် အစဉ်မပြတ်ဖြစ်စေနိုင်မှုကို ဖလသမာပတ်ဟု ခေါ်၏။ (မိမိမရရှိသေးသော ဖိုလ်ကို မဝင်စားနိုင်)

နတ်တို့သည် နတ်စည်းစိမ်ခံစားခြင်း၊ မင်းတို့သည် မင်းစည်းစိမ်ကို ခံစားခြင်း

http://www.dhammadownload.com


ကဲ့သို့၊ အရိယာတို့သည် မျက်မှောက်ကိုယ်ဖြင့် လောကုတ္တရာချမ်းသာကို ခံစားခြင်းငှါ မိမိတို့ရရှိပြီးဖိုလ်တို့ကို ဝင်စားနိုင်ကြသည်။

၃။စိတ်စေတသိက်၊စိတ္တဇရုပ်တို့ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်ရှိနေခြင်းကို နိရောဓသမာပတ်ဟု ခေါ်၏။

နိရောဓသမာပတ်ကို လောကီစျာန်သမာပတ်(၈)ပါး၊(၉)ပါး ရရှိထားကြသော အနာဂါမ်နှင့် ရဟန္တာများသာ ဝင်စားနိုင်ကြသည်။

## နိရောဓသမာပတ်ဝင်စားပုံ

(၁)ရူပါဝစရပထမစျာန်ကို ဦးစွာ ဝင်စားရ၏။

(၂)ထိုစျာန်မှထ၍ ထိုစျာန်တွင်ပါဝင်သော သင်္ခါရတရားတို့ကို ဝိပဿနာရှုရ၏။

(၃)ထိုသို့ ဝင်စားခြင်း၊ဝိပဿနာရှုခြင်းအမှုကို ဒုတိယစျာန်မှ အရူပ-အာကိဉ္စညာယတနစျာန်အထိ အစဉ်အတိုင်း ပြုရ၏။

(၄)ထိုစျာန်မှထ၍ ဝိပဿနာမရှုဘဲ ပုဗ္ဗကိစ္စ(၄)ပါးကို ပြု၏။

(၅)ထို့နောင် နေဝသညာနာသညာယတနစျာန်ကို ဝင်စား၍ ထိုစျာန်ဇော(၂)ကြိမ်စောပြီးသည်၏အဆုံး၌ စိတ်အစဉ်ပြတ်စဲ၏။ စေတသိက်နှင့်စိတ္တဇရုပ်များလည်း မဖြစ်တော့ဘဲ နိရောဓသမာပတ်သို့ ရောက်ရှိလေ၏။

## ပုဗ္ဗကိစ္စ(၄)ပါး

(၁)ကိုယ်နှင့်မစပ်ဘဲ သီးခြားထားအပ်သော ပရိက္ခရာများကို ရန်သူမျိုး(၅)ပါး မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်မှု။

(၂)သံဃာတော် အလိုရှိလတ်သော် သမာပတ်မှ ထရပါလို၏ဟု အဓိဋ္ဌာန်မှု။

(၃)မြတ်စွာဘုရား ခေါ်တော်မူလတ်သော် သမာပတ်မှ ထရပါလို၏ဟု အဓိဋ္ဌာန်မှု။

(၄) (၇)ရက်အတွင်း အသက်တည်ရှိနိုင်ခြင်းရှိ/မရှိကို ကြည့်ခြင်း။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော၊ ရဟန္တာတို့အား အရဟတ္တဖိုလ်ဇော (၁)ကြိမ်စီဖြစ်၍ ဘဝင်ကျ၏။ ဘဝင်နောင် ပစ္စဝေက္ခဏာဉာဏ် ဖြစ်၏။

http://www.dhammadownload.com

[illegible]

[illegible](အာရုံ[illegible]များ)၏[illegible]

ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများ ဖြစ်၏။

ထိုချမ်းသာတို့ကို ရရှိခံစားလိုသူသည် သုံးရေးသာသနာတော်၌ သမထ၊ ဝိပဿနာဟူသော ဘာဝနာ(၂)ပါးကို ပွားများအားထုတ်ရပေမည်။

**တရားအားထုတ်ခြင်းအကျိုး**

သမထဟူသည် ရှေ့၌ပြဆိုခဲ့သော ကမ္မဋ္ဌာန်းနည်း(၄၀)တို့တွင် တစ်ပါးပါးကို စိတ်ဖြင့် ပွားများအားထုတ်ခြင်း ဖြစ်၏။ သမထကို အားထုတ်သဖြင့် အာရုံတစ်ခုတည်း၌ စိတ်တည်ငြိမ်မှုရရှိခြင်းကြောင့် ကိလေသာနီဝရဏတို့သည် ကြာရှည်ငြိမ်းအေးလျက် လကင်းပင် ကိုယ်စိတ်ချမ်းသာခြင်း၊ ဈာန်စွမ်းရည်သတ္တိတို့ တိုးပွားပြည့်စုံလာနိုင်ခြင်း အကျိုးရှိလေသည်။

ဝိပဿနာဟူသည် ရှေ့၌ပြဆိုခဲ့သည် သင်္ခါရတရားတို့၏ အမှန်သဘောကို အမှန်အတိုင်းသိမြင်နိုင်ရန် လက္ခဏာရေးသုံးပါးတင်လျက် ဉာဏ်ဖြင့် ဆင်ခြင်ပွားများ အားထုတ်ရခြင်း ဖြစ်၏။

အထူးမှာ သမထသည် အမှန်တကယ်မရှိသော ပညတ်အာရုံမျိုးကို အာရုံပြု၍ ဝိပဿနာမှာ အမှန်တကယ်ရှိသော ပရမတ်အာရုံမျိုးကို အာရုံပြု၍ ဖြစ်၏။ ဝိပဿနာ ပွားများအားထုတ်လိုသူသည် (၁)ပညတ်အာရုံကို ဖယ်လျက် ပရမတ်အာရုံကို သိမြင်အောင် ပြုရခြင်း၊ (၂)ထိုပရမတ်အာရုံ၌ အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော သဘောလက္ခဏာ(၃)ချက်ကို သိမြင်အောင်ပြုရခြင်းဟူသော အင်္ဂါ(၂)ချက် လိုအပ်ပေ၏။

ဝိပဿနာကို အားထုတ်ခြင်းဖြင့် သင်္ခါရလောက၏ အဖြစ်သဘောအမှန်ကို သိရခြင်းကြောင့် စိတ်တည်ငြိမ်ရင့်ကျက်၍ ကိလေသာနီဝရဏတို့ ကြည်ရှည်ငြိမ်းအေးရုံမျှမက ဉာဏ်ရည်မြင့်မားလျက်ခြင်း၊ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ထိတိုင်အောင် ထိုးထွင်းသိမြင်နိုင်ခြင်း အကျိုးရှိလေသည်။

ကမ္မဋ္ဌာန်ပိုင်းပြီး၏။

အသုံးချအဘိဓမ္မာပြီး၏။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com

## အရှင်ကုဏ္ဍလိယ(ဘုဇင်မိုးဝေ)၏
## ရေးသားထုတ်ဝေပြီးစာအုပ်များ

◆ ◆ ◆

၁။ ဂရုဓမ္မလူ့သီလတရား

၂။ ပဋ္ဌာန်းတရားတော်

၃။ သတိပဋ္ဌာန်နှင့်မဇ္ဈိမပဋိပဒါလက်တွေ့ကျင့်စဉ်

၄။ သာမညဖလသုတ်တရားတော်

၅။ ဓမ္မပဒတရားတော်(ပထမတွဲ)

၆။ ဓမ္မပဒတရားတော်(ဒုတိယတွဲ)

၇။ဓမ္မပဒတရားတော်(တတိယတွဲ)

၈။ မဇ္ဈိမနှလုံးသား

၉။ ဋီကာကျော်မြန်မာပြန်ပို့ချချက်(ပထမဆင့်)

၁၀။ဋီကာကျော်မြန်မာပြန်ပို့ချချက်(ဒုတိယဆင့်)

၁၁။ဋီကာကျော်မြန်မာပြန်ပို့ချချက်(တတိယဆင့်)

၁၂။အဲမေအိုရဲ့မေတ္တာပန်း(ဓမ္မရသပုံပြင်များ)

၁၃။ပန်းနုပ်သားရဲ့နတ်သမီးချော(ဓမ္မရသပုံပြင်များ)

၁၄။ပြင်သစ်ဆရာတော်ဘဝနှင့်သာသနာ

၁၅။အသုံးချအဘိဓမ္မာ(ပထမတွဲ)

၁၆။အသုံးချအဘိဓမ္မာ(ဒုတိယတွဲ)

၁၇။တရားဟောတရားနာအကျိုးများစွာ

မရှိမကောင်းရှိမကောင်း၊ အပါယ်လူ၊ မေတ္တာစစ်ဖြင့်ချစ်ခြင်းဂုဏ်၊ သတိပဋ္ဌာန်ယောဂီဂုဏ်ရည်၊ ဂုဏ်သရေရှိတဲ့လူ၊ အစဉ်အလာတရားစသော ဓမ္မလက်ဆောင်စာအုပ်များနှင့်၊ပါဠိသဒ္ဒါအခြေခံသင်ယူနည်းစသည်များ ဖြစ်သည်။

http://www.dhammadownload.com

သတိပဋ္ဌာန်ကျောင်းတိုက်

ဓမ္မစာပေပြန့်ပွားရေးပညာရေးပဒေသာပင်နှင့်

## အသုံးချအဘိဓမ္မာ(ဒုတိယတွဲ)အလှူရှင်များ

◆ ◆ ◆ ◆ ◆

၁။ဦးသောင်း+ဒေါ်ကြည်ဝင်း(အောင်သောင်းကုမ္ပဏီ) ၂၀၀၀၀ဝိ

၂။ဒေါ်ပတ္တမြားခင်နှင့် မောင်ကြည်သာလင်း မိသားစု၊ ၂၀၀၀၀ဝိ

၃။ဦးငွေဝေ+ဒေါ်စန်းသီတာ၊မိသားစု၊ ၅၀၀၀ဝိ

၄။မအိဖြိုးပိုင်၊ မဝေဖြိုးပိုင်၊မိသားစု၊ ၅၀၀၀ဝိ

၅။ဦးထွန်းအောင်+ဒေါ်ပွင့်သန်း၊သားအောင်ကျော်ဖြိုးမိသားစု၊၅၀၀၀ဝိ

၆။ဗိုလ်ကြီးနီဝင်းထွန်း+ဒေါ်နှင်းသီတာဝေမိသားစု ၅၀၀၀ဝိ

၇။Dr.ဦးသိန်းဟန်+ဒေါ်ကြည်ကြည်စိုး၊သားဦးပြည့်ဖြိုးဟန်၅၀၀၀ဝိ

၈။Dr.ဦးသိန်းဟန်+ဒေါ်ကြည်ကြည်စိုး၊သားဦးကြွယ်စိုးဟန်+
ဒေါ်နီနီခိုင်၊သမီးမြတ်ပိုးသု၊ သားနေဖြိုးကြွယ်၊မိသားစု ၅၀၀၀ဝိ

၉။Dr.ဦးသိန်းဟန်+ဒေါ်ကြည်ကြည်စိုး၊သားနေတိုးဟန် ၅၀၀၀ဝိ

၁၀။Dr.ဦးသိန်းဟန်+ဒေါ်ကြည်ကြည်စိုး၊
Dr.ကျော်ကျော်ဟန်+သမီး ခိုင်ခိုင်စိုးဟန်၊ မိသားစု၊ ၅၀၀၀ဝိ

၁၁။ဦးကျော်မြင့်+ဒေါ်သစ်သစ်မိသားစု ၁၀၀၀ဝိ

၁၂။ဒေါ်တင်ထွေး၊မိသားစု ၁၀၀၀ဝိ

၁၃။ဦးနိုင်မင်း+ဒေါ်ဟိုကြည် သမီး မတင်ဇာနိုင်မင်း၊
မဟေမာနိုင်မင်း မိသားစု ၁၀၀၀ဝိ

၁၄။မသန်းသန်းအေး၊မိသားစု ၅၀၀ဝိ

(၅၀၀ဝိ-နှင့်အထက်အလှူရှင်များကို ဆက်လက်ဖော်ပြပေးပါမည်။)

http://www.dhammadownload.com

# အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)၏

## (ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း)

အရှင်သည် ၁၉၇၅-ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့် မြို့နယ်၊ ရှမ်းရွာ၌ ခမည်းတော်ဦးထွန်းကြွေ+မယ်တော်ဒေါ်ထွေးတင်တို့မှ ဖွားမြင်သည်။ ၁၉၈၈-ခုနှစ်၊(၁၃)နှစ်သားအရွယ်၌ ရှင်သာမဏေဝတ်၍၊ (၁၈)နှစ်အရွယ်တွင် ပထမကြီးတန်းအောင်မြင်ပြီး ရဟန်းဘဝဖြင့် သာသနဓဇဓမ္မာစရိယ၊ သာသနကိုရဓမ္မာစရိယ၊ ဂဏဝါစကပရိယတ္တိဓမ္မာစရိယဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့သည်။

အသက်(၂၁)အရွယ်မှစ၍ ပုသိမ်မြို့၊ မြောင်းမြကျောင်းတိုက်တွင် စာချနာယကတာဝန်ကို (၈)နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီးတွင် သတိပဋ္ဌာန်တရားကို စတင်လေ့လာ အားထုတ်ခဲ့သည်။

၂၀၀၅-ခုနှစ်မှစ၍ ရန်ကုန်မြို့၊ကမ္ဘာအေး၊ ရေကူးမြို့မရိပ်သာကျောင်းတိုက်၌ ကိုယ်တိုင်သတိပဋ္ဌာန်တရားများကို လေ့လာပွားများရင်းဖြင့် နှစ်စဉ်စခန်းဝင် ယောဂီ များအား သတိပဋ္ဌာန်လက်တွေ့ရှုနည်းများကို ဟောညွှန်ပြပေးခဲ့သည်။ ထို့ပြင် ပြင်သစ်ဆရာတော်၏ ဘဝနှင့်သာသနာ အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားပြုစုပြီး စာပေလောကထဲ၌ မဂ္ဂဇင်း၊ဂျာနယ် အရပ်ရပ်တို့တွင် ဓမ္မစာပေများ ရေးသားခဲ့သည်။

၂၀၀၇-ခုနှစ်မှ စ၍ ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ၊ မင်္ဂလာဗျူဟာအသင်းချုပ်နှင့်၊ ရှင်သာမဏေဓမ္မဗိမာန်တို့တွင် လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းများ၊ သတိပဋ္ဌာန်လက်တွေ့ကျင့်စဉ်သင်တန်းများကို ယခုအချိန်အထိ ပို့ချ ဟောပြောပေးနေသည်။

ယခုအခါ အရှင်သည် မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ သတိပဋ္ဌာန်ကျောင်းတိုက်ကြီးအတွင်း၌ အပါတ်စဉ် ဓမ္မစာပေသင်တန်းများပို့ချပေးခြင်း၊ အပါတ်စဉ် ဥပုသ်နေ့တိုင်းတွင် တစ်နေ့တာ သတိပဋ္ဌာန်စခန်း၊ သင်တန်းများ ဟောပြပေးခြင်း၊ ဘာသာရေးစာပေများကို တစိုက်မတ်မတ် ရေးသားခြင်းတို့ဖြင့် သာသနာ့ဟာဝန်ကို စွမ်းအားရှိသည့်အလျောက် ထမ်းဆောင်လျက် ရှိပါသည်။